ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**လောကဓမ္မတာစံကြရာ**

အချို့သောသူတို့သည် ဤလူ့ပြည်တွင် အမိဝမ်းတွင်းပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသောပညာရှိတို့သည် နတ်ပြည်သို့ ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်စံရကုန်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၆)

၁၃၇၈ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၃ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday , 19 October 2016 (၈၇၁၉)



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံး၌ ထိုင်းဘုရင်မင်းမြတ် ဘူမိဘောအဒူရာဒက်၏ နတ်ရွာစံခြင်းအတွက် ဝမ်းနည်းကြောင်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် ထိုင်းဘုရင်မင်းမြတ် နတ်ရွာစံခြင်းအတွက် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး

**ရန်ကုန် အောက်တိုဘာ ၁၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံး၌ ထိုင်းဘုရင်မင်းမြတ် ဘူမိဘောအဒူရာဒက်၏ နတ်ရွာစံခြင်းအတွက် ဝမ်းနည်းကြောင်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

**ကြိုဆို**

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် ထိုင်းနိုင်ငံသံရုံးသို့ ရောက်ရှိရာ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် သံရုံးမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်သမ္မတသည် နံနက် ၁၀ နာရီတွင် ထိုင်းဘုရင်မင်းမြတ် နတ်ရွာစံခြင်းအတွက် ဝမ်းနည်းကြောင်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးနှင့်ဇနီး၊ သံရုံးမှတာဝန်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။ **(သတင်းစဉ်)**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား အိန္ဒိယနိုင်ငံဝန်ကြီးချုပ်က ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆို

**နယူးဒေလီ အောက်တိုဘာ ၁၈**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ယနေ့နံနက် ၉ နာရီတွင် နယူးဒေလီမြို့ရှိ နိုင်ငံတော်သမ္မတ အိမ်တော်ဝင်း Rashtrapati Bhavan ၌ ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုသည်။

ရှေးဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားသို့ ရောက်ရှိလာရာ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာ နာရန်ဒရာမိုဒီက ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား အိန္ဒိယနိုင်ငံဝန်ကြီးချုပ်က ၎င်းနှင့်အတူ ကြိုဆိုကြသူများနှင့် မိတ်ဆက်ပေးပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။ (သတင်းစဉ်)



ကြေးမုံ

## မြင့်မြတ်သော လူ့ဘဝကိုတည်ဆောက်

လူဟူသော သဘောသဘာဝတွင် အကောင်းအဆိုးတို့ဒွန်တွဲနေသည်။ အကောင်းချည်းသက်သက်ဟူသော လူမှာ အမှန်တကယ်ပင် ရှားပါးလိမ့်မည်ထင်သည်။ သူတော်ကောင်း၊ လူကောင်းသူကောင်း၊ အကောင်းအဆိုး ဒွန်တွဲနေသူ၊ အဆိုးချည်းသက်သက်များနေသူဟူ၍ လူလေးမျိုးရှိနိုင်သည်။

ဝိမာန ဝတ္ထု အဋ္ဌကထာတွင် မကောင်းမှုကို အမြဲပြုနေသူ (လူ့ငရဲသား)၊ အိပ်မှု၊ စားမှု၊ ကာမမှုနှင့်သာ အမှတ်မဲ့ အချိန်ကုန်နေသူ (လူ့တိရစ္ဆာန်)၊ သားမယား၊ စီးပွားဥစ္စာ စွဲလမ်းမှုတို့ဖြင့်သာ လောဘကြီးနေသူ (လူ့ပြိတ္တာ)နှင့် သူတော်ကောင်းတရား၊ ကိုယ်ကျင့်တရားရှိသူ (လူမြတ်၊ လူကောင်း)ဟူ၍ လေးမျိုးပြဆိုထားသည်။

ထို့အပြင် တရားတော်၌ လူလေးမျိုးကို ညွှန်းဆိုထားပြန်သည်။ ဉာတပရိညာ-ဉာဏ်ဖြင့် ပိုင်းခြား၍သိမြင်အပ်မှုကို မသိသောသူ(အန္ဓပုထုဇဉ်)၊ ဉာတပရိညာ-ဉာဏ်ဖြင့်ပိုင်းခြား၍ သိမြင်အပ်မှုကို သိသောသူ (ကလျာဏ ပုထုဇဉ်)၊ တီရဏပရိညာ- တရားသဘောပေါက်ဉာဏ်ရောက်ပြီး ဝိပဿနာတရားများကို ပိုင်းခြားသိမြင် ကူးမြောက်ခြင်းအားဖြင့် ရှုမှတ်ပွားများ အားထုတ်နေသောသူ(စူဠသောတာပန်)နှင့် ပဟာနပရိညာ- ပိုင်းခြားသိမြင်စွန့်ပယ်ခြင်းအားဖြင့် ဖြစ်ပျက်များ ဆုံးသွားသောသူ (မဟာသောတာပန်)ဟူ၍ လေးမျိုးရှိသည်။

ဤလောကတွင် ထိုသို့လူလေးမျိုးလေးစား ရှိကြရာ၌ မဟာသောတာပန်၊ စူဠသောတာပန်၊ သူတော်ကောင်းဟူသော လူအမျိုးအစားမှာ နည်းပါးလှပြီး လူမြတ်၊ လူကောင်း၊ ကလျာဏပုထုဇဉ်တို့မှာ ရှိသင့်သလောက် အနည်းမျှရှိကြမည်ဖြစ်သည်။ ရှိသင့်သည်ထက်များ၍ တစ်စတစ်စ အားကောင်းလာသော လူများမှာ လူ့ငရဲသား၊ လူ့တိရစ္ဆာန်၊ လူ့ပြိတ္တာနှင့် အန္ဓပုထုဇဉ်တို့သာ ဖြစ်ပေလိမ့်မည်။

ယင်းနှင့်ပတ်သက်၍ ဂေါတမမြတ်စွာဘုရားရှင်ပွင့်တော်မူခါစက သောတာပန်တည်ခဲ့သော သူငယ်ချင်းနှစ်ဦး ဝေဠုဝန်ကျောင်းတော်တွင် ရဟန်းမပြုမီ ၎င်းတို့၏မူလဆရာ သိဥ္စည်းဆရာကြီးထံ သွားရောက်၍ "လောက၌ ဘုရားစင်စစ် အမှန်ပွင့်ပေါ်နေပါပြီ။ ဘုရားဆိုသည်ကို မျှော်လင့်နေကြသော လူတို့သည် ထိုဘုရားရှင်ထံ သွားရောက်ဖူးမြော်ပူဇော်ကြလိမ့်မည်။ ဆရာကြီးဘဝသည် အချည်းအနှီး အနှစ်သာရမရှိ မဖြစ်ပါစေနှင့်"ဟု အကြိမ်ကြိမ် ဖျောင်းဖျပြောဆိုရာ ဆရာကြီးက "အမောင်တို့ ဆရာကြီးလုပ်ပြီးမှ ငါတပည့်မခံလိုပြီ။ ရှိစေတော့ အမောင်တို့။ လောက၌ လူမိုက်နှင့် ပညာရှိ၊ လူမိုက်သာ များသည်မဟုတ်လော။ ပညာရှိသူများ ပညာရှိ သော ဂေါတမထံ သွားကြလိမ့်မည်။ လူမိုက်များ ငါ့ထံသို့ လာကြလိမ့်မည်"ဟု ပြောဆို၍ သူ၏ကျောင်း၌ပင် နေခဲ့လေသည်။

ထိုစဉ်က ထိုဆရာကြီးတွင် တပည့်ငါးရာရှိသည့်အနက် တပည့် ၂၅၀ ဆရာကြီးနှင့်နေရစ်ခဲ့သည်။ ထိုတရားတော်ကဲ့သို့ပင် မျက်မှောက်ကာလတွင်လည်း ဉာတပရိညာအမြင်ရှိသူ များလှလေသည်။ မြတ်စွာဘုရားရှင်လက်ထက်တွင်ပင် အသိမှား၊ အယူမှားသူများရှိခဲ့ပြီး ယနေ့အချိန်တွင်မူ အန္ဓပုထုဇဉ်များ၊ လူ့အန္ဓများ မည်မျှများပြားမည်ကို မှန်းဆကြည့်နိုင်ပေမည်။

သံသရာဝဋ်ဆင်းရဲအပေါင်းမှ လွတ်ကင်းရာအမှန် မြတ်နိဗ္ဗာန် ကို မရောက်မီစပ်ကြား သူတော်ကောင်းတရားများကို တတ်စွမ်းသမျှ ကျင့်ကြံပွားများ အားထုတ်သင့်လှသည်။ ကမ္ဘာ့လူသားများ မည်သူတို့နှင့်မဆို အကျုံးဝင်လှသော မြတ်စွာဘုရားရှင်ဟောကြားတော်မူသည့် သစ္စာလေးပါး၊ မဂ္ဂင်ရှစ်ပါး အမြတ်ဆုံးတရားကို ပွားများအားထုတ်သင့်ပေသည်။

လူတိုင်းလူတိုင်း ငါးပါးသီလကို အတတ်နိုင်ဆုံး စောင့်ထိန်းသင့်ပေသည်။ သူတော်ကောင်းတရားများ၊ မေတ္တာတရားများ ကိုယ်စီထားကာ သာယာလှပသော လူ့ဘောင်လောကကို ဝိုင်းဝန်းတည်ဆောက်သင့်ပေသည်။ လူဘဝဟူသည် အလွန်ပင် တိုတောင်းလွန်းလှသဖြင့် ရရှိသည့် အချိန်လေးအတွင်းမှာပင် ကာလတန်ဖိုး၊ ဘဝတန်ဖိုးများကို နားလည်ထားသင့်သည်။

လောဘမီး၊ ဒေါသမီး၊ သောကမီး စသည့် လောင်စာမီးများ ငြိမ်းသတ်နိုင်အောင် ကြိုးစားအားထုတ်သင့်ပေသည်။ လောကပါလ တရားလေးပါးဖြစ်သည့် ဗြဟ္မဝိဟာရ ဗြဟ္မစိုရ်တရား လေးပါးနှင့်အညီ လူတိုင်း လူတိုင်း ကျင့်ကြံအားထုတ်ခြင်းဖြင့် လူ့ဘောင်လောကကို တည်ဆောက်စေချင်ပါသည်။ ။

# စုံညီခုံရုံးက ရွေးကောက်ပွဲအယူခံမှုအမှတ် (၁၉)၊ (၂၀)နှင့် (၂၁)တို့အား နိုဝင်ဘာ ၁၇ ရက်တွင် အပြီးသတ်အမိန့်ချမှတ်မည်

**နေပြည်တော် အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးအောင်မျိုးဦး (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)က မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့် (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ) အပေါ် ကန့်ကွက်လွှာတင်သွင်းခဲ့ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လက်ခံခဲ့ပြီး ရွေးကောက်ပွဲခုံအဖွဲ့ဖြင့် ကြားနာစစ်ဆေးစေခဲ့သည်။ ရွေးကောက်ပွဲခုံအဖွဲ့ (၄)က လျှောက်ထားခံရသူ ဦးကျော်မြင့်အား ရွေးကောက်တင်မြှောက်ခြင်းသည် တရားဝင်အတည်ဖြစ်သည်ဟု ဆုံးဖြတ်ပြီးလျှောက်ထားသူ၏ကန့်ကွက်လွှာကို စရိတ်နှင့်တကွ ပယ်ကြောင်း ဆုံးဖြတ်ချက် (အမိန့်) ချမှတ်ခဲ့ခြင်းအပေါ် လျှောက်ထားသူ ဦးအောင်မျိုးဦးက ကျေနပ်မှုမရှိသဖြင့် အယူခံမှုလျှောက်ထားတင်ပြလာရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အယူခံမှု အမှတ် (၁၉/၂၀၁၆)ဖြင့် လက်ခံခဲ့ပြီးဖြစ်သည်။

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၁၀၁ အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်တို့ပါဝင်သည့် စုံညီခုံရုံးရှေ့မှောက်တွင် အယူခံမှုအမှတ် (၁၉/၂၀၁၆) ကို ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၇ ရက် (တနင်္လာနေ့)တွင် နှစ်ဖက်လျှောက်လဲချက်များနှင့် ပြည်ထောင်စု ရှေ့နေချုပ်ရုံးမှ ရုံးတော်သဟာယ၏ ဥပဒေအကြံဉာဏ်ပေးချက်များကို ကြားနာပြီး ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် ယင်းအယူခံမှုအတွက် အပြီးသတ်အမိန့်ချမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးထွန်းထွန်းဝင်း (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)က မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုနိုင် (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ) အပေါ် ကန့်ကွက်လွှာတင်သွင်းခဲ့ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လက်ခံခဲ့ပြီး ရွေးကောက်ပွဲခုံအဖွဲ့ဖြင့် ကြားနာစစ်ဆေးစေခဲ့သည်။ ရွေးကောက်ပွဲခုံအဖွဲ့ (၄) က လျှောက်ထားခံရသူ ဦးကိုကိုနိုင်အား ရွေးကောက်တင်မြှောက်ခြင်းသည် တရားဝင်အတည် ဖြစ်သည်ဟု ဆုံးဖြတ်ပြီး လျှောက်ထားသူ၏ ကန့်ကွက်လွှာကို စရိတ်နှင့်တကွပယ်ကြောင်း ဆုံးဖြတ်ချက် (အမိန့်) ချမှတ်ခဲ့ခြင်းအပေါ် လျှောက်ထားသူ ဦးထွန်းထွန်းဝင်းက ကျေနပ်မှုမရှိသဖြင့် အယူခံမှုလျှောက်ထားတင်ပြလာရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အယူခံမှုအမှတ် (၂၀/၂၀၁၆) ဖြင့် လက်ခံခဲ့ပြီးဖြစ်သည်။

ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၀၁ အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်တို့ပါဝင်သည့် စုံညီခုံရုံးရှေ့မှောက်တွင် အယူခံမှုအမှတ် (၂၀/၂၀၁၆)ကို ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၇ ရက် (တနင်္လာနေ့)တွင် နှစ်ဖက်လျှောက်လဲချက်များနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ရုံးတော်သဟာယ၏ ဥပဒေအကြံဉာဏ်ပေးချက်များကို ကြားနာပြီး ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် ယင်းအယူခံမှုအတွက် အပြီးသတ်အမိန့်ချမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးမြင့်အောင်(ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ) က ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလွင်စိုးမင်း (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)အပေါ် ကန့်ကွက်လွှာတင်သွင်းခဲ့ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လက်ခံခဲ့ပြီး ရွေးကောက်ပွဲခုံအဖွဲ့ဖြင့် ကြားနာစစ်ဆေးစေခဲ့သည်။ ရွေးကောက်ပွဲခုံအဖွဲ့ (၃)က တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးမြင့်အောင်အား အဆိုပါမဲဆန္ဒနယ်၏ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုကြေညာပေးစေရန် စရိတ်နှင့်တကွ ဆုံးဖြတ်ကြောင်း ဆုံးဖြတ်ချက် (အမိန့်) ချမှတ်ခဲ့ခြင်းအပေါ် လျှောက်ထားခံရသူ ဦးလွင်စိုးမင်းက ကျေနပ်မှုမရှိသဖြင့် အယူခံမှုလျှောက်ထားတင်ပြလာရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အယူခံမှုအမှတ် (၂၁/၂၀၁၆)ဖြင့် လက်ခံခဲ့ပြီးဖြစ်သည်။

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၁၀၁ အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်တို့ပါဝင်သည့် စုံညီခုံရုံးရှေ့မှောက်တွင် အယူခံမှုအမှတ် (၂၁/၂၀၁၆)ကို ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၇ ရက် (တနင်္လာနေ့)တွင် နှစ်ဖက်လျှောက်လဲချက်များနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ရုံးတော်သဟာယ၏ ဥပဒေအကြံဉာဏ်ပေးချက်များကို ကြားနာပြီး ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် ယင်းအယူခံမှုအတွက် အပြီးသတ်အမိန့်ချမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**






# ပုဗ္ဗသီရိမြို့နယ် ပေါက်တောကျေးရွာတွင် မြစိမ်းရောင်စီမံကိန်း ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၈**

နေပြည်တော် ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အေးမြင့်သာယာကျေးရွာအုပ်စု ပေါက်တောကျေးရွာ၌ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များ၏ စာရင်းဇယား ဆောင်ရွက်ထားရှိမှုများအား ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်လှဖုန်းခိုင်နှင့် တာဝန်ရှိသူများက ယမန်နေ့နံနက် ၁၀ နာရီတွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ ပေါက်တောကျေးရွာသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မြစိမ်းရောင် ကျေးရွာစီမံကိန်း စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့်ကျေးရွာဖြစ်ပြီးစိုက်ပျိုးရေး ၅၇ ဦး၊ မွေးမြူရေး ၇၉ ဦး၊ ရောင်းဝယ်ရေး ၁၂ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း ခုနစ်ဦး စုစုပေါင်း ၁၅၅ ဦးဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ရွှေရဲရင့်)**


ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဇင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှိုင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror
၁၉၅၇ ခုနှစ် ဇန်နဝါရီ ၁၆ ရက် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန္တလေး ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၅၅၇၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၊ ဖက်စ် ၀၁-၂၀၃၃၅၀

## ပြည်တွင်းရေးရာ

☆ ရှေ့ဖုံးမှ

အတူလိုက်ပါလာသည့် အဖွဲ့ဝင်များနှင့် ပြန်လည်မိတ်ဆက်ပေးသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် သတင်းမီဒီယာများအား တွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အိန္ဒိယနိုင်ငံသမ္မတအိမ်တော်မှ မဟတ္တမဂန္ဓီဗိမာန်သို့ရောက်ရှိပြီး ပန်းခွေချအလေးပြုကာ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် Raj Ghat Samadhi Committee Secretary, Dr. Rajnish Kuma က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား အမှတ်တရစာအုပ်များနှင့် ဂန္ဓီ၏ပုံတူရုပ်တုကို ပေးအပ်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး မစ္စ ဆူရှမာ ဆွာရာ့ရ် တို့သည် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် အိန္ဒိယနိုင်ငံ သမ္မတအိမ်တော် South Drawing Room ၌ တွေ့ဆုံပြီး ခရီးစဉ်အတွင်းဆွေးနွေးမည့် ဘာသာရပ်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စတာ ပရာနာ့ဗ်မူခါဂျီးတို့သည် ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် အိန္ဒိယနိုင်ငံ သမ္မတ အိမ်တော်ဝင်း Rashtrapati Bhavan ၊ Morning Room ၌ တွေ့ဆုံကြသည်။

တွေ့ဆုံစဉ် အိန္ဒိယသမ္မတနိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်း နိုင်ငံထူထောင်ခဲ့သည့် အတွေ့အကြုံများနှင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီထူထောင်လျက်ရှိသည့်အခြေအနေများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စတာ ပရာနာ့ဗ်မူခါဂျီး က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

**(သတင်းစဉ်)**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စတာ ပရာနာ့ဗ်မူခါဂျီးတို့ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် အိန္ဒိယသမ္မတနိုင်ငံရှိ ပြည်တွင်း ပြည်ပသတင်းမီဒီယာ တာဝန်ရှိသူများနှင့် သီးခြားစီတွေ့ဆုံ

**နယူးဒေလီ အောက်တိုဘာ ၁၈**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံး၌ ယနေ့ ဒေသစံတော်ချိန် ညနေ ၃ နာရီ ၄၅ မိနစ်တွင် Times Now သတင်းဌာနမှ အယ်ဒီတာ Mr.Srinjoy Chowdhury နှင့်လည်းကောင်း၊ ညနေ ၄ နာရီခွဲတွင် Hindustan Times သတင်းဌာနမှ Associate Editor , Mr. Zezaul Laskar နှင့်လည်းကောင်း၊ ညနေ ၄ နာရီ ၄၅ မိနစ်တွင် Washington Post သတင်းဌာနမှ Bureau Chief, Ms. Annie Gowanနှင့် လည်းကောင်း သီးခြားစီလက်ခံတွေ့ဆုံသည်။

**ရင်းရင်းနှီးနှီးတွေ့ဆုံ**

ညပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ပြီး သံရုံးနှင့် စစ်သံရုံးဝန်ထမ်းများ၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

**(သတင်းစဉ်)**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား Hindustan Times သတင်းဌာနမှ Associate Editor , Mr. Zezaul Laskar တွေ့ဆုံမေးမြန်းစဉ်။ (သတင်းစဉ်)

# ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများနှင့်ပတ်သက်၍ အခြေအနေအမှန်များကို ပြည်သူများအချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့ပြီး တရုတ်-မြန်မာ နှစ်နိုင်ငံ မီဒီယာကဏ္ဍဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# ရုံးလုပ်ငန်းသုံး အခြေခံကွန်ပျူတာသင်တန်းဖွင့်

**နေပြည်တော် အောက်တိုဘာ ၁၈**

e-Government အထောက်အကူပြု ရုံးလုပ်ငန်းသုံး အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ် (၁/၂၀၁၆) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရှိ မင်္ဂလာခန်းမ၌ကျင်းပရာ နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာမျိုးအောင်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်သင်ယူလျက်ရှိကြောင်း သိရသည်။

**(ဇော်မင်းအောင်)**



# ကျေးလက်ရေပေးရေးလုပ်ငန်းများစစ်ဆေး

**ချောင်းဆုံ အောက်တိုဘာ ၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၅၃ ဒသမ ၄ သန်းဖြင့် မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်း သုတလွင်ပြင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်သည့် ခရိုက်နီးဟုကျေးရွာ၊ တော်ပကောက်ကျေးရွာ၊ ကညော်ကျေးရွာနှင့် မရမ်းကျေးရွာတို့တွင် ရေပိုက်သွယ်တန်းခြင်း၊ ရေစင်တည်ဆောက်ခြင်းလုပ်ငန်းများကို အောက်တိုဘာ ၁၄ ရက်က မြို့နယ်ဦးစီးမှူးနှင့် အရည်အသွေးစစ်ဆေးရေးအဖွဲ့က ကွင်းဆင်းစစ်ဆေးပြီး လာမည့်နှစ်တွင်တိုးချဲ့ဆောင်ရွက်မည့် ရေမီတာသုံးစနစ်ဖြင့် ရေပေးရေးလုပ်ငန်းဆောင်ရွက်နိုင်မည့်အခြေအနေများကို ကျေးရွာမှ တာဝန်ရှိသူများနှင့် ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။ **မောင်သိန်း(ကျေးလက်)**

# ဖိလစ်ပိုင်သမ္မတ ဒူတာတေး၏ ပထမဆုံးပေကျင်းခရီးစဉ်သည် နှစ်နိုင်ငံဆက်ဆံရေးအတွက် ကောင်းမွန်သော ခြေလှမ်းသစ်ဖြစ်

**ပေကျင်း အောက်တိုဘာ ၁၈**

ဖိလစ်ပိုင်သမ္မတ ရိုဒရီဂို ဒူတာတေး၏ တရုတ်နိုင်ငံပေကျင်းမြို့သို့ ချစ်ကြည်ရေးခရီးစဉ်သွားရောက်မှုသည် နှစ်နိုင်ငံဆက်ဆံရေးအတွက် ကောင်းမွန်သော ခြေလှမ်းသစ် စတင်ခြင်းပင်ဖြစ်သည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ဆိုသည်။

ဖိလစ်ပိုင်သမ္မတ ရိုဒရီဂို ဒူတာတေးသည် အောက်တိုဘာ ၁၈ ရက်တွင် တရုတ်နိုင်ငံ ပေကျင်းမြို့သို့ စတင်ရောက်ရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟွာချွန်ယင်းက မီဒီယာများသို့ ပြောကြားခဲ့သည်။

တရုတ်နိုင်ငံအနေဖြင့် ဖိလစ်ပိုင်သမ္မတ၏အလည်အပတ်ခရီးစဉ်ကို သမိုင်းမှတ်တိုင် တစ်ခုအဖြစ် သတ်မှတ်ပါကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဝမ်ရီကဆိုသည်။ ဖိလစ်ပိုင်သမ္မတ ဒူတာတေးသည် ပြီးခဲ့သောဇွန်လတွင် သမ္မတတာဝန် စတင်ထမ်းရွက်ခဲ့သည်။ တရုတ်နိုင်ငံသို့ အလည်အပတ်ခရီးသွားရောက်မှုသည် သူ၏ ပထမဆုံးသော တရုတ်နိုင်ငံခရီးစဉ်ဖြစ်သည်။

ဖိလစ်ပိုင်သမ္မတ ဒူတာတေးက သူ၏ လေးရက်ကြာခရီးစဉ်အတွင်း တရုတ်သမ္မတ ရှီကျင့်ဖျင်အပါအဝင် အခြားထိပ်တန်းခေါင်းဆောင်များအား တွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။ တရုတ်နှင့်ဖိလစ်ပိုင်နိုင်ငံတို့၏ ဆက်ဆံရေးသည် တောင်တရုတ်ပင်လယ် ဒေသအတွင်း နယ်မြေအငြင်းပွားမှုနှင့် ပတ်သက်ပြီး အေးစက်လျက်ရှိသည်။ ဇူလိုင်လတွင် သည်ဟိဂ်မြို့ရှိ ခုံသမာဓိရုံးက အဆိုပါရေပိုင်နက်ကို တရုတ်ပိုင်ဆိုင်သည်ဟူသော အဆိုကိုပယ်ချခဲ့သည်။

ယင်းကဲ့သို့ တရားရုံး၏ ဆုံးဖြတ်ချက်သည် တရုတ်နိုင်ငံနှင့်ဆွေးနွေးညှိနှိုင်းရန် အခြေခံအကြောင်းအရင်းဖြစ်သည်ဟု ဖိလစ်ပိုင်နိုင်ငံဘက်က ရှုမြင်သုံးသပ်ထားသည်။ သို့သော် ထိုသို့တွေ့ဆုံဆွေးနွေးမှုကို တရုတ်နိုင်ငံက ပယ်ချခဲ့ကြောင်းသိရသည်။ **အင်န်အိတ်ချ်ကေ။**





## သြရိဿပြည်နယ်ရှိ ပုဂ္ဂလိကဆေးရုံတစ်ရုံ၌ မီးလောင်မှုဖြစ်ပွား လူ ၁၉ ဦးထက်မနည်းသေဆုံးပြီး အချို့ဒဏ်ရာရရှိ

**ဘူဘန်နက်စဝါး အောက်တိုဘာ ၁၈**

အိန္ဒိယနိုင်ငံအရှေ့ပိုင်း သြရိဿပြည်နယ်တွင် အောက်တိုဘာ ၁၈ ရက်က ပုဂ္ဂလိကပိုင်ဆေးရုံတစ်ရုံ၌ မီးလောင်ကျွမ်းမှုဖြစ်ပွားရာ လူ ၁၉ ဦးထက်မနည်း သေဆုံးကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သြရိဿပြည်နယ် မြို့တော် ဘူဘန်နက်စဝါးမြို့ရှိ ပုဂ္ဂလိကဆေးရုံ အက်စ်ယူအမ်၏ ကျောက်ကပ်ရောဂါ အထူးကုသဆောင်၌ လျှပ်စစ်ခာတ်အား ဝါယာရှော့ခ်ဖြစ်ကာ မီးလောင်ကျွမ်းမှုဖြစ်ပွားရကြောင်း ကနဦးရရှိသော သတင်းများအရ သိရသည်။

ထိုဆေးရုံမီးလောင်ကျွမ်းမှုကြောင့် သေဆုံးသူ ၁၉ ဦးအနက် အသက်အရွယ်ကြီးရင့်သူ အများစုပါဝင်သည်။ ၎င်းတို့သည် မီးခိုးမွန်းကျပ်ကာ သေဆုံးရခြင်းဖြစ်သည်ဟု သြရိဿ ပြည်နယ်ကျန်းမာရေးဌာန ညွှန်ကြားရေးမှူး စီအာရ်နေရက်စ်က ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

အဆိုပါဆေးရုံမှ လူနာပေါင်း ၁၂၀ ကျော်အား အရေးပေါ် လူနာတင်ယာဉ်များဖြင့် တင်ဆောင်ကာ အခြားဆေးရုံများသို့ ပြောင်းရွှေ့ပေးခဲ့ပြီး မီးသတ်သမားများက မီးကို ငြိမ်းသတ်ထိန်းချုပ်နိုင်ခဲ့သည်ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဆေးရုံမီးလောင်ကျွမ်းမှုကြောင့် ထိခိုက်ဒဏ်ရာရသူအချို့မှာ စိုးရိမ်စရာအခြေအနေတွင်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။ ယင်းလူနာများနှင့် ပတ်သက်၍ ၎င်းတို့ အသက်ရှင်သန်ရေးအတွက် မိမိတို့ အကောင်းဆုံးပြုစုကုသပေးနေကြောင်း သြရိဿပြည်နယ် ကျန်းမာရေးနှင့် မိသားစုများသက်သာချောင်ချိရေး ဆောင်ရွက်ရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ် အာရ်တီအဟူဂျာက ပြောကြားသည်။ **ရိုက်တာ။**

## ပြည်တွင်း၌ နျူစွမ်းအင်သုံး ရေငုပ်သင်္ဘောတည်ဆောက်ရေး တောင်ကိုရီးယား စစ်ဘက်က စဉ်းစားသုံးသပ်မည်

**ဆိုးလ် အောက်တိုဘာ ၁၈**

တောင်ကိုရီးယား စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူများသည် ပြည်တွင်း၌ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘော တည်ဆောက်ရေးကိစ္စကို စဉ်းစားသုံးသပ်သွားမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။

မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားခြိမ်းခြောက်မှုဘေးအန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် နိုင်ငံတော်၏ ကာကွယ်ရေးစွမ်းပကားကို မြှင့်တင်နိုင်မည့် နည်းလမ်းများနှင့် ပတ်သက်၍ အစိုးရတာဝန်ရှိသူများနှင့် အာဏာရဆန်နူရီပါတီမှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

တောင်ကိုရီးယားနိုင်ငံ၌ ပြည်တွင်းနည်းပညာကို အသုံးပြု၍ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောများ ထုတ်လုပ်သွားရန် အာဏာရပါတီက အစိုးရတာဝန်ရှိသူများကို အလေး အနက် တိုက်တွန်းခဲ့သည်ဆို၏။

မြောက်ကိုရီးယားနိုင်ငံသည် ရေငုပ်သင်္ဘောတစ်စင်းမှ ပဲ့ထိန်းဒုံးကျည်ပစ်ခတ်မှု ပြုလုပ်ကာ နည်းပညာအဆင့်အတန်း မြင့်မားပုံကို ပြသခဲ့ပြီးနောက် တောင်ကိုရီးယားစစ်ဘက်က ပြည်တွင်းနည်းပညာဖြင့် ရေငုပ်သင်္ဘောထုတ်လုပ်ရေးကိစ္စကို စဉ်းစားသွားမည် ဖြစ်သည်။

သြဂုတ် ၂၄ ရက်က မြောက်ကိုရီးယားနိုင်ငံ၏ အရှေ့ဘက်ကမ်းရိုးတန်းကမ်းလွန်တွင် ရေငုပ်သင်္ဘောတစ်စင်းက ပဲ့ထိန်းဒုံးကျည်တစ်စင်းကို စမ်းသပ်ပစ်ခတ်ခဲ့သည်။ ယင်းဒုံးကျည်သည် ဂျပန်နိုင်ငံဘက်သို့ဦးတည်ကာ အကွာအဝေး ကီလိုမီတာ ၅၀၀ ခန့်အထိ ရောက်ရှိခဲ့သည်။

**ရိုက်တာ။**



## အာဖဂန်အစိုးရနှင့် တာလီဘန်အဖွဲ့ တို့၏ လျှို့ဝှက်ဆွေးနွေးပွဲ ကာတာနိုင်ငံ၌ ပြုလုပ်ခဲ့သည်ဟုဆို

**ကဘူး အောက်တိုဘာ ၁၈**

အာဖဂန်နစ္စတန်အစိုးရအဖွဲ့နှင့် တာလီဘန်အဖွဲ့တို့၏ လျှို့ဝှက်ငြိမ်းချမ်းရေးဆွေးနွေးပွဲကို စက်တင်ဘာလတွင် ပြန်လည်စတင်ခဲ့ကြောင်း၊ နှစ်ဖက်ကိုယ်စားလှယ်များသည် ကာတာနိုင်ငံ၌ နှစ်ကြိမ်တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက အောက်တိုဘာ ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ကာတာနိုင်ငံ၌ ပြုလုပ်သော လျှို့ဝှက်ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ အမေရိကန် အထက်တန်းသံတမန်တစ်ဦး တက်ရောက်ခဲ့ကြောင်း တာလီဘန်အဖွဲ့ တာဝန်ရှိသူတစ်ဦးကို ကိုးကားလျက် ဗြိတိန်နိုင်ငံတွင် ထုတ်ဝေသော ဂါးဒီးယန်သတင်းစာက ရေးသားဖော်ပြသည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ အာဖဂန်တာလီဘန်အဖွဲ့ ထူထောင်သူ မူလာမိုဟာမက် အိုမာ၏ ညီအစ်ကိုတော်စပ်သူ မူလာအဗ္ဗဒူလ်မာနန်းလည်း တက်ရောက်ခဲ့ကြောင်း သတင်းစာတွင် ဖော်ပြသည်။ အိုမာသည် ၂၀၁၃ခုနှစ်တွင် ကွယ်လွန်ခဲ့ပြီးဖြစ်သည်။

လျှို့ဝှက်ငြိမ်းချမ်းရေးဆွေးနွေးပွဲ ကျင်းပခြင်းနှင့်ပတ်သက်၍ အာဖဂန်အစိုးရ တာဝန်ရှိသူများက လောလောဆယ် တုံ့ပြန်ပြောကြားခြင်းမရှိပေ။

အာဖဂန်အစိုးရအဖွဲ့နှင့် တာလီဘန်အဖွဲ့တို့အကြား ငြိမ်းချမ်းရေးဆွေးနွေးနိုင်ရန် ပါကစ္စတန်အစိုးရအဖွဲ့က စီစဉ်ပေးခဲ့သော ယခင် ဆွေးနွေးပွဲများမှာမူ တိုးတက်မှုမရခဲ့ပေ။

ပြီးခဲ့သည့်မေလက ပါကစ္စတန်နိုင်ငံတွင် အမေရိကန်၏ မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်မှုကြောင့် ယခင် တာလီဘန်ခေါင်းဆောင် မူလာအက္ကတားမန်ဆော သေဆုံးခဲ့ရပြီးနောက် ပါကစ္စတန်က ကြားဝင်စေ့စပ်ပေးသော ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာလည်း ပျက်ပြားခဲ့ရသည်။ **ရိုက်တာ။**



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သာဂရစက်မှုနယ်မြေရှိ အကြီးစားစက်ရုံများသို့ သွားရောက်ကြည့်ရှု

**နေပြည်တော် အောက်တိုဘာ ၁၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရေတာရှည်မြို့နယ် သာဂရစက်မှုနယ်မြေရှိ အကြီးစားစက်ရုံများသို့ သွားရောက်ကြည့်ရှုသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် သာဂရစက်မှုနယ်မြေရှိ အမှတ်(၁၄)အကြီးစားစက်ရုံ(သာဂရ)အစည်းအဝေးခန်းမ၌ စက်ရုံမှူးများက စက်ရုံလည်ပတ်ကုန်ထုတ်လုပ်မှုအခြေအနေများအား ရှင်းလင်းတင်ပြသည်။

တင်ပြမှုများအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယခုစက်ရုံများသည် အကြီးစားစက်ပစ္စည်းများပြည်တွင်း၌ ထုတ်လုပ်နိုင်ရေးအတွက် ရည်ရွယ်လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိစက်ရုံများသည် ပြည်ပကုမ္ပဏီများနှင့် စာချုပ်ချုပ်ဆိုပြီး နည်းပညာလွှဲပြောင်း ရယူထုတ်လုပ်ခြင်းဖြစ်၍ စံချိန်စံညွှန်းမီပြီး အရည်အသွေးကောင်းမွန်သည်ကို တွေ့ရှိရကြောင်း၊ ကုန်ထုတ်လုပ်မှုစနစ်များ မှန်ကန်စွာလည်ပတ်နိုင်အောင် ဆက်လက်ကြိုးစား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယင်းသို့ထုတ်လုပ်ရာတွင်လည်း Small Scale, Mediun Scale, Large Scale စသည်ဖြင့် အဆင့်ဆင့်လုပ်ဆောင်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမှတ်(၁၄) အကြီးစားစက်ရုံ(ဘက်စုံသုံးဒီဇယ်အင်ဂျင်ထုတ်လုပ်မှု)၊ အမှတ်(၁၅) အကြီးစားစက်ရုံ(မြေထိုး၊ မြေတူး၊ သယ်ပို့ဝန်ချီ ယန္တရားများထုတ်လုပ်မှု)နှင့် အမှတ် (၂၆) အကြီးစားစက်ရုံ (ဟိုက်ဒရိုတာဘိုင်၊ ဂျင်နရေတာနှင့် ဘွိုင်လာများထုတ်လုပ်မှု) များအတွင်းရှိ လုပ်ငန်းလည်ပတ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(မြဝတီ)



# အကြမ်းဖက်တိုက်ခိုက်ခံရမှုကြောင့် စစ်တွေဆေးရုံတွင် ဆေးကုသမှုခံယူနေသူများအား ထောက်ပံ့ငွေများပေးအပ်

**စစ်တွေ အောက်တိုဘာ ၁၈**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေနှင့် ဇနီးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၉ နာရီက ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်ရှိ နယ်မြေခံရဲတပ်ဖွဲ့ခွဲ၌ တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များနှင့် တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများနှင့်ငွေကျပ် ၂၅ သိန်းကို ပေးအပ်သည်။

ထို့နောက် ဘူးသီးတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများမှ ဝန်ထမ်းများအား တွေ့ဆုံပြီး ထောက်ပံ့ပစ္စည်းနှင့် ထောက်ပံ့ငွေကျပ် ၃၃ သိန်း ၆ သောင်း ပေးအပ်ခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့သည် ဘူးသီးတောင်မှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ မွန်းလွဲ ၁ နာရီတွင် စစ်တွေမြို့သို့ ရောက်ရှိပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများနှင့်တွေ့ဆုံကာ နယ်မြေတည်ငြိမ်အေးချမ်းရေးကိစ္စများ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးနှင့် တာဝန်ရှိသူများသည် အကြမ်းဖက်တိုက်ခိုက်ခံရမှုကြောင့် ဒဏ်ရာများရရှိပြီး စစ်တွေဆေးရုံတွင် ဆေးကုသမှုခံယူနေသည့် ဒုရဲမှူးအောင်ဇော်မြင့်၊ ကျဆုံးသွားသည့် ဒုတပ်ကြပ်ဇော်နိုင်ထွန်း၏ဇနီး မချမ်းအေးစိုးနှင့်အရပ်သား ဦးသိန်းထွန်းအေးတို့အား သွားရောက်ကြည့်ရှုအားပေး



ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ မောင်တောအကြမ်းဖက်တိုက်ခိုက်ခံရမှုဖြစ်စဉ်တွင် ကျဆုံးရဲဘော်၏ မိသားစုဝင်များအား ထောက်ပံ့ကြေးပေးအပ်စဉ်။ (သတင်းစဉ်)

စကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

အလားတူ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေသည် ရခိုင်ပြည်နယ် မောင်တောခရိုင် မောင်တောမြို့နယ် အလယ်သံကျော်ရှိ နယ်မြေခံနယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲသို့ အောက်တိုဘာ ၁၇ ရက် နံနက် ၉ နာရီတွင်ရောက်ရှိခဲ့ပြီး တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားကာ ထောက်ပံ့ပစ္စည်းနှင့် ထောက်ပံ့ငွေကျပ် ၂၅ သိန်းပေးအပ်သည်။

ထို့နောက် မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မောင်တောခရိုင်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားကာ ထောက်ပံ့ပစ္စည်းများနှင့် ထောက်ပံ့ငွေကျပ် ၄၉၆၀၀၀၀ ပေးအပ်သည်။

ထိုသို့တွေ့ဆုံစဉ် နယ်မြေအတွင်း တည်ငြိမ်အေးချမ်းအောင်ဆောင်ရွက်ရာတွင် တပ်မတော်နှင့်အတူ လက်တွဲဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နယ်မြေအတွင်းရှိ တိုင်းရင်းသားများ တည်ငြိမ်အေးချမ်းစွာ နေထိုင်လုပ်ကိုင်နိုင်ရေးအတွက် တရားဥပဒေစိုးမိုးအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် ထိုသို့ဆောင်ရွက်ရာတွင် ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲတရားဥပဒေများ၊ ပြည်ထဲရေးဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မောင်တောမြို့နယ် ပြည်သူ့ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် ဒဏ်ရာရရဲတပ်ဖွဲ့ဝင်များအား ကြည့်ရှုအားပေးခဲ့ပြီး ထောက်ပံ့ငွေကျပ် ၁၂ သိန်းပေးအပ်သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နယ်မြေခံနယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ မေယုခန်းမ၌ တပ်ဖွဲ့ဝင်များ၊ မိသားစုများနှင့် တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းနှင့် ထောက်ပံ့ငွေကျပ် ၂၅ သိန်းပေးအပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မူလတန်းနှင့် အလယ်တန်းအဆင့်စာမေးပွဲဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဖွင့်

**ရန်ကုန် အောက်တိုဘာ ၁၈**

၂၀၁၆-၂၀၁၇ ပညာသင်နှစ် အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့်စာမေးပွဲဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲကို ယမန်နေ့ညနေ ၃ နာရီက ရန်ကုန်တိုင်းဒေသကြီး အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း(စမ်းချောင်း)၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ၂၀၁၅ ခုနှစ် အခြေခံပညာမူလတန်းနှင့် အလယ်တန်းစာမေးပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကြီးမှူးကျင်းပခဲ့ပါကြောင်း၊ ပြည်သူလူထုနှင့် ကျောင်းသားများက ပညာရေးကို အဓိကအလေးထားလျက်ရှိပါကြောင်း၊ ပညာရေးသည် နိုင်ငံတိုင်း၏ဖွံ့ဖြိုးတိုးတက်ရာတွင် အခြေခံအုတ်မြစ်ဖြစ်ပါကြောင်း၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှသာလျှင် တိုးတက်သော နိုင်ငံအဖြစ်သို့ ရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း၊ အမှန်အမှား ခွဲခြားတတ်သော စဉ်းစားတွေးခေါ်နိုင်စွမ်းရှိသည့် ကျောင်းသား ကျောင်းသူများဖြစ်စေရန် လေ့ကျင့်ပြုစုပျိုးထောင်ကြရမည်ဖြစ်ပါကြောင်း၊ အခြေခံပညာ သင်ယူပြီးမြောက်စေရန် နိုင်ငံတိုင်းက ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် အခြေခံပညာကို သင်ယူပြီးမြောက်ပါက မိမိသင်ကြားလိုသော တက္ကသိုလ်များနှင့် သက်မွေးပညာရပ်များကို လေ့လာဆည်းပူးနိုင်မည်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်သည့် ကျောင်းသား ကျောင်းသူများဖြစ်ရန်နှင့် သင်ယူမှုဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်ရန် လိုအပ်ပါကြောင်း၊ မေးခွန်းပြုစုသူများသည် မေးခွန်းများကို လုံခြုံစွာဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ မေးခွန်းများ၏အရည်အသွေးနှင့် မှားယွင်းမှုများမဖြစ်ပေါ်စေရန်



အထူးဂရုပြုဆောင်ရွက်ရမည်ဖြစ်ပြီး တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော ကျောင်းသား ကျောင်းသူများ မွေးထုတ်ပေးနိုင်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အင်္ဂလိပ်စာ အရည်အသွေးမြင့်မားစေရန်နှင့် အရည်အသွေးရှိသော ပညာရေးစနစ်ဖြစ်ပေါ်လာစေရန် မိသားစုစိတ်ဓာတ်ဖြင့် ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၁၈ ရက်မှ ၂၄ ရက်အထိ (၇)ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

# မူးယစ်ဆေးဝါးကင်းမဲ့ဇုန်နယ်မြေဆိုင်းဘုတ်တင်ပွဲ မော်လမြိုင်၌ ကျင်းပ

**မော်လမြိုင် အောက်တိုဘာ ၁၈**

မွန်ပြည်နယ် မော်လမြိုင်ခရိုင်နှင့် မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့တို့ ကြီးမှူးကျင်းပသော မူးယစ်ဆေးဝါးကင်းမဲ့ဇုန်မြေအဖြစ် သတ်မှတ်သည့် မော်လမြိုင်မြို့နယ် ခြောက်မိုင်/ကျွဲခြံကုန်းရပ်ကွက် မြေစိုက်ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၂ ရက် နံနက် ၉ နာရီက ကျွဲခြံကုန်းကျေးရွာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအနီး၌ကျင်းပရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးမင်းမင်းဦး၊ မွန်ပြည်နယ်မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း (MANA) ဥက္ကဋ္ဌ ဦးနေဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

အလားတူ မော်လမြိုင်မြို့နယ် ကတိုးကျေးရွာ ကတိုးတိုက်နယ်ဆေးရုံရှေ့တွင် ကတိုးကျေးရွာအား မူးယစ်ဆေးဝါးကင်းမဲ့ဇုန်အဖြစ် သတ်မှတ်သည့်ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၂ ရက် နံနက် ၁၀ နာရီက ကျင်းပရာ ပအိုဝ်းတိုင်းရင်းသားရေးရာဝန်ကြီး ဒေါ်စံဝင့်ခိုင်၊ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးကိုယ်စား ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သောင်းဝင်း၊ ကတိုးကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

**(မြို့နယ်ရဲတပ်ဖွဲ့)**

**မူးယစ်ကင်းစင် အောင်ပွဲဆင်**

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေပြဋ္ဌာန်း

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ**
**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၀။)**
**၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်**
**( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက် )**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **နိုင်ငံတော်သမ္မတ** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်သမ္မတကို ဆိုသည်။

(ဂ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကို ဆိုသည်။

(င) **ကော်မရှင်** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို ဆိုသည်။

(စ) **အဖွဲ့ဝင်** ဆိုသည်မှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့အပါအဝင် အဖွဲ့ဝင်တစ်ဦးဦးကို ဆိုသည်။

(ဆ) **ကော်မရှင်ရုံး** ဆိုသည်မှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနရုံးကို ဆိုသည်။

(ဇ) **အတွင်းရေးမှူး** ဆိုသည်မှာ ကော်မရှင်ရုံး၏ ရုံးလုပ်ငန်းတာဝန်များကို တာဝန်ခံဆောင်ရွက်မည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အတွင်းရေးမှူးကို ဆိုသည်။

(ဈ) **အဆိုပြုချက်** ဆိုသည်မှာ ရင်းနှီးမြှုပ်နှံလိုသူက ပုဒ်မ ၃၆ တွင် ဖော်ပြထားသည့် လုပ်ငန်းများ၌ လုပ်ကိုင်လိုသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအတွက် ကော်မရှင်၏ ခွင့်ပြုမိန့်ရရှိရန် သတ်မှတ်သည့်ပုံစံဖြင့် လိုအပ်သည့်စာချုပ်၊ စာရွက်စာတမ်း အထောက်အထားများပူးတွဲကာ တင်ပြသောလျှောက်လွှာကို ဆိုသည်။

(ည) **ခွင့်ပြုမိန့်** ဆိုသည်မှာ ရင်းနှီးမြှုပ်နှံလိုသူက ရင်းနှီးမြှုပ်နှံရန် တင်ပြလာသော အဆိုပြုချက်နှင့်စပ်လျဉ်း၍ ကော်မရှင်၏ သဘောတူခွင့်ပြုချက်ကို ဖော်ပြသည့်အမိန့်ကို ဆိုသည်။

(ဋ) **အတည်ပြုလျှောက်ထားလွှာ** ဆိုသည်မှာ ရင်းနှီးမြှုပ်နှံလိုသူက အခန်း (၁၂) မြေအသုံးပြုခွင့်နှင့် အခန်း (၁၈) ပုဒ်မ ၇၅၊ ၇၇ နှင့် ၇၈ ပါ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ ခံစားနိုင်ရန် အလို့ငှာ ကော်မရှင်၏အတည်ပြုမိန့်ရရှိရန် သတ်မှတ်သည့်ပုံစံဖြင့် လိုအပ်သည့် အထောက်အထားများ ပူးတွဲကာ တင်ပြသော လျှောက်လွှာကို ဆိုသည်။

(ဌ) **အတည်ပြုမိန့်** ဆိုသည်မှာ ရင်းနှီးမြှုပ်နှံလိုသူက တင်ပြလာသော အတည်ပြုလျှောက်ထားလွှာနှင့်စပ်လျဉ်း၍ ကော်မရှင်၏ အတည်ပြုချက်ကို ဖော်ပြသည့်အမိန့်ကို ဆိုသည်။

(ဍ) **နိုင်ငံသား** ဆိုသည်မှာ ဤဥပဒေအလို့ငှာ နိုင်ငံသား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် နိုင်ငံသားများဖြင့်သာ ပါဝင်ဖွဲ့စည်းထားသော စီးပွားရေးအဖွဲ့အစည်းလည်း ပါဝင်သည်။

(ဎ) **မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူ** ဆိုသည်မှာ နိုင်ငံတော်အတွင်း ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် နိုင်ငံသားကို ဆိုသည်။ ယင်းစကားရပ်တွင် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေနှင့်အညီ ဖွဲ့စည်းတည်ထောင်မှတ်ပုံတင်ထားသည့် မြန်မာကုမ္ပဏီ၊ ရုံးခွဲများနှင့် အခြားစီးပွားရေးအဖွဲ့အစည်းများလည်း ပါဝင်သည်။

(ဏ) **နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူ** ဆိုသည်မှာ နိုင်ငံတော်အတွင်း ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သည့် နိုင်ငံသားမဟုတ်သူကို ဆိုသည်။ ယင်းစကားရပ်တွင် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေနှင့်အညီ ဖွဲ့စည်းတည်ထောင် မှတ်ပုံတင်ထားသည့် နိုင်ငံခြားကုမ္ပဏီ၊ ရုံးခွဲ၊ အခြားစီးပွားရေးအဖွဲ့အစည်းများနှင့် ပြည်ပနိုင်ငံတစ်နိုင်ငံမှ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ ဖွဲ့စည်းထားသော စီးပွားရေးအဖွဲ့အစည်းများလည်း ပါဝင်သည်။

(တ) **ရင်းနှီးမြှုပ်နှံသူ** ဆိုသည်မှာ နိုင်ငံတော်အတွင်း ရင်းနှီးမြှုပ်နှံမှုကို ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူ သို့မဟုတ် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူကို ဆိုသည်။

(ထ) **ရင်းနှီးမြှုပ်နှံမှု** ဆိုသည်မှာ ရင်းနှီးမြှုပ်နှံသူက ဤဥပဒေနှင့်အညီ ပိုင်ဆိုင်သည့် သို့မဟုတ် ထိန်းချုပ်သည့်ပစ္စည်းများကို ဆိုသည်။ ယင်းစကားရပ်တွင် ပုဒ်မ ၄၀ ပါ ရင်းနှီးမြှုပ်နှံမှုများလည်း အပါအဝင် ဖြစ်သည်။

(ဒ) **တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု** ဆိုသည်မှာ နိုင်ငံတော်အတွင်း ရင်းနှီးမြှုပ်နှံသူက ဥပဒေနှင့်အညီ လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံထားသည့် ပိုင်ဆိုင်ပစ္စည်းအပေါ် ထိန်းချုပ်ခွင့် သို့မဟုတ် လွှမ်းမိုးခွင့်နှင့် လုပ်ငန်းစီမံခန့်ခွဲခွင့်တို့ရှိသည့် ရင်းနှီးမြှုပ်နှံမှုကို ဆိုသည်။

(ဓ) **နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု** ဆိုသည်မှာ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူက နိုင်ငံတော်အတွင်း ပြုလုပ်သည့် တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ဆိုသည်။

(န) **စီးပွားရေးအဖွဲ့အစည်း** ဆိုသည်မှာ-

(၁) တည်ဆဲဥပဒေများနှင့်အညီ စီးပွားရေးလုပ်ငန်းဆောင်ရွက်ရန် ဖွဲ့စည်းတည်ထောင်ထားသည့် သို့မဟုတ် မှတ်ပုံတင်ထားသည့် ကုမ္ပဏီ၊ ရန်ပုံငွေအဖွဲ့၊ အစုစပ်၊ တစ်ဦးတည်းပိုင်၊ ဖက်စပ်၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့ သို့မဟုတ် အလားတူအဖွဲ့အစည်းများအပါအဝင် တရားဝင်စီးပွားရေးအဖွဲ့အစည်းများကို ဆိုသည်။

(၂) တည်ဆဲဥပဒေများနှင့်အညီ ဖွဲ့စည်းတည်ထောင်ထားသည့် အဆိုပါ တရားဝင်စီးပွားရေးအဖွဲ့အစည်း၏ ရုံးခွဲတစ်ခုကို ဆိုသည်။

(ပ) **လွတ်လပ်စွာ အသုံးပြုနိုင်သည့်ငွေကြေး** ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund- IMF) ၏ သဘောတူညီချက်စာချုပ် အပိုဒ် ၃၀ (စ) နှင့် ၎င်းကိုပြင်ဆင်သော ပြင်ဆင်ချက်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် အပြည်ပြည်ဆိုင်ရာ ငွေပေးချေမှုများအတွက် လွှဲပြောင်းပေးခြင်းများနှင့် အဓိကနိုင်ငံခြားငွေကြေးဈေးကွက်များတွင် ကျယ်ကျယ်ပြန့်ပြန့် ရောင်းဝယ်ခြင်း ပြုလုပ်နိုင်ပြီး အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ သုံးစွဲလျက်ရှိသောငွေကြေးကို ဆိုသည်။

(ဖ) **ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များ** ဆိုသည်မှာ ရင်းနှီးမြှုပ်နှံသူက ကော်မရှင်၏ ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ရရှိထားသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် ဤဥပဒေပါပြဋ္ဌာန်းချက်နှင့်အညီ ရင်းနှီးမြှုပ်နှံသူ၏ လျှောက်ထားမှုအပေါ် ကော်မရှင်က စိစစ်ခွင့်ပြုနိုင်သည့် ဝင်ငွေခွန်၊ အကောက်ခွန်နှင့် အခြားပြည်တွင်းအခွန်အကောက်များ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ဆိုသည်။

(ဗ) **ဆောင်ရွက်ချက်များ** ဆိုသည်မှာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများကဖြစ်စေ၊ ယင်းတို့က အခွင့်အာဏာအပ်နှင်းထားသည့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများကဖြစ်စေ ချမှတ်ထားသော သို့မဟုတ် အကောင်အထည်ဖော် ဆောင်ရွက်နေသော ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ ဆုံးဖြတ်ချက်များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ လုပ်ဆောင်ချက်များ စသည်တို့ကို ဆိုသည်။

**အခန်း(၂)**
**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားအလို့ငှာ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေသည့် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊

(ခ) ရင်းနှီးမြှုပ်နှံသူများနှင့် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဥပဒေနှင့်အညီ အကာအကွယ်ပေးရန်၊

(ဂ) ပြည်သူတို့အတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ပေါက်လာစေရန်၊

(ဃ) လူသားအရင်းအမြစ် ဖွံ့ဖြိုးလာစေရန်၊

(င) စွမ်းဆောင်ရည်မြင့်မားသည့် ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှု ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန်၊

(စ) နည်းပညာ ဖွံ့ဖြိုးတိုးတက်စေရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဆ) နိုင်ငံတစ်ဝန်းလုံးတွင် အခြေခံအဆောက်အအုံများ အပါအဝင် ပညာရပ်နယ်ပယ်အသီးသီးတို့၌ ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဇ) နိုင်ငံသားများအနေဖြင့် နိုင်ငံတကာအသိုက်အဝန်းနှင့် ယှဉ်တွဲလုပ်ကိုင် ဆောင်ရွက်နိုင်စေရန်၊

(ဈ) နိုင်ငံတကာစံနှုန်းနှင့်ညီသော စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပေါ်ထွန်းလာစေရန်။

**အခန်း(၃)**
**ဥပဒေ၏အကျုံးဝင်မှုနယ်ပယ်**

၄။ ဤဥပဒေသည် နိုင်ငံတော်အတွင်း စတင်အာဏာတည်သည့်နေ့တွင် လုပ်ငန်းလည်ပတ် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် သို့မဟုတ် ဤဥပဒေအာဏာတည်ပြီးနောက် အသစ်ဖွဲ့စည်းတည်ထောင်လုပ်ကိုင်မည့် ရင်းနှီးမြှုပ်နှံမှုအားလုံးနှင့် အကျုံးဝင်သက်ဆိုင်စေရမည်။ သို့ရာတွင် ဤဥပဒေအာဏာမတည်မီက ဖြစ်ပွားလျက်ရှိသည့် တည်ဆဲရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အငြင်းပွားမှုများ သို့မဟုတ် ဤဥပဒေအာဏာမတည်မီက ခွင့်ပြုမိန့်ရရှိပြီး လုပ်ငန်းလုပ်ဆောင်မှုရပ်ဆိုင်းထားသည့် ရင်းနှီးမြှုပ်နှံမှုများသည် ဤဥပဒေနှင့် အကျုံးဝင်သက်ဆိုင်မှု မရှိစေရ။

၅။ ဤဥပဒေ၏ အခန်း (၂၁) ခြွင်းချက်ပြုရမည့် အချက်များ၊ အခန်း (၂၂) လုံခြုံရေးဆိုင်ရာ ကင်းလွတ်ခွင့်များမှအပ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆောင်ရွက်ချက်များသည် ဤဥပဒေနှင့် သက်ဆိုင်စေရမည်။

**အခန်း(၄)**
**ကော်မရှင်ဖွဲ့စည်းခြင်း**

၆။ ကော်မရှင်ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(က) နိုင်ငံတော်သမ္မတက အစိုးရအဖွဲ့ဝင်များထဲမှ သင့်လျော်သည့် ပုဂ္ဂိုလ်တစ်ဦး ရွေးချယ်အဆိုပြု၍ အစိုးရအဖွဲ့က ခန့်အပ်တာဝန်ပေးမည့် ဥက္ကဋ္ဌတစ်ဦး၊

(ခ) အစိုးရအဖွဲ့က ခန့်အပ်တာဝန်ပေးမည့် ဒုတိယဥက္ကဋ္ဌတစ်ဦး၊

(ဂ) အဖွဲ့ဝင်များအဖြစ် အစိုးရအဖွဲ့က ခန့်အပ်တာဝန်ပေးမည့် သင့်လျော်သော ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ပုဂ္ဂလိကကဏ္ဍမှ ကျွမ်းကျင်သူများ၊ ပညာရှင်များ၊ ဂုဏ်သိက္ခာသမာဓိနှင့် ပြည့်စုံသည့် သင့်လျော်သော ပုဂ္ဂိုလ်များ၊

(ဃ) ရာထူးအလျောက် ကော်မရှင်ရုံး အကြီးအမှူးဖြစ်သည့် အတွင်းရေးမှူးတစ်ဦး။

၇။ အစိုးရအဖွဲ့သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်နှင့်အညီ အတွင်းရေးမှူးအပါအဝင် အဖွဲ့ဝင်အနည်းဆုံး ကိုးဦးနှင့် အထက် “မ” ဂဏန်း အရေအတွက်ဖြင့် ဖွဲ့စည်းတည်ထောင်ရမည်။

၈။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်များသည် ဝန်ကြီးဌာနမှ ခွင့်ပြုသောချီးမြှင့်ငွေနှင့် စရိတ်ကို ခံစားခွင့်ရှိစေရမည်။

၉။ အတွင်းရေးမှူးမှတစ်ပါး ကော်မရှင်အဖွဲ့ဝင်များ၏ ရာထူးသက်တမ်းသည် အစိုးရအဖွဲ့၏ သက်တမ်းနှင့်အညီဖြစ်သည်။ အတွင်းရေးမှူးသည် နိုင်ငံ့ဝန်ထမ်းဖြစ်သည်နှင့်အညီ နိုင်ငံ့ဝန်ထမ်း ဥပဒေအတိုင်း လိုက်နာဆောင်ရွက်ရမည်။

၁၀။ ကော်မရှင်အဖွဲ့ဝင်များသည် တစ်ဆက်တည်း ရာထူးသက်တမ်းနှစ်ကြိမ်ထက် ပိုမိုတာဝန်ထမ်းဆောင်ခြင်း မရှိစေရ။

၁၁။ အစိုးရအဖွဲ့သည် အစိုးရတာဝန်ယူသည့်နေ့မှစ၍ နှစ်လအတွင်း ကော်မရှင်အား အသစ်ပြန်လည်ဖွဲ့စည်းရမည်။

၁၂။ ကော်မရှင်ရုံးအကြီးအမှူးသည် ကော်မရှင်၏ အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ရမည့်အပြင် ကော်မရှင်ကသတ်မှတ်ပေးထားသောအခြား လုပ်ငန်းတာဝန်များကိုလည်း ထမ်းဆောင်ရမည်။

၁၃။ ကော်မရှင်ဥက္ကဋ္ဌသည် ကော်မရှင်၏ လုပ်ငန်းတာဝန်များအနက် သီးခြားသတ်မှတ်ပေးသော လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကိုစာဖြင့်ရေးသား၍ ကော်မရှင်ရုံးအရာထမ်းတစ်ဦးဦးအား တာဝန်ပေးအပ်နိုင်သည်။ ယင်းသို့ တာဝန်ပေးအပ်ရာတွင် တာဝန်ပေးအပ်ခြင်းခံရသူသည် တာဝန်ပေးအပ်သည့် စာတွင် ဖော်ပြထားသော လုပ်ငန်းတာဝန်ကိုသာ ဆောင်ရွက်ရမည်။ အဆိုပါ လွှဲအပ်သည့်စာအား မည်သည့်အချိန်တွင်မဆို စာဖြင့်ပြန်လည်ရုပ်သိမ်းနိုင်သည်။

**အခန်း(၅)**
**ကော်မရှင်မှ နုတ်ထွက်ခြင်း၊ ရပ်စဲခြင်းနှင့် လစ်လပ်နေရာ ဖြည့်စွက်ခန့်ထားခြင်း**

၁၄။ ကော်မရှင်ဥက္ကဋ္ဌသည် တာဝန်ထမ်းဆောင်နေစဉ် မိမိသဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်လိုလျှင် ထိုသို့နုတ်ထွက်လိုကြောင်းကို နိုင်ငံတော်သမ္မတ၏ အတည်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ထံ စာဖြင့်တင်ပြပြီး ရာထူးမှနုတ်ထွက်နိုင်သည်။

၁၅။ ကော်မရှင်ဥက္ကဋ္ဌမှအပ ကျန်ကော်မရှင်အဖွဲ့ဝင်များ နုတ်ထွက်လိုပါက ကော်မရှင်ဥက္ကဋ္ဌမှ တစ်ဆင့် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရာထူးမှ နုတ်ထွက်နိုင်သည်။

၁၆။ အစိုးရအဖွဲ့သည် ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးအား အောက်ပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်ပါက တာဝန်မှရပ်စဲနိုင်သည်-

(က) ဥပဒေအရသတ်မှတ်သော ဆေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အရ တာဝန်ကိုဆက်လက် ထမ်းဆောင်နိုင်စွမ်း မရှိတော့သည်အထိ ကျန်းမာရေးချို့ယွင်းခြင်း၊

(ခ) ကွယ်လွန်ခြင်း၊

(ဂ) တရားရုံးတစ်ခုခုက ပြစ်မှုကြောင်းအရ ပြစ်ဒဏ်ချမှတ်ခံရခြင်း၊

(ဃ) တရားရုံးတစ်ခုခုက လူမွဲအဖြစ်ကြေညာခံရခြင်း၊

(င) မိမိအားပေးအပ်ထားသော တာဝန်များကို ကျေပွန်စွာ မဆောင်ရွက်နိုင်ခြင်း။

၁၇။ အစိုးရအဖွဲ့သည်-

(က) ရာထူးမှ နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှ ရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်စုံတစ်ရာကြောင့်ဖြစ်စေ ကော်မရှင်အဖွဲ့ဝင် နေရာလစ်လပ်လျှင် ဤဥပဒေနှင့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်တို့နှင့်အညီ အဖွဲ့ဝင်အသစ် ဖြည့်စွက်ခန့်ထားရမည်။

(ခ) လစ်လပ်သောရာထူးသည် ကော်မရှင်ဥက္ကဋ္ဌရာထူးနေရာဖြစ်ပါက အသစ်ဖြည့်စွက်ခန့်ထားခြင်း မပြုနိုင်မီအတွင်း ဒုတိယဥက္ကဋ္ဌကိုဖြစ်စေ၊ ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ ဥက္ကဋ္ဌ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန်အတွက် ယာယီတာဝန်ပေးခန့်အပ်နိုင်သည်။

၁၈။ ရာထူးမှနုတ်ထွက်ခြင်း သို့မဟုတ် တာဝန်မှရပ်စဲခံရခြင်းမှတစ်ပါး လက်ရှိတာဝန် ထမ်းဆောင်နေသော ကော်မရှင်အဖွဲ့ဝင်များသည် ကော်မရှင်အဖွဲ့ဝင် အသစ်ခန့်အပ်ပြီးသည့်အချိန်အထိ မိမိ၏လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်။

၁၉။ ပုဒ်မ ၉ ပါ ရာထူးသက်တမ်းနှင့် စပ်လျဉ်း၍ မည်သို့ပင်ပါရှိစေကာမူ လစ်လပ်ရာထူးတွင် ပုဒ်မ ၁၇ အရ ဖြည့်စွက်ခန့်ထားခြင်းခံရသည့် ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ ရာထူးသက်တမ်းသည် ၎င်းအစားထိုးသည့် ကော်မရှင်အဖွဲ့ဝင်၏ ကျန်ရှိသည့်သက်တမ်းအတွက်သာ ဖြစ်ရမည်။

၂၀။ အတွင်းရေးမှူးသည် ကော်မရှင်၏ နေ့စဉ်လုပ်ငန်းတာဝန်များနှင့် ကော်မရှင်၏ ကိစ္စအဝဝနှင့်သက်ဆိုင်သည့် အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး လုပ်ငန်းများကို ဆောင်ရွက်ရန်တာဝန်ရှိသည်။

**ဆက်လက်ဖော်ပြပါမည်။**

## ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ဖက်ဒရယ်ဒီမိုကရေစီ ပြည်သူ့လူ့အဖွဲ့အစည်းတွေ ညီမျှဖြစ်ထွန်းလာကြစေဖို့

## ဒေါက်တာစိန်မြင့်

ပြည်ထောင်စုစနစ်လို့လက်ခံထားတဲ့ ဖက်ဒရယ်စနစ်၊ လူတစ်ဦးချင်း အခွင့်အရေးအပေါ် ကာကွယ်ပေးထားမှုနဲ့ ပြည်သူ့လူ့အဖွဲ့အစည်းအယူအဆ သဘောတရားတို့ဆိုတဲ့ သုံးချက်ကို အခြေခံပြီး ခေတ်သစ်ဒီမိုကရေစီဝါဒကို ဒီကနေ့ကမ္ဘာ့နိုင်ငံတချို့မှာ ဖော်ဆောင်နေကြတယ်။ ကမ္ဘာ့ဒီမိုကရေစီနိုင်ငံကြီးတွေထဲက အမေရိကန်နိုင်ငံ နိုင်ငံရေးစနစ်နဲ့ ပြင်သစ်နိုင်ငံတော်လှန်ရေးလို့ဆိုခဲ့ကြတဲ့ ပြင်သစ်နိုင်ငံ အသွင်သစ်ပြောင်းလဲတဲ့အခါတုန်းက လူ့အဖွဲ့အစည်းပုံစံပြောင်းလဲမှုဟာ တစ်နိုင်ငံနဲ့တစ်နိုင်ငံ လုံးဝမတူပါဘူး။ ကွာခြားကြပါတယ်။ ဒါပေမယ့် ဖော်ပြထားတဲ့ အခြေခံသုံးချက်ကတော့ တူညီနေကြတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေနဲ့ အုပ်ချုပ်မှုအာဏာကို ခွဲဝေယူထားတာကလည်း ဖက်ဒရယ်ပြည်ထောင်စုစနစ်လို့ အကြမ်းဖျင်းနားလည်လို့ရပါတယ်။ ဖက်ဒရယ်ရဲ့ မူလစကားလုံးကတော့ လက်တင်ဘာသာစကား "ဖိုဒပ်" (Foedus) လို့ သိရပါတယ်။

အလွယ်နားလည်ဖို့ဆိုရင် စုပေါင်းကတိကဝတ်ပြုဆောင်ရွက်ကြတယ်လို့ဆိုရမှာပါ။ ဖက်ဒရယ်ဒီမိုကရေစီရဲ့ နိုင်ငံရေးအယူအဆ သဘောတရားကတော့ ဗဟိုချုပ်ကိုင်မှုမရှိဘဲ အာဏာကိုခွဲဝေယူရတဲ့ ဒီမိုကရေစီနည်းလမ်းလုပ်ဆောင်မှုမှာ စဉ်းစားချင့်ချိန်ပြီး ဆွေးနွေးဆုံးဖြတ်မှုနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အုပ်ချုပ်ရေးဝင် ပြည်ထောင်စုပြည်နယ်ဒေသတွေမှာ ဖက်ဒရယ်စနစ်ကို လက်ကိုင်ကျင့်သုံးတာပါပဲ။ နိုင်ငံအုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးတွေနဲ့ ပတ်သက်ပြီး ထုတ်ပြန်ချက်တွေအားလုံးကို အများစုဖြစ်တဲ့ လူမျိုးတစ်မျိုးကနေပြီး ထုတ်ပြန်တာ၊ လူမျိုးစုလွှတ်တော်၊ ပြည်သူ့လွှတ်တော်မှာ ထက်ဝက်ကျော်လွှမ်းမိုးထားတဲ့လူမျိုးစု တစ်စုအနေနဲ့ ထုတ်ပြန်တာမျိုးကိုလည်း မဖြစ်ပေါ်စေရပါဘူး။ လူမျိုးစုတစ်စုက အမြဲလွှမ်းမိုးထားပြီး အမြဲတမ်းဆုံးဖြတ်ပေးနိုင်ခွင့်ကိုလည်းမရှိစေရပါဘူး။ လူမျိုးကြီးဝါဒကို ဦးစားပေးတာမျိုးမဟုတ်ဘူး။ လူမျိုးစုနွယ်တွေနဲ့အတူ ပေါင်းစပ်ဆွေးနွေးပြီး ဆုံးဖြတ်ချက်တွေကိုသာ နိုင်ငံအတွက် ဆက်လုပ်ပိုင်ခွင့်ကို ခွင့်ပြုထုတ်ပြန်ပေးရပါမယ်။ လူမျိုးစုတို့ရဲ့အရေးအရာကိစ္စတွေအားလုံးကို သူတို့ကိုယ်တိုင် ဖော်ပြနိုင်ခွင့်မှာ ကွဲပြားတဲ့လူမျိုးစုတွေအားလုံးပေါင်းစည်းမှုက လူမျိုးကြီးတစ်မျိုးထက်ကိုပဲ ပိုမိုပြီး လူမျိုးစုအများသဘောဆန္ဒဖြစ်တာမို့ ဖက်ဒရယ်စနစ်ပီသပါတယ်။

ဖက်ဒရယ်ဟာ ဒီမိုကရက်တစ်လူထုက စုပေါင်းအုပ်ချုပ်တဲ့စနစ်ပုံစံဖြစ်တာကြောင့် ဒီမိုကရေစီဝါဒထဲမှာပဲ မတူကွဲပြားတဲ့ရှိရင်းစွဲဟာ အရင်ကတည်းက ရှိနှင့်နေပြီးပြီ။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ အများစုဗဟုဝါဒနဲ့ အာဏာခွဲဝေရယူမှု ထားရှိထားတယ်ဆိုရင် မှန်ကန်တဲ့ ဒီမိုကရေစီဖော်ဆောင်ပေးတဲ့ အစိုးရအဖြစ် ပီပြင်စေတယ်။ လွှတ်တော်နေရာလိုမျိုး အဖွဲ့အစည်းတွေရဲ့ အမြင့်ဆုံးအဆင့်တစ်ဆင့်ကို တည်ဆောက်ပြီးတဲ့အချိန်မှာ ဒီမိုကရေစီဖော်ဆောင်တဲ့ နိုင်ငံရေးတရားတွေကို မြင်ရတာကတော့ အာဏာကို အတူတူခွဲဝေပြီး တစ်ဦးတစ်ယောက်ကို ဗဟိုပြုအသုံးချတာမဟုတ်ဘဲ၊ နောက်ပြီးတော့ ဗဟိုဦးစီးချုပ်ကိုင်တဲ့နည်းလမ်းမဟုတ်ဘဲ စုပေါင်းဗဟိုချုပ်ကိုင်မှုနဲ့ ကျင့်သုံးတာကို မြင်ရတဲ့အများစုပေါင်းအုပ်ချုပ်တဲ့ ကျင့်စဉ်မျိုးသာဖြစ်ပါတယ်။ ဖက်ဒရယ်စနစ်မှာဆိုရင် လူတစ်ဦးချင်းမှာ ရှိနေတဲ့လူ့အခွင့်အရေးကို ကာကွယ်ပေးနိုင်တာဟာ ခေတ်ပြိုင်ဒီမိုကရေစီဝါဒကို အထူးအလေးဂရုပြုတယ်။ ဒီမိုကရေစီစနစ်ကို တည်ဆောက်ပုံဖော်ထားတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအရ လူတစ်ဦးချင်းစီရဲ့ လူ့အခွင့်အရေး၊ နိုင်ငံသားတစ်ဦးချင်းစီရဲ့ အခွင့်အရေးအပေါ် ဘယ်လိုမျိုးကာကွယ်ပေးနိုင်သလဲဆိုတာကို ဖော်ပြရမှာဖြစ်သလို အကောင်းဆုံးကာကွယ်မှုကိုလည်း လုပ်ပေးနိုင်ရပါမယ်။

ပြည်သူ့လူ့အဖွဲ့အစည်းကို စံထားမှုကတော့ နိုင်ငံရေးရာနဲ့ လူမှုဆက်ဆံရေးဖြစ်စဉ်တိုင်းမှာ ပုဂ္ဂလိကပိုင်းဆိုင်ရာဝန်းကျင်နဲ့ အစိုးရပိုင်းဆိုင်ရာ ဝန်းကျင်နှစ်မျိုးရှိတယ်။ အစိုးရအဖွဲ့အစည်းကတော့ နိုင်ငံရဲ့ လူမှုရေးရာဖြစ်စဉ်တိုင်းကို ဝင်ရောက်ပြီး လုပ်ဆောင်နိုင်ခွင့်ရှိတယ်။ ပုဂ္ဂလိကဝန်းကျင်မှာတော့ အစိုးရအဖွဲ့အစည်းနဲ့မတူပါဘဲ လူတစ်ဦးချင်းစီရဲ့ ကောင်းကျိုးနဲ့ သဘာဝတရားရဲ့ အခွင့်အရေးတွေကို သီးသန့်ပိုင်ဆိုင်မှုရှိနေတာပါပဲ။ အစိုးရအဖွဲ့အစည်းနဲ့ ပုဂ္ဂလိကအဖွဲ့အစည်းကို ဟန်ချက်ညီနိုင်အောင် ချိတ်ဆက်တဲ့ တတိယလူ့အဖွဲ့အစည်းတစ်ရပ်က အစိုးရအဖွဲ့အစည်းမဟုတ်တဲ့ လူထုလူ့ဝန်းကျင်မျိုးဖြစ်တယ်။ ဒီတတိယလူ့ဝန်းကျင်မှာ ပြည်သူ့လူထုအဖွဲ့အစည်းစစ်စစ်ဖြစ်ဖို့ လိုအပ်ပြန်တယ်။ ဒီအဖွဲ့အစည်းသုံးရပ်ဟာ သုံးချောင်းထောက်ထိုင်ခုံလို စုပေါင်းထားတဲ့ လူမှုအဖွဲ့အစည်းပါပဲ။ နိုင်ငံတစ်နိုင်ငံတည်ဆောက်ရေးမှာ ဆက်နွှယ်နေရမယ့် အဖွဲ့အစည်းတွေပါ။

တစ်ဖွဲ့နဲ့ တစ်ဖွဲ့ဟာ အပြန်အလှန်ဖြစ်တည်နေတာပါ။ အစိုးရဆိုင်ရာဝန်းကျင်အဖွဲ့အစည်းတွေက လူ့အဖွဲ့အစည်းဘောင်ထဲ ပါဝင်နေတယ်။ ပုဂ္ဂလိကဝန်းကျင်အဖွဲ့အစည်းနဲ့ အစိုးရမဟုတ်တဲ့ လူထုအဖွဲ့အစည်းတွေက အမာခံလူထုပူးပေါင်းဆောင်ရွက်တဲ့အဖွဲ့အစည်းတွေမှာ လှုပ်ရှားဆောင်ရွက်တော့ တစ်ချိန်တည်းမှာပဲ လူတစ်ဦးချင်းစီရဲ့ အခွင့်အရေးကို ကာကွယ်ပေးပြီး ပြည်သူ့လူ့အဖွဲ့အစည်းတွေအတွက် တတ်နိုင်သလောက် လုပ်ဆောင်ပေးတာပါပဲ။ အဲဒီလိုလုပ်ဆောင်တဲ့အခါမှာလည်း ပြည်သူ့နိုင်ငံ ကိစ္စအားလုံးလိုပဲ တစ်ဖက်သတ် ဖိနှိပ်တဲ့လုပ်ပိုင်ခွင့်နဲ့ အစိုးရအဖွဲ့အစည်းကို လုပ်ကိုင်နိုင်ခွင့်မရှိရအောင် ထိန်းညှိပေးထားတယ်။ ဖက်ဒရယ်ဒီမိုကရေစီနဲ့ ဒီမိုကရေစီဖော်ဆောင်တဲ့ သဘောတရားထဲမှာ ကွဲပြားနေတဲ့ ပြည်နယ်ဒေသဆိုတာမရှိဘူး။ ပြည်နယ်ရယ်လို့အမည်တပ်ထားတာပဲရှိနိုင်ပြီး စုပေါင်းညီညွတ်တဲ့သဘောကို လုံးလုံးမဆန့်ကျင်ဘူး။ ပြည်သူ့လူ့အဖွဲ့အစည်းတစ်ဖွဲ့ဟာ အဖွဲ့အသင်းစုတွေထဲက အင်မတန်မှ ကျယ်ပြန့်နက်ရှိုင်းတဲ့ အသင်းတစ်သင်းဖြစ်သလို လူတစ်ဦးချင်းနဲ့လည်း သက်ဆိုင်တဲ့အဖွဲ့အစည်းဖြစ်တယ်။ ဒီအဖွဲ့အသင်းစုတွေမှာ အစိုးရဌာနဆိုင်ရာ အသင်းအဖွဲ့တွေပါဝင်သလို ပုဂ္ဂလိကထူထောင်ထားတဲ့ အသင်းအဖွဲ့တွေလည်း ရှိနေတယ်။

ဒီအဖွဲ့အစည်းတွေမှာ နိုင်ငံသားတွေအတူတကွပူးပေါင်းလာကြပြီး လုပ်ဆောင်ကြတာပါ။ ဒီအသင်းအဖွဲ့တွေဟာ လူထုလူ့အဖွဲ့အစည်း ကွန်ရက်ပေါ်မှာ အခြေခံသလို ပုဂ္ဂလိကအသင်းအဖွဲ့တွေပေါ်မှာလည်း အခြေခံပြန်တယ်။ အဲဒါကြောင့် လုပ်ပိုင်ခွင့်အာဏာကို အသင်းအဖွဲ့တွေဆီခွဲဝေအသုံးချစေတာက ပြည်နယ်ဒေသလို့ သတ်မှတ်ထားတဲ့ နေရာတွေမှာ တစ်ဦးတစ်ယောက်တည်းကနေ တစ်ဖက်သတ်အာဏာသုံးမှုနဲ့ အာဏာအလွဲသုံးစေမှုကို မဖြစ်စေရပါဘူး။ အစိုးရအဖွဲ့အစည်းတွေကပဲ ပြည်သူလူထုကိစ္စအရေးအရာတွေကို ဆောင်ရွက်လာတဲ့အခါမှာတော့ အချေအတင်ငြင်းခုံစရာအဖြစ်တွေ ပေါ်လာတတ်ပါတယ်။ အဲဒီအခါမှာတော့ အစိုးရအဖွဲ့အစည်းနဲ့ ပုဂ္ဂလိကအသင်းအဖွဲ့တွေအကြားမှာ သင့်တော်မယ့် ကြားခံအဖွဲ့အစည်းတွေက ထိန်းညှိပေးနိုင်ပါတယ်။ အစိုးရအဖွဲ့အစည်းမဟုတ်တဲ့လူထုအဖွဲ့အစည်း၊ ဒါမှမဟုတ် အရပ်ဘက်အဖွဲ့အစည်းတွေကို ပြန်ပြီးတော့မှ အခန်းကဏ္ဍသစ်မှာ အရေးပါအဖွဲ့အစည်းအဖြစ် အသုံးပြုလာရတယ်။

ယနေ့မြန်မာနိုင်ငံမှာဆိုရင် ကျန်းမာရေးအခြေခံတဲ့ အသင်းအဖွဲ့တွေနဲ့ ဘာသာရေးအခြေခံတဲ့ အသင်းအဖွဲ့တွေမျိုးပေ့ါ။ ပရဟိတအမည်ခံတဲ့ လူမှုရေးဆိုင်ရာအဖွဲ့အစည်းမျိုးတွေပေ့ါ။ ၁၉ ရာစုကမ္ဘာကြီးမှာတော့ စနစ်အယူအဆအတွေးအခေါ်တွေက လူ့အဖွဲ့အစည်းတွေအပေါ်ကို ဖြန့်ကြက်ဖြာဆင်းလာပါတယ်။ လွတ်လပ်စွာရောင်းဝယ်ရေးဝါဒ၊ အရင်းရှင်ဝါဒ၊ ကားမတ်ဝါဒ၊ မင်းမဲ့ဝါဒနဲ့ ကွန်တီယာလူမှုဆက်ဆံရေးအတွေးအခေါ်တွေဟာ အတော်ကလေးကို နေရာယူလာကြတယ်။ ဒီအတွေးအယူအဆတွေကပဲ လူမှုအဖွဲ့အစည်းကြီးကို မောင်းနှင်ခဲ့ပြီး ၂၀ ရာစုကုန်ခါနီးအချိန်ကို ရောက်ပြန်တော့ လူ့အဖွဲ့အစည်းကို ပြန်လို့သုံးသပ်ကြည့်တဲ့အခါမှာတော့ ပုဂ္ဂလိကဆိုင်ရာ လူပုဂ္ဂိုလ်တစ်ဦးချင်းစီရဲ့ လွတ်လပ်မှု၊ လူတစ်ဦးချင်းစီရဲ့ အခွင့်အရေးကို အလေးပေး၊ အရေးပေးလာကြတာကို တွေ့ရပြန်တယ်။ ပြည်သူ့လူ့အဖွဲ့အစည်းမှာ အပြန်အလှန်ဖော်ဆောင်ကြရတဲ့ လူမှုဆိုင်ရာမူဘောင်တစ်ရပ် လိုအပ်ပါတယ်။ အဲဒီမူဘောင်နဲ့ ပြည်သူ့လူ့အဖွဲ့အစည်းဆိုတာဟာ ပုဂ္ဂလိကအဖွဲ့အစည်းသာဖြစ်ပြီး လွတ်လပ်မှုနဲ့အတူ လူ့အဖွဲ့အစည်းကို အစိုးရရဲ့ လုပ်ဆောင်မှုမပါဘဲ ပိုမိုကောင်းမွန်အောင်လုပ်ကိုင်နိုင်သလို ပြည်သူ့လူ့အဖွဲ့အစည်းကို တိုးတက်ဖွံ့ဖြိုးအောင်လည်း လုပ်နိုင်ပါတယ်။ တိုးတက်တဲ့ ပြည်သူ့လူ့အဖွဲ့အစည်းမှာ လူမျိုးစုအားလုံးပါဝင်တဲ့ နိုင်ငံရေးရာ၊ လူမှုရေးရာအစဉ်တိုးတက်ကောင်းမွန်လာပြီး ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတည်ဆောက်နိုင်မယ်။ များပြားတဲ့ လူမျိုးစုတွေ၊ မတူကွဲပြားအယူအဆတွေနဲ့ တိုးတက်တဲ့ နိုင်ငံတစ်နိုင်ငံကို ပုံဖော်ကြတဲ့အခါ ပြည်သူ့ဒီမိုကရေစီစနစ်၊ အများစုပေါင်းစည်းပေးတဲ့ ဖက်ဒရယ်စနစ်၊ လွတ်လပ်ပြီး အခွင့်အရေးပြည့်မှုတွေနဲ့ ပြည်သူ့လူ့အဖွဲ့အစည်းတို့ဟာ အပြန်အလှန်ထိန်းညှိထားပြီး လုပ်ငန်းစဉ်တွေ အစဉ်အတိုင်း ဆက်စပ်ဖြစ်ပေါ်နေဖို့လိုပါတယ်။ ၂၁ ရာစုမှာ မြန်မာ့လက်ရှိဖော်ဆောင်နေတဲ့ ပြုပြင်ပြောင်းလဲရေးတွေကနေ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံရယ်လို့ ကမ္ဘည်းတင်လို့ရနိုင်အောင်တော့ ညီညွတ်လိုက်ဖက်တဲ့ ပုံဖော်ချက်တွေကို မြန်မာနိုင်ငံသားတိုင်းဟာ မဖြစ်မနေ ပါဝင်လုပ်ဆောင်ကြရပါလိမ့်ဦးမယ်။ ။

**ဖက်ဒရယ်စနစ်မှာဆိုရင် လူတစ်ဦးချင်းမှာရှိနေတဲ့ လူ့အခွင့်အရေးကို ကာကွယ်ပေးနိုင်တာဟာ ခေတ်ပြိုင်ဒီမိုကရေစီဝါဒကို အထူးအလေးဂရုပြုတယ်။ ဒီမိုကရေစီစနစ်ကို တည်ဆောက်ပုံဖော်ထားတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအရ လူတစ်ဦးချင်းစီရဲ့ လူ့အခွင့်အရေး၊ နိုင်ငံသားတစ်ဦးချင်းစီရဲ့ အခွင့်အရေးအပေါ် ဘယ်လိုမျိုးကာကွယ်ပေးနိုင်သလဲ ဆိုတာကို ဖော်ပြရမှာဖြစ်သလို အကောင်းဆုံးကာကွယ်မှုကိုလည်း လုပ်ပေးနိုင်ရပါမယ်။**

## ဆူးလေခုံးကျော်တံတားအောက်မှ လမ်းဖြတ်ကူးသူများ မြင်တွေ့နေရဆဲ

**ရန်ကုန် အောက်တိုဘာ ၁၈**

ဆူးလေလမ်းမနှင့် အနော်ရထာလမ်းဆုံတွင် လမ်းဖြတ်တံတားလေးစင်းပါ ခုံးကျော်တံတားကို သက်ဆိုင်ရာက တည်ဆောက်ပေးခဲ့သော်လည်း တံတားအောက် ကားလမ်းမပေါ်မှပင် ဖြတ်သန်းနေသည့်မြင်ကွင်းကို အောက်တိုဘာ ၁၇ ရက် ညနေ ၄ နာရီခန့်က မြင်တွေ့ရသည်။

အလားတူ အနော်ရထာလမ်းနှင့် လမ်းမတော်လမ်းဆုံ တံတားလေးစင်းပါ လူကူးခုံးကျော်တံတားတွင်လည်း အသုံးပြုသူနည်းပြီး ကားလမ်းများပေါ်မှပင် ဖြတ်သန်းသွားနေဆဲဖြစ်သည်။ **(မောင်စေအောင်)**



## ယာဉ်အန္တရာယ်ကင်းရှင်းရေး စဉ်ဆက်မပြတ် စစ်ဆေး

**ဝါးခယ်မ အောက်တိုဘာ ၁၈**

ဝါးခယ်မမြို့အဝင် ကြိုးတံတားခြေဆင်း၌ ယနေ့ နံနက်ပိုင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကောင်စီမှ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် မြို့နယ်အတွင်းသို့ သုံးတန်ကျော်ယာဉ် ဝင်ရောက်မှုမရှိစေရန်၊ ဆိုင်ကယ်စီးနင်းပါက ဦးထုပ်ဆောင်းရန်နှင့် မေးသိုင်းကြိုးတပ်ဆင်ရန်၊ နှစ်ဦးထက် ပိုမိုစီးနင်းခြင်းမပြုရန်၊ မော်တော်ယာဉ်နှင့် ဆိုင်ကယ်မောင်းသူတိုင်း ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင် ရှိ၊ မရှိတို့ကို နေ့စဉ်မြို့နယ်အတွင်း အလှည့်ကျ ကြပ်မတ်စစ်ဆေးလျက်ရှိပြီး နည်းဥပဒေနှင့်အညီ အရေးယူလျက်ရှိကြောင်း သိရသည်။

**လွှမ်းသီဟ (ဝါးခယ်မ)**

# မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ စတင်ကျင်းပ



ဝါသနာရှင်အဆင့်(ဒုတိယတန်း) အိုးစည်အတီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးပြည့်ဖြိုးအောင်(ခ) စိန်ချစ်တီးနှင့်အဖွဲ့ ယှဉ်ပြိုင်စဉ်။




ဝါသနာရှင်အဆင့်(ဒုတိယတန်း) (ကျား) ဆိုင်းအဖွဲ့လိုက်အတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဦးအောင်ဗိုလ်ဗိုလ်နှင့်အဖွဲ့ ယှဉ်ပြိုင်စဉ်။



ဝါသနာရှင်အဆင့်(ပထမတန်း) (ကျား) အကပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ရန်ကုန်မျိုးမင်းအောင် ယှဉ်ပြိုင်စဉ်။



ဝါသနာရှင်အဆင့်(ပထမတန်း) (ကျား) အကပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ မောင်ဇော်ထွေး(ခ)မိုးထက်အောင် ယှဉ်ပြိုင်စဉ်။




ဝါသနာရှင်အဆင့်(ဒုတိယတန်း) အရေးပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ဦးစိုးသက် ယှဉ်ပြိုင်စဉ်။




ဝါသနာရှင်(ဒုတိယတန်း) အရေးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ ဦးမင်းသူ ယှဉ်ပြိုင်စဉ်။

**နေပြည်တော် အောက်တိုဘာ ၁၈**

(၂၂) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ရေဆင်းတက္ကသိုလ်များနယ်မြေရှိ သတ်မှတ်နေရာအသီးသီး၌ ခြိမ့်ခြိမ့်သဲ စတင်ကျင်းပသည်။

**အဆိုပြိုင်ပွဲ**

အဆိုပြိုင်ပွဲ၏ မဟာဂီတပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမဆောင် အမှတ်(၅)၌ ကျင်းပရာ **ဝါသနာရှင်အဆင့်(ပထမတန်း)** အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ **ဟောဝန်စုံမြိုင်(ပတ်ပျိုး)** ဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့်**(အသက် ၁၅နှစ်မှ ၂၀နှစ်) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ **ပြည်ပြည်မင်းပေါင်း(သီချင်းခံ)** ဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့်** အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ **သောင်းလုံးမြေချာ(မွန်)** ဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**ကာလပေါ်တေးပြိုင်ပွဲ**

ကာလပေါ်တေးပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမဆောင် အမှတ်(၄)၌ ကျင်းပရာ **ဝါသနာရှင်အဆင့်(ပထမတန်း)** အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ **ကိုမြကြီး၏မိုးသီချင်း** ဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့်** (အသက် ၁၅ နှစ်မှ ၂၀နှစ်) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ **အဆိုတော် တင်တင်မြ၏ တစ်ကျော့နှစ်ကျော့ တေးကိုသီ** သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့်** အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊

**စာမျက်နှာ ၉ သို့ ✳**



အခြေခံပညာအဆင့်(၁၅-၂၀)နှစ် (မ) ကာလပေါ်အဆိုပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မမေသက်ထားဆွေ ယှဉ်ပြိုင်စဉ်။



အခြေခံပညာအဆင့်(၁၀-၁၅)နှစ် (ကျား) စောင်းအတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မောင်အောင်ဖြိုးစံ ယှဉ်ပြိုင်စဉ်။



အခြေခံပညာအဆင့်(၁၀-၁၅)နှစ် (ကျား) စန္ဒရားအတီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ မောင်အောင်ဖြိုးမင်းထက် ယှဉ်ပြိုင်စဉ်။

# ပြည်တွင်းရေးရာ




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

**ကျောဖုံးမှ**

(၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

ကမ္ဘာ့နိုင်ငံတစ်နိုင်ငံချင်းအနေဖြင့် မိမိတို့နိုင်ငံ၏ ရှည်လျားလှသည့် ယဉ်ကျေးမှု အနုသုခုမဆိုင်ရာ သမိုင်းကြောင်းများ၊ အမွေအနှစ်များကို လွန်စွာမှ ဂုဏ်ယူ တန်ဖိုးထားပြီး ထိန်းသိမ်းကြကြောင်း၊ မိမိတို့၏ ကြာမြင့်ခိုင်ခံ့လှသည့် ယဉ်ကျေးမှုသမိုင်းကြောင်းကို မိမိတို့နိုင်ငံတစ်ဝန်း ဂုဏ်သိက္ခာအဖြစ် မှတ်ယူကြကြောင်း၊ မိမိတို့ နိုင်ငံတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းရုံမျှမက ပြန့်ပွားထွန်းကားစေရန် ရည်ရွယ်သည့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး စတင်ပေါ်ပေါက်လာခဲ့သည်မှာ ရာစုနှစ်တစ်ခု၏ လေးပုံတစ်ပုံနီးပါးကာလကို ဖြတ်သန်းနိုင်ခဲ့ပြီးဖြစ်ကြောင်း။

ပညာရှင်ကြီးများ၊ မျိုးဆက်သစ်တိုင်းရင်းသားလူငယ်မောင်မယ်များ၊ အထောက်အကူပြုပံ့ပိုးကြသည့် အဖွဲ့အစည်းများအနေဖြင့် မိမိတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ၊ အနုသုခုမပညာရပ်များကို အထိအခိုက် အပွန်းအပဲ့ အမှားအယွင်း အတိမ်းအစောင်းမခံဘဲ မြတ်နိုးစွာထိန်းသိမ်းလက်ဆင့်ကမ်းသယ်ဆောင်ပြီး မြင့်မြတ်သည့် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်ပေးကြပါရန် တိုက်တွန်းလိုကြောင်း ဒုတိယသမ္မတ ပြောကြားသည်။

အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို ၁၉၉၃ ခုနှစ်က စတင်ပြီး ကျင်းပခဲ့ရာ ယခုကျင်းပမည့် ပြိုင်ပွဲသည် (၂၂)ကြိမ်မြောက် ဗဟိုအဆင့် ပြိုင်ပွဲဖြစ်သည်။ ယနေ့ကျင်းပသည့် ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အင်အား အမျိုးသား ၇၂၂ ဦး၊ အမျိုးသမီး ၁၀၄၄ ဦး စုစုပေါင်း ၁၇၆၆ ဦး ပါဝင်ယှဉ်ပြိုင်သွားကြမည်ဖြစ်သည်။

ယခုနှစ်ပြိုင်ပွဲတွင် ပိုမိုလေးနက်သည့် ထူးခြားချက်တစ်ရပ်အဖြစ် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်းနှင့် ထားဝယ်တိုင်းရင်းသားများ၏ ထင်ရှားသည့် ရိုးရာအကများထဲမှ အကနှစ်ခုကို (၂၂)ကြိမ်မြောက် ပြိုင်ပွဲကြီး၏ ပြည်ထောင်စုအကအဖြစ် သတ်မှတ်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး ကြိုတင်မဲနှိုက်၍ ရခိုင်တိုင်းရင်းသားများ၏ သာလီစွ ရခိုင်ပြည် ယိမ်းအကနှင့် ကရင်တိုင်းရင်းသားများ၏ လက်တွဲညီညီ ရွှေ့သို့ချီ တိုင်းရင်းသားရိုးရာ ဒုံးယိမ်းအကတို့ကို အားလုံးပါဝင်ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း၊ (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ၏ ပြောကြားချက်အရ သိရသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို တို့က (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဒုတိယသမ္မတသည် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဝင်များ၊ အကဲဖြတ်ဒိုင်များ၊ အုပ်ချုပ်သူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ညပိုင်းတွင် ဒုတိယသမ္မတသည် (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲသို့ တက်ရောက်လာကြသည့် အကဲဖြတ်ဒိုင်များ၊ အုပ်ချုပ်သူများ၊ ပြိုင်ပွဲဝင်များအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာ စားပွဲသို့ တက်ရောက်သည်။

**(သတင်းစဉ်)**

## ကြားဖြတ်ရွေးကောက်ပွဲလျာထားလုပ်ငန်းစဉ် အချိန်စာရင်း အသိပေးကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြားဖြတ်ရွေးကောက်ပွဲလျာထားလုပ်ငန်းစဉ် အချိန်စာရင်း အသိပေးကြေညာခြင်း**

**နေပြည်တော် အောက်တိုဘာ ၁၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လစ်လပ်မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲအား ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက် (စနေနေ့) တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အသိပေးကြေညာခဲ့ပြီး ဖြစ်ပါသည်။ နိုင်ငံရေးပါတီများ၊ ရွေးကောက်တင်မြှောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ အများပြည်သူတို့ သိရှိလေ့လာနိုင်ရန်နှင့် ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြားဖြတ်ရွေးကောက်ပွဲလျာထားလုပ်ငန်းစဉ် အချိန်စာရင်းအား အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

| စဉ် | အကြောင်းအရာ | ခန့်မှန်းနေ့ရက် |
|---|---|---|
| ၁။ | လွှတ်တော်အသီးသီးတွင် လွှတ်တော်ကိုယ်စားလှယ် လစ်လပ်နေသော မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပမည့်နေ့ရက် ကြေညာချက် ထုတ်ပြန်ခြင်း | ၂၇-၁၀-၂၀၁၆ |
| ၂။ | ပြည်ပရောက်မဲဆန္ဒရှင်များမှ ကြိုတင်ဆန္ဒမဲ လက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ပုံစံ(၁၅)များကို သက်ဆိုင်ရာသံရုံးများသို့ ပေးပို့နိုင်မည့် နေ့ရက် | ၁၅-၁၁-၂၀၁၆ မှ ၅-၁၂-၂၀၁၆ |
| ၃။ | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းများ တင်သွင်းနိုင်မည့် နေ့ရက် | ၂၈-၁၁-၂၀၁၆ မှ ၇-၁၂-၂၀၁၆ |
| ၄။ | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာများကို ရုပ်သိမ်းလိုက ရုပ်သိမ်းရမည့် နောက်ဆုံးနေ့ရက် | ၉-၁၂-၂၀၁၆ |
| ၅။ | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာများစိစစ်မည့်နေ့ရက် | ၁၂-၁၂-၂၀၁၆မှ ၁၈-၁၂-၂၀၁၆ |
| ၆။ | လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်း ကြေညာချက် ပုံစံ(၁၀) ကပ်ထားကြေညာမည့်နေ့ရက် | ၂-၁-၂၀၁၇ |
| ၇။ | မဲဆွယ်စည်းရုံးခွင့်ကာလ | ၂၀-၁-၂၀၁၇မှ ၃၀-၃-၂၀၁၇ |
| ၈။ | ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည့်နေ့ရက် | ၁-၄-၂၀၁၇ |
| ၉။ | ရွေးကောက်ခံရသော လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းများ ကြေညာပေးမည့် နေ့ရက် | ၂-၄-၂၀၁၇ မှ ၅-၄-၂၀၁၇ |

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

✻ စာမျက်နှာ ၈ မှ

တနင်္သာရီတိုင်းဒေသကြီးတို့မှ တွံတေးသိန်းတန်၏ မေတ္တာမီးအိမ် သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**အကပြိုင်ပွဲ**

အကပြိုင်ပွဲကို မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ရွှေရတုခန်းမ၌ကျင်းပရာ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသား**ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီး**ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့်** အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှလည်းကောင်း၊ **အခြေခံပညာအဆင့်** (အသက် ၁၅ နှစ်မှ ၂၀ နှစ်) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ လည်းကောင်း ကကြိုးကကွက် စုံလင်စွာဖြင့်ယှဉ်ပြိုင်ကြသည်။

**အရေးပြိုင်ပွဲ**

အရေးပြိုင်ပွဲကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန သင်တန်းခန်းမ - ၁ ၌ကျင်းပရာ **ဝါသနာရှင်အဆင့်(ပထမတန်း)** ပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ဒုတိယတန်း)** ပြိုင်ပွဲတွင် ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှလည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့်** ပြိုင်ပွဲတွင် ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှလည်းကောင်း၊ **အခြေခံပညာအဆင့်** (အသက် ၁၅ နှစ်မှ ၂၀ နှစ်) အမျိုးသားပြိုင်ပွဲတွင် ကယားပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှလည်းကောင်း ဂီတရသ စုံလင်စွာ ဖော်ကျူးတေးဖွဲ့ယှဉ်ပြိုင်ကြသည်။

**အတီးပြိုင်ပွဲ**

အတီးပြိုင်ပွဲ၏ ဆိုင်းအဖွဲ့လိုက် ပြိုင်ပွဲကို သစ်တောသုတေသနဌာန စုဝေးခန်းမ၌ ကျင်းပရာ **ဝါသနာရှင်အဆင့်(ဒုတိယတန်း)** အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှလည်းကောင်း၊ **အခြေခံပညာအဆင့်** (အသက် ၁၀ နှစ်မှ ၁၅ နှစ်) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့်မကွေးတိုင်းဒေသကြီးတို့မှ လည်းကောင်း၊ **အခြေခံပညာအဆင့်** (အသက် ၁၀ နှစ်မှ ၁၅ နှစ်) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ လည်းကောင်း၊ **အခြေခံပညာအဆင့်** (အသက် ၁၅ နှစ်မှ ၂၀ နှစ်) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ လည်းကောင်း၊ **အခြေခံပညာအဆင့်** (အသက် ၁၅ နှစ်မှ ၂၀ နှစ်) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**စောင်းပြိုင်ပွဲ**

စောင်းပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ် ပတ္တမြားခန်းမ၌ ကျင်းပရာ **ဝါသနာရှင်အဆင့် (ဒုတိယတန်း)** အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ **ခါနွေဆန်း (ယိုးဒယား)** ဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့်** (အသက် ၁၅ နှစ်မှ ၂၀ နှစ်) အမျိုးသားပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ **ရန်တကာအောင်(ဘွဲ့)** ဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ **သီလာမြေယံ(ကြိုး)** ဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့်** (အသက် ၁၀ နှစ်မှ ၁၅ နှစ်) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ **မြမန်းဂီရိ (ယိုးဒယား)** ဖြင့်လည်းကောင်း ငြိမ့်ညောင်းသံသာ တီးခတ်ယှဉ်ပြိုင်ကြသည်။

**အိုးစည်ပြိုင်ပွဲ**

အိုးစည်ပြိုင်ပွဲကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမ၌ကျင်းပရာ **ဝါသနာရှင်အဆင့်(ပထမတန်း)** ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှလည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့်** အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး တို့မှလည်းကောင်း၊ **ဝါသနာရှင်အဆင့် (ဒုတိယတန်း)**ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှလည်းကောင်း မြူးကြွသွက်လက်သည့် ဒိုးလက်သံများဖြင့် ယှဉ်ပြိုင်ကြသည်။

**စန္ဒရားပြိုင်ပွဲ**

စန္ဒရားပြိုင်ပွဲကို သစ်တောတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ **ဝါသနာရှင်အဆင့်(ဒုတိယတန်း)** အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ **ပိတောက်လမ်း(ကာလပေါ်)** သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ဒုတိယတန်း)** အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ **ချစ်သမျှကို(ပတ်ပျိုး)** ဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့်** (အသက် ၁၅ နှစ်မှ ၂၀ နှစ်) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ **တောဟောဝန်လယ်(ယိုးဒယား)** ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်) အမျိုးသမီးပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ **ဖြေလျော့ခွေ (ပတ်ပျိုး)** ဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့်** (အသက် ၁၀ နှစ်မှ ၁၅ နှစ်) အမျိုးသားပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ **တောသူအချစ်(ကာလပေါ်)** သီချင်းဖြင့်လည်းကောင်း လက်စွမ်းပြ ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့(၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ကော်မတီဝင်များ၊ အနုသုခုမကို စိတ်ဝင်စားကြသည့် ပြည်သူများ လာရောက်ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

# အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပရန်နှင့် NCA စာချုပ်တွင် လက်မှတ်ရေးထိုးထားခြင်းမရှိသူများ လက်မှတ်ရေးထိုးနိုင်ရန် စတုတ္ထအကြိမ် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ပြန်လည်သုံးသပ်ခြင်း အစည်းအဝေးပြုလုပ်

**ရန်ကုန် အောက်တိုဘာ ၁၈**

အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရန်နှင့် NCA စာချုပ်တွင် လက်မှတ်ရေးထိုးထားခြင်း မရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ လက်မှတ်ရေးထိုးနိုင်ရန်အတွက် စတုတ္ထအကြိမ် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ပြန်လည်သုံးသပ်ခြင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)တွင် ကျင်းပသည်။

အစည်းအဝေးတွင် အစိုးရကိုယ်စားငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက "ဒီနေ့ပြုလုပ်တဲ့အစည်းအဝေးကတော့ စက်တင်ဘာ ၁၆ ရက်၊ ၁၇ ရက်က ပြုလုပ်ခဲ့တဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေအတွက် လုပ်ငန်းလမ်းညွှန် (ToR)ကို ရေးဆွဲဖို့အတွက် အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်နဲ့ နိုင်ငံရေးပါတီတွေဘက်က သုံးယောက်စီရွေးချယ်ပြီး ရေးဆွဲခဲ့ပါတယ်။ လုပ်ငန်းလမ်းညွှန် ToR ကို ကျွန်တော်တို့ ဆွေးနွေးပြီး ဆုံးဖြတ်ချက်ချနိုင်မှ မကြာခင်ပြုလုပ်မယ့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးမှာ အတည်ပြုနိုင်မှာပါ။ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲတွေဟာ မကြာခင် စတင်တော့မယ့် လုပ်ငန်းတစ်ခုဖြစ်တဲ့အတွက် လုပ်ငန်းကော်မတီရဲ့ ToR ကို အတည်ပြုပေးဖို့ မေတ္တာရပ်ခံပါတယ်"ဟု အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုယ်စား ကရင်အမျိုးသားအစည်းအရုံး အထွေထွေအတွင်းရေးမှူး ပဒိုစောကွယ်ထူးဝင်းနှင့် နိုင်ငံရေးပါတီများကိုယ်စား ဒီမိုကရက်တစ်ပါတီ(မြန်မာ) ဥက္ကဋ္ဌ ဦးသုဝေတို့က နှုတ်ခွန်းဆက်စကားများ ပြောကြားခဲ့သည်။

ဦးသုဝေက "မနေ့က ကျွန်တော်တို့ရဲ့ နိုင်ငံရေးဆွေးနွေးမှုအဖွဲ့မှာ အတွင်းရေးမှူးက အဆိုပြုတဲ့ မူဘောင်တွေကို ပြည့်ပြည့်စုံစုံ စေ့စေ့စပ်စပ် အပြန်အလှန် ဆွေးနွေးညှိနှိုင်းကြတယ်။ ဘက်ပေါင်းစုံ ရှုထောင့်ပေါင်းစုံက ဆွေးနွေးခဲ့ကြတယ်။ အမျိုးသားအဆင့်ဆွေးနွေးပွဲကြီးကို ဘယ်လိုလုပ်မှာလဲ။ ဘယ်သူတွေက ဦးဆောင်လုပ်မှာလဲ။ ဘာတွေဆွေးနွေးမှာလဲ။ ဆွေးနွေးတဲ့ အကြောင်းအရာတွေကို လုပ်ငန်းအဖွဲ့ကို ဘယ်လိုတင်မလဲ။ လုပ်ငန်းအဖွဲ့က ဘယ်လို စိစစ်မှာလဲ။ UPDJC ကို ဘယ်လိုတင်မလဲ။ UPDJC က သင့်တော်ကောင်းမွန်တာတွေကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးကို ဘယ်လိုတင်မလဲ။ ဆုံးဖြတ်ချက်တွေကို လွှတ်တော်တင်မယ်။ လွှတ်တော်က ဥပဒေပြုမယ်။ အဲဒီဥပဒေအတိုင်း အစိုးရအဖွဲ့က ဆက်လက်အကောင်အထည်ဖော်ရမယ်။ အဲဒီလိုပုံစံတွေ သွားရမှာဖြစ်တဲ့အတွက် အရေးကြီးတဲ့ မူဘောင်ဆွေးနွေးပွဲဖြစ်တာကြောင့် ကျွန်တော်တို့ စေ့စေ့စပ်စပ် ဆွေးနွေးကြပါမယ်" ဟု နှုတ်ဆက်စကားတွင် ထည့်သွင်းပြောကြားသည်။

ယနေ့ပြုလုပ်သည့် မူဘောင်ပြန်လည်သုံးသပ်ခြင်းဆိုင်ရာအစည်းအဝေးတွင် ညီညွတ်သော တိုင်းရင်းသားလူမျိုးစု ဖက်ဒရယ်ကောင်စီ (UNFC) က ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (Delegation for Political Negotiation – DPN) တက်ရောက်ခဲ့ပြီး နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်နှင့်ပတ်သက်၍ပြန်လည်သုံးသပ်ခြင်းကို ဦးစားပေးဆွေးနွေးရန် တောင်းဆိုခဲ့၍ အဆိုပါကိစ္စရပ်များကိုသာ ဦးစားပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

နိုင်ငံရေးပါတီများအစုအဖွဲ့၏ UPDJC အတွင်းရေးမှူး စိုင်းကျော်ညွန့်က "ဒီနေ့က အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးဖို့ပါ။ ပြီးခဲ့တဲ့ စက်တင်ဘာ အစည်းအဝေးမှာ ကိုးယောက်ပါတဲ့ အလုပ်အဖွဲ့တစ်ခုဖွဲ့လိုက်တယ်။ အဲဒီအလုပ်အဖွဲ့က ရေးဆွဲထားတဲ့ လုပ်ငန်းလမ်းညွှန် ToR ကို ဒီနေ့ဆွေးနွေးဖို့နဲ့ ဆုံးဖြတ်ချက်ချဖို့ပါ။ ဒါပေမယ့် DPN ဘက်က အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ဆွေးနွေးမယ့်အစား မူဘောင်ကို အရင်သုံးသပ်တာ မကောင်းဘူးလားဆိုတဲ့ပုံစံမျိုး တင်ပြလာတယ်။ ဒါကြောင့်မို့လို့ အလုပ်အဖွဲ့က ရေးဆွဲထားတဲ့ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲအတွက် လုပ်ငန်းလမ်းညွှန် ToR ကို ဒီအစည်းအဝေးမှာပါဝင်တဲ့ အဖွဲ့အသီးသီးက မနက်ဖြန်မှ ဆက်လက်ဆွေးနွေးမယ်" ဟုပြောသည်။

ထို့ကြောင့် စတုတ္ထအကြိမ် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ပြန်လည်သုံးသပ်ခြင်းအစည်းအဝေးတွင် နိုင်ငံရေးဆွေးနွေးမှု မူဘောင်တစ်ခုလုံး သုံးသပ်မှုများ ပြုလုပ်မည့်အပြင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပနိုင်ရန်အတွက် အတည်ပြုဆွေးနွေးကြမည်ဖြစ်သည်။

အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများ စတင်ပြုလုပ်ပါက NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပါဝင်ခွင့် ရှိ၊ မရှိကို ကရင်အမျိုးသားအစည်းအရုံး အထွေထွေအတွင်းရေးမှူး ပဒိုစောကွယ်ထူးဝင်းက "အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲမှာ NCA လက်မှတ်မထိုးထားတဲ့ အဖွဲ့တွေပါမယ်၊ မပါဘူးဆိုတာက အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေ စတင်နိုင်ဖို့က ကျွန်တော်တို့ ToR တွေအတည်ပြုရမယ်။ သက်ဆိုင်ရာအစုအဖွဲ့တွေ ဖွဲ့ရမယ်ဆိုတော့ အချိန်တော်တော်ပေးရမယ်။ NCA မထိုးဘဲ နိုင်ငံရေးဆွေးနွေးဖို့ဆိုတာ သဘောတူညီချက်မရှိဘဲ ဆောင်ရွက်လို့မရတဲ့ သဘောဖြစ်တာပေါ့။ ဒီကြားထဲမှာ သူတို့ ညှိနှိုင်းလို့ ပြီးသွားမယ်ဆိုရင်တော့ လက်မှတ်ရေးထိုးပြီး ပါလာနိုင်တဲ့ အနေအထားရှိပါတယ်"ဟု ဆိုသည်။

ညီညွတ်သော တိုင်းရင်းသားလူမျိုးစု ဖက်ဒရယ်ကောင်စီ (UNFC) က ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (Delegation for Political Negotiation – DPN)သည် အောက်တိုဘာ ၁၅ ရက်က နေပြည်တော် သင်္ဂဟဟိုတယ်၌ ငြိမ်းချမ်းရေးအကြံပေးကော်မရှင်နှင့် ဆွေးနွေးခဲ့သည်။

သမ္မတရုံး၏ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက "NCA နှစ်ပတ်လည်နေ့မှာ UNFC နဲ့ ငြိမ်းချမ်းရေးအကြံပေးကော်မရှင်တို့ ဆွေးနွေးတယ်။ အဲ့ဒီမှာ UNFC က တောင်းထားတဲ့ အချက်ရှစ်ချက်နဲ့ ပတ်သက်ပြီး လေးချက် သဘောတူတယ်။ ကျန်တဲ့ လေးချက်ကို မူအားဖြင့် သဘောတူတယ်။ အသေးစိတ်တော့ ပြန်လည်ဆွေးနွေးရမယ်ဆိုတာ နှစ်ဖက်လုံးက လက်ခံတယ်။ ဒါကြောင့် DPN အနေနဲ့ အခု Framework Review မှာ ပြန်ပါလာတာပါ" ဟု ပြောသည်။

တိုင်းရင်းသားလူမျိုးစု ဖက်ဒရယ်ကောင်စီ (UNFC) က ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (Delegation for Political Negotiation – DPN) သည် စက်တင်ဘာ ၁၆ ရက်က ရန်ကုန်တွင် ပြုလုပ်သည့် မူဘောင်ပြန်လည်သုံးသပ်ခြင်းဆိုင်ရာအစည်းအဝေးသို့ တက်ရောက်ခြင်း မရှိခဲ့ပေ။

ယနေ့အစည်းအဝေးသို့ အစိုးရကိုယ်စားလှယ် ၁၆ ဦး၊ တိုင်းရင်းသားလက်နက်ကိုင်များအစုအဖွဲ့မှ ကိုယ်စားလှယ် ၁၈ ဦး၊ နိုင်ငံရေးပါတီများအစုအဖွဲ့မှ ကိုယ်စားလှယ် ၁၅ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။ စတုတ္ထအကြိမ် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ပြန်လည်သုံးသပ်ခြင်း ဒုတိယနေ့ အစည်းအဝေးကိုမူ အောက်တိုဘာ ၁၉ ရက် နံနက် ၉ နာရီတွင် ရန်ကုန် NRPC ၌ ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။ **သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**



# မြန်မာ-ထိုင်း-အင်ဒိုနီးရှား-ကမ္ဘောဒီးယား လေးနိုင်ငံ လုပ်အားခေါင်းပုံဖြတ်ခြင်းနှင့် လူကုန်ကူးမှုကိစ္စရပ်များအပေါ် တရားဥပဒေအရ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၈**

စတုတ္ထအကြိမ်မြောက် မြန်မာ-ထိုင်း-အင်ဒိုနီးရှား-ကမ္ဘောဒီးယား လေးနိုင်ငံ ငါးဖမ်းလုပ်ငန်းများနှင့် အခြားလုပ်ငန်းများတွင် လုပ်အားခေါင်းပုံဖြတ်ခြင်းဆိုင်ရာ လူကုန်ကူးမှုကိစ္စရပ်များအပေါ် လူသားချင်းစာနာမှုအနေဖြင့် တရားဥပဒေအရ ပူးပေါင်းဆောင်ရွက်ခြင်းအစည်းအဝေးကို နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ယနေ့နံနက်ပိုင်းတွင် စတင်ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ဇော်ဝင်းနှင့် သြစတြေးလျနိုင်ငံ သံအမတ်ကြီး H.E. Nicholas Coppel တို့က အဖွင့်အမှာစကား ပြောကြားကြသည်။




မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းက ယခု လေးနိုင်ငံ အစည်းအဝေးကို လူကုန်ကူးခံရသူများအား ဥပဒေကြောင်းအရ အကူအညီပေးနိုင်ရန်၊ နိုင်ငံအချင်းချင်း ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ပြီး လူကုန်ကူးမှုများ ဖော်ထုတ်ရန် သတင်းအချက်အလက်များ မျှဝေနိုင်ခြင်း၊ လူကုန်ကူးမှုများအပေါ် စုံစမ်းစစ်ဆေးမှုများ လွယ်ကူချောမွေ့စေရန်နှင့် အလေ့အကျင့်ကောင်းများ မျှဝေနိုင်ရန်အတွက် အကျိုးကျေးဇူးများဖြစ်ပေါ်လာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ သြစတြေးလျ-အာရှ လူကုန်ကူးမှု တိုက်ဖျက်ရေးအဖွဲ့ AAPTIP (Australia - Asia Program to Combat Trafficking in Persons) နှင့်အဖွဲ့အစည်းများက တရားဥပဒေဘောင်အတွင်း ဆောင်ရွက်ရေး (Law Enforcement) အဖွဲ့များအတွက် နည်းပညာ ထောက်ပံ့ပေးခြင်း၊ စံလုပ်ငန်းစဉ်များ ပြဋ္ဌာန်းပေးခြင်း၊ Guide line များ ရေးဆွဲပြဋ္ဌာန်းပေးမှုကြောင့် လူကုန်ကူးမှုစုံစမ်းစစ်ဆေးမှုများတွင် တရားစွဲတင်ခြင်းနှင့် လူကုန်ကူးသူများအား ထိရောက်သော ပြစ်ဒဏ်ပေးနိုင်ရေးတို့အတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအဖြေရှာကြရန် တိုက်တွန်းပါကြောင်းနှင့် နောက်ပိုင်းတွင်လည်း ပိုမိုကောင်းမွန်သည့် ညှိနှိုင်းဆောင်ရွက်မှုများ ဆက်လက်ပြုလုပ်သွားရန် မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့ပြင် အစိုးရ တိုးတက်ပြောင်းလဲမှုတွင် ကမ္ဘာလုံးဆိုင်ရာ အလားအလာများနှင့် စိန်ခေါ်မှုများစွာရှိပြီး ယင်းတို့အနက် ပြောင်းရွှေ့သွားလာမှု၊ ရာသီဥတုပြောင်းလဲမှု၊ ဈေးကွက်ချဲ့ထွင်မှု၊ ချုပ်ကိုင်ထိန်းချုပ်မှုနှင့် အကြမ်းဖက်မှုများသည် အကြီးမားဆုံး စိန်ခေါ်မှုများ ဖြစ်ကြောင်း၊ အစုလိုက်အပြုံလိုက် ရွှေ့ပြောင်းသွားလာမှုများ၏ အရင်းခံမှာ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုမရှိခြင်းကြောင့် ဖြစ်သည်ကို တွေ့မြင်ရကြောင်း၊ ၂၀၁၅ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂ၏ ထုတ်ပြန်ချက်အရ ရွှေ့ပြောင်းသွားလာသူ ၆၅ ဒသမ ၃ သန်းအထိ စံချိန်တင်ခဲ့ကြောင်း၊ ထိုသို့ ရွှေ့ပြောင်းသွားလာသူများအပေါ် အဓမ္မလုပ်အားခေါင်းပုံဖြတ်ခိုင်းစေခြင်း၊ လုပ်အားခ ခေါင်းပုံဖြတ်ရယူခြင်းများ ကြုံတွေ့လေ့ရှိကြောင်း။

ရေလုပ်သားများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်မှုများကို အထောက်အကူပြုစေရန် ခေါင်းပုံဖြတ်သည့်ကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များကို စုံစမ်းဖော်ထုတ်စေခြင်း၊ အသိပညာပေးခြင်း၊ လူသားအချင်းချင်း ရိုင်းပင်းကူညီသော လူ့အသိုင်းအဝိုင်းတစ်ရပ်ကို ဖော်ဆောင်ခြင်းဖြင့် ဒေသတွင်း တစ်သားတည်း၊ တစ်စိတ်တည်းဖြစ်ပေါ်လာစေကြောင်းနှင့် လေးနိုင်ငံအတွင်း လူကုန်ကူးမှုများ လျော့နည်းကျဆင်းရေးအား ပိုမိုအကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ရဲချုပ်ဇော်ဝင်းက ပြောကြားသည်။

သြစတြေးလျ သံအမတ်ကြီးက AAPTIP အနေဖြင့် ရဲလုပ်ငန်းနှင့် တရားစွဲဆိုရေး လုပ်ငန်းများတွင် အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အဓိကအားဖြင့် နိုင်ငံဖြတ်ကျော်စုံစမ်းစစ်ဆေးမှုများ တိုးတက်လာစေရန်၊ ရဲလုပ်ငန်း စွမ်းရည်မြှင့်တင်ရေး၊ လူကုန်ကူးခံရသူ ထောင်ပေါင်းများစွာကို နေရပ်ပြန်ပို့ရေး၊ လူပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးကို သြစတြေးလျအစိုးရက ကူညီနိုင်ခဲ့ပြီး လူကုန်ကူးမှုကျူးလွန်သူများကိုလည်း တရားစွဲဆိုခြင်းဖြင့် လူကုန်ကူးမှုများကို တားဆီးနိုင်မည်ဖြစ်ကြောင်းနှင့် ယခုလို နိုင်ငံပေါင်းစုံ အစည်းအဝေးများကို ဦးဆောင်ကျင်းပခဲ့ပြီး နိုင်ငံဖြတ်ကျော် ပူးပေါင်းဆောင်ရွက်ခြင်းသည် အရေးကြီးကြောင်း ပြောကြားသည်။

ထိုင်းနိုင်ငံရဲမှူးကြီး Khemmarin Hassiri က ရေလုပ်သားများ ကာကွယ်ပေးနိုင်ရေးကို နှစ်နိုင်ငံရဲတပ်ဖွဲ့၊ တပ်မတော်၊ လူမှုဝန်ထမ်းအဖွဲ့များပါဝင်သည့် လူကုန်ကူးမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့က ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား Hot Line နံပါတ်ထားရှိပြီး စမတ်ဖုန်းများ အသုံးပြု၍ လူကုန်ကူးမှုဆိုင်ရာ သတင်းအချက်အလက်များ မျှဝေနိုင်ရေးကို မကြာမီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဒုတိယရဲမှူးကြီး သက်နောင်က လေးနိုင်ငံ ဆွေးနွေးပွဲပြီးပါက ရေလုပ်သားများအခွင့်အရေး ပိုမိုအကာအကွယ်ပေးနိုင်ရန် ထိုင်း-မြန်မာ၊ မြန်မာ-အင်ဒိုနီးရှား စသည်ဖြင့် နှစ်နိုင်ငံချင်းအလိုက် နားလည်မှုစာချွန်လွှာများ ပိုမိုပြည့်စုံကောင်းမွန်စေရေး ဆွေးနွေးသွားရန်ရှိကြောင်း၊ ရွှေ့ပြောင်းလုပ်သားများအနေဖြင့် ကျွမ်းကျင်မှုမရှိဘဲ ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် သွေးဆောင်ဖြားယောင်းမှုများကို သတိပြုရန်နှင့် တရားဝင်လုပ်ကိုင်ပါက အထောက်အထားခိုင်ခိုင်လုံလုံဖြင့်သာ လုပ်ကိုင်ကြရန် တိုက်တွန်းမှာကြားသည်။

ပင်လယ်ပြင် ငါးဖမ်းလုပ်သားအများဆုံးမှာ မြန်မာနိုင်ငံမှဖြစ်ပြီး ငါးဖမ်းသင်္ဘောလုပ်ကိုင်သူ အများဆုံးမှာ ထိုင်းနိုင်ငံမှဖြစ်သည်။ ယင်းတို့မှာ အင်ဒိုနီးရှားပင်လယ်ရေပိုင်နက်တွင် အများဆုံးသွားရောက်ငါးဖမ်းလေ့ရှိကြောင်း သိရသည်။ အဆိုပါလေးနိုင်ငံ ဆွေးနွေးပွဲကို အောက်တိုဘာ ၁၉ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# တိုင်းရင်းသားတွေ နေရပ်ဒေသကို စွန့်ခွာပြီးမသွားဖို့ အရေးကြီးပါတယ်

## ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ

**တွေ့ဆုံမေးမြန်း - မင်းသစ်(သတင်းစဉ်)၊ ဓာတ်ပုံ - မိုးလွင်(ပြန်/ဆက်)**

**ရခိုင်ပြည်နယ် မောင်တောမြို့နယ်နှင့် ဆက်စပ်ဒေသများတွင် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များဖြစ်ပွားပြီးနောက်ပိုင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေမှုနှင့် ထွက်ပြေးတိမ်းရှောင်လာသည့် စစ်ပြေးဒုက္ခသည်များအား ကူညီဆောင်ရွက်ပေးထားမှုတို့နှင့်စပ်လျဉ်းပြီး ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့အား တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်-**

### ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ

**မေး။ အကြမ်းဖက်မှုဖြစ်ပွားတဲ့နေရာတွေမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့က လုံခြုံရေးဆောင်ရွက်ထားရှိမှုအခြေအနေ သိပါရစေ။**

ဖြေ။ ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်နယ်မြေတွေကို စစ်ဆင်ရေးဇရိယာအဖြစ် သတ်မှတ်ပြီး ဆောင်ရွက်နေတယ်။ ဒီဖြစ်စဉ်နဲ့ပတ်သက်ပြီး လက်နက်တွေပါသွားမှုတွေ၊ ဆုံးရှုံးမှုတွေရှိခဲ့တယ်။ လက်နက် ၄၈ လက် ဆုံးရှုံးနေတယ်။ ဒီလက်နက်တွေမရမချင်း စစ်ဆင်ရေးတစ်ရပ်လိုဆင်နွှဲပြီး ပြန်လုပ်ရလိမ့်မယ်။ အချိန်ကာလ ဘယ်လောက်လဲဆိုတာ ပြောလို့မရသေးဘူး။ လက်နက်တွေ ပြန်မရမချင်းလုပ်ရမှာပါ။ လုပ်တဲ့အခါမှာလည်း ကိုယ့်ရဲ့ကာကွယ်ရေးအမြင်နဲ့လုပ်ရမှာဖြစ်သလို တစ်ဖက်ကလည်း နိုင်ငံရဲ့ဥပဒေနဲ့အညီ ဆောင်ရွက်သွားမှာဖြစ်တယ်။ နိုင်ငံအတွင်းမှာနေတဲ့၊ ဒီနိုင်ငံမှာရှိတဲ့ ဘယ်သူမဆို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွေ၊ ထုတ်ပြန်ထားတဲ့ တည်ဆဲဥပဒေတွေနဲ့အညီ နေရမယ်။ မနေရင် ထိထိရောက်ရောက် အရေးယူရမယ်။ ထိထိရောက်ရောက် အရေးယူနိုင်အောင်လည်း လုပ်နေတယ်။ အခုဖြစ်စဉ်နဲ့ပတ်သက်ပြီး တာဝန်ရှိတဲ့သူကိုလည်း တာဝန်ရှိသလို အရေးယူဖို့လုပ်ထားတယ်။ ချီးကျူးဂုဏ်ပြုထိုက်တဲ့သူကိုလည်း ချီးကျူးဂုဏ်ပြုမှုတွေ လုပ်ပေးမယ်။ ဒီလိုလုပ်မှပဲ ဒီဒေသမှာ တည်ငြိမ်အေးချမ်းဖို့အတွက် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဒီဒေသ တည်ငြိမ်အေးချမ်းဖို့အတွက် ကျွန်တော်တို့ဘက်က လုပ်နိုင်တာတွေ အားလုံးလုပ်ပေးမယ်။ အထူးသဖြင့် ပြောချင်တာကတော့ ဒီဒေသမှာရှိတဲ့ ကျွန်တော်တို့တိုင်းရင်းသားတွေ နေရပ်ဒေသကို စွန့်ခွာပြီးမသွားဖို့ အရေးကြီးပါတယ်။ နေရပ်ဒေသ စွန့်ခွာသွားမယ်ဆိုရင် ဒီနယ်မြေတွေမှာ ကျန်တဲ့သူတွေ လာနေသွားလိမ့်မယ်။ ဒါကို ဒီမှာရှိတဲ့ သူတွေက မြန်မာနိုင်ငံသားဆိုတဲ့အတွေးနဲ့ စိတ်ဓာတ်ရှိဖို့လိုပါတယ်။ ငါက ဘာလူမျိုးမို့လို့၊ ဘယ်ပါတီကမို့လို့ နေလို့မရဘူး။ မြန်မာဆိုတဲ့စိတ်နဲ့ တစ်လက်မမှ မကျူးကျော်နိုင်အောင် ဆောင်ရွက်ရမယ်။ ဆောင်ရွက်တဲ့အခါ မှာလည်း တရားဥပဒေနဲ့အညီ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး။ ရခိုင်နယ်စပ်ဒေသတွေမှာရော လုံခြုံရေးအတွက် ရဲတပ်ဖွဲ့ဝင်အင်အား တိုးမြှင့်ချထားဖို့ရှိပါသလား။**

ဖြေ။ လောလောဆယ် လက်ရှိအင်အားအပြင် ရဲတပ်ရင်းနှစ်ရင်း ဖြည့်ပေးထားတယ်။ ဗကပနဲ့တိုက်တုန်းက သူရဘွဲ့ရထားတဲ့ ရဲမှူးချုပ်သူရစန်းလွင်ကို အဲဒီဒေသမှာရှိတဲ့ ဌာနချုပ်မှူးအဖြစ် တာဝန်ပေးထားပါတယ်။

### ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု

**မေး။ ရခိုင်ပြည်နယ် မောင်တောဒေသမှာ အကြမ်းဖက်တိုက်ခိုက်ခံရပြီး ထွက်ပြေးတိမ်းရှောင်လာတဲ့ စစ်ဘေးရှောင်ပြည်သူတွေရဲ့ အခြေအနေပြောပြပေးပါ။**

ဖြေ။ မောင်တောပြဿနာဖြစ်ပြီးတဲ့ နောက်ပိုင်းမှာ ဒုက္ခသည်တွေ တဖြည်းဖြည်းများပြားလာပြီး ဒုက္ခသည်တွေနဲ့ပတ်သက်ပြီး ဆက်တိုက်လုပ်ဆောင်နေပါတယ်။ စစ်တွေမြို့ပေါ်မှာ ဒုက္ခသည် ၅၀၀ ဝန်းကျင်လောက်ရှိနိုင်တယ်။ ဒုက္ခသည်စခန်းအနေနဲ့လည်း ယာယီတည်းခိုနေစရာ လေးနေရာရှိနေတယ်။ အဲဒါတွေကို တစုတစည်းတည်းနဲ့ နေနိုင်အောင် စီစဉ်ဆောင်ရွက်နေပါတယ်။ တစုတစည်းတည်းဆို ကျွန်တော်တို့အနေနဲ့ ကူညီဆောင်ရွက်ပေးရတာ လွယ်ကူပါတယ်။

ဘူးသီးတောင်မှာလည်း လူ ၁၀၀၀ ဝန်းကျင်လောက်ရှိနေတယ်လို့ပြောပါတယ်။ အဲဒါကိုလည်း စီမံဆောင်ရွက်နေပါတယ်။ ဒုက္ခသည်တွေကိုလည်းကောင်းကောင်းမွန်မွန်နေနိုင်အောင်၊ လိုအပ်ချက်တွေမရှိအောင် ဆောင်ရွက်ပေးနေပါတယ်။

ဒီနေ့ဖြစ်နေတဲ့ဒုက္ခသည်တွေဟာ တိုင်းရင်းသားတွေ အထူးသဖြင့်ရခိုင်လူမျိုးတွေ ဒုက္ခရောက်နေတဲ့ အနေအထားဖြစ်ပါတယ်။ ဒီပေါ်မှာလည်းစိတ်မကောင်းဖြစ်ရတယ်။ အလားတူ တစ်နိုင်ငံလုံး၊ တစ်ကမ္ဘာလုံး စိတ်မကောင်းဖြစ်ရတယ်။ ဒီလိုဖြစ်နေတာလည်း အရင်ဖြစ်ခဲ့တာတွေနဲ့ တော်တော်ကွာခြားပါတယ်။ ဖြစ်ပျက်ပုံဖြစ်လာပုံအကြောင်းအရင်း၊ ဆက်ဖြစ်မယ့်အလားအလာတွေကို အလေးထားဆောင်ရွက်ရမယ့်အနေအထားလို့ နားလည်ပါတယ်။ အရင်တုန်းကဖြစ်ခဲ့တဲ့ ဒုက္ခသည်တွေက လူမျိုးရေးအခြေခံ၊ ဘာသာရေးအခြေခံပြီး ဖြစ်ပွားတဲ့အနေအထားမှာ ဒုက္ခသည်တွေရှိခဲ့ပါတယ်။ အခုကတော့ အချင်းချင်းဖြစ်တယ်ဆိုတာထက် အခုဖြစ်တဲ့အနေအထားကိုလည်း နိုင်ငံတော်ကလည်း တရားဝင်ကြေညာထားတယ်။ နိုင်ငံတကာမှာရှိနေတဲ့ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်တွေနဲ့လည်း ဆက်စပ်နိုင်တဲ့အနေအထားတွေရှိနေနိုင်ပါတယ်။ ဖြစ်ပုံချင်းက အရင်ကနဲ့ မတူဘူး။ အခုဖြစ်လာတဲ့ ဒုက္ခသည်တွေဆိုတာလည်း အရင်ကနဲ့မတူဘူး။ ပြောချင်တာကတော့ အရင်ကထက် တိုင်းရင်းသားတွေ ပိုမိုခံရတဲ့အနေအထားဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီပေါ်မှာ အလေးအနက်ထားပြီးတော့ ဆောင်ရွက်သွားမှာပါ။ ကျွန်တော်တို့ပြည်နယ်၊ ကျွန်တော်တို့နိုင်ငံရဲ့လုံခြုံမှုကို ချိုးဖောက်ဖျက်ဆီးတဲ့ အနေအထားတွေ့ရတယ်။ အကြမ်းဖက်လုပ်ရပ်ပါ။ အကြမ်းဖက်လုပ်ရပ်ကြောင့် လုံခြုံရေးစည်းချိုးဖောက်တဲ့ အနေအထားမျိုးဖြစ်သွားတာတွေ့ရပါတယ်။ တစ်ဖက်မှာလည်း တည်ငြိမ်မှုနဲ့ အုပ်ချုပ်ရေးအပိုင်းတွေကိုလည်း ထိခိုက်တဲ့ အနေအထားရှိပါတယ်။ တစ်ဖက်ကလည်း တရားဥပဒေစိုးမိုးမှုကို မလိုက်နာဘဲနဲ့ ဥပဒေချိုးဖောက်တာ၊ အဘက်ဘက်က ချိုးဖောက်တဲ့အနေအထားဖြစ်တဲ့အတွက် ပိုပြီးအလေးထား ဆောင်ရွက်သွားဖို့ရှိပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာလည်း ပြည်နယ်တစ်ခုတည်းနဲ့ ဆောင်ရွက်လို့ရတဲ့ အနေအထားမရှိပါဘူး။ ပြည်နယ်လုံခြုံမှုကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ တာဝန်ရှိပုဂ္ဂိုလ်တွေ ဆောင်ရွက်ရပါတယ်။ နိုင်ငံတော်ကလည်း ဒီပြဿနာဖြစ်ဖြစ်ချင်း အရေးယူဆောင်ရွက်တာရှိသလို တပ်မတော်၊ ရဲတပ်ဖွဲ့အင်အားဖြည့်ဆည်းပြီး စုံစမ်းစစ်ဆေးပြီး ဖြေရှင်းဆောင်ရွက်ပေးတဲ့အတွက် တည်တည်ငြိမ်ငြိမ်နဲ့ ပြန်လည်ပြီးကောင်းမွန်တဲ့အနေအထားရောက်လာမှာပါ။ ဒီကိစ္စဟာ အခုအနေအထားလောက်နဲ့ပြီးသွားနိုင်တဲ့ အနေအထားမဟုတ်တဲ့အတွက် အလေးထားပြီး လေးလေးနက်နက် ဆောင်ရွက်ရမယ့်အနေအထားရှိပါတယ်။

ဒီဖြစ်ပျက်သွားတဲ့ အဖြစ်အပျက်ပေါ်မှာလည်း သင်ခန်းစာလည်းရပါတယ်။ အတွေ့အကြုံလည်းရရှိပြီးတော့ ဒီပေါ်ကနေ နဂိုပုံမှန်အနေအထားမျိုး အမြန်ဆုံးရောက်နိုင်အောင် လုပ်နိုင်ဖို့၊ ဒီထက်ကောင်းမွန်တဲ့ အခြေအနေတွေ နောင်အနာဂတ် ဒါမျိုးမဖြစ်နိုင်အောင် ပိုပြီးလုံခြုံစိတ်ချရတဲ့ တရားဥပဒေစိုးမိုးမှု၊ တည်ငြိမ်မှု ရှိလာအောင် ပိုပြီးလုပ်သွားရမယ့် အနေအထားရှိတယ်။ အားလုံးဝိုင်းဝန်းပြီး တာဝန်သိသိ ပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်။



ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု

**မေး။ စစ်ဘေးရှောင်ပြည်သူတွေနဲ့ပတ်သက်ပြီး ပညာရေး၊ ကျန်းမာရေးကဏ္ဍတွေအတွက် ပြည်နယ်အစိုးရအနေနဲ့ ဘယ်လိုဆောင်ရွက်ပေးနေပါသလဲ။**

ဖြေ။ ပညာရေးအနေနဲ့က ဒီကာလဟာ သီတင်းကျွတ်ကျောင်းပိတ်ရက်ကာလဖြစ်နေပါတယ်။ ဒါပေမယ့် အခုဖြစ်သွားတဲ့အဖြစ်အပျက်နဲ့ ဆက်စပ်နေတော့ ဒီကိစ္စကြောင့် ကျောင်းပိတ်လိုက်တယ်လို့ အားလုံးက နားလည်နေတယ်။ ကျောင်းပိတ်ကာလကလည်းဖြစ်နေတော့ ဆရာ ဆရာမတွေကို သူတို့နေရပ်ပြန်နိုင်အောင် ဆောင်ရွက်ပေးထားပြီးဖြစ်ပါတယ်။ ပညာရေးနဲ့ပတ်သက်ပြီး ကလေးတွေအတွက် ဆက်ပြီးဆောင်ရွက်သွားပါမယ်။ ကျန်းမာရေးနဲ့ပတ်သက်လို့လည်း ဘူးသီးတောင်၊ မောင်တောမှာရှိတဲ့ ဆေးရုံဆေးခန်းတွေက ဆရာဝန်တွေနဲ့ တွေ့ဆုံပြီး ဒုက္ခရောက်နေတဲ့ဒုက္ခသည်တွေအတွက် ကျန်းမာရေးကို ဂရုတစိုက် ဆောင်ရွက်ပေးဖို့ ဆေးဝါးကအစ လိုလေသေးမရှိအောင် မှာကြားထားပါတယ်။ နောက်ပြီး ရွာတွေအထိ ရိက္ခာနဲ့ ဆေးဝါးတွေကို ပို့ထားပါတယ်။ ခုချိန်ထိ ကြီးကြီးမားမား ဒုက္ခရောက်တာ မကြားရသေးဘူး။ အစာရေစာပြတ်တောက်တာမျိုး၊ ရောဂါထူပြောတာမျိုး နောက်ပြီး ပညာရေးနဲ့ပတ်သက်တာမျိုး အခက်အခဲဖြစ်တာမရှိပါဘူး။ အားလုံး လိုအပ်ချက်ကိုဖြည့်ဆည်းပေးနေပါတယ်။

**မေး။ စစ်ဘေးရှောင်ပြည်သူတွေကို ဘယ်တော့ သူတို့နေရပ်ကို ပြန်လည်ပြောင်းရွှေ့ပေးနိုင်မလဲဆိုတာ သိချင်ပါတယ်။**

ဖြေ။ ဒီအကြမ်းဖက်တိုက်ခိုက်ခံရမှုက အဲဒီဒေသမှာနေထိုင်တဲ့ ဒေသခံပြည်သူတွေအနေနဲ့ စိုးရိမ်တာတင်မဟုတ်ဘူး။ ကြောက်ရွံ့သွားတဲ့အနေအထားမှာရှိတယ်။ စိုးရိမ်မှုတွေ၊ ကြောက်ရွံ့မှုတွေ လျော့ပါးသွားအောင် လုပ်ရတာ အင်မတန်မှ ခက်ခဲတယ်။ ဒါပေမယ့် ကြိုးစားပြီး ဆောင်ရွက်နေပါတယ်။ တဖြည်းဖြည်း ပြေပျောက်သွားတဲ့အနေအထားလည်း ရှိနေပါပြီ။ လက်တွေ့မှာလည်း ပြည်သူတွေရဲ့ လုံခြုံရေးကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ ဌာနဆိုင်ရာတွေကလည်း အင်အားအပြည့်အစုံနဲ့ စောင့်ရှောက်ပေးနေပါတယ်။ ဒီလိုစောင့်ရှောက်ပေးနေတဲ့အတွက် စိုးရိမ်မှုတွေ လျော့နည်းပြီး သူတို့နေရပ် ပြန်နိုင်ဖို့အတွက်လည်း ပြန်ရဲလာအောင်၊ အလုပ်တွေပြန်လည်ပြီး လုပ်နိုင်လာအောင် ဆောင်ရွက်နေပါတယ်။

ဒုက္ခသည်တွေနဲ့ တွေ့တဲ့အခါ ပွင့်ပွင့်လင်းလင်း ပြောကြဆိုကြတဲ့အခါ အမျိုးသမီးတွေ၊ အသက်ကြီးတဲ့သူတွေ၊ ကလေးတွေ အများဆုံး စစ်ဘေးရှောင်ဖို့ စစ်တွေကိုလာကြတယ်လို့ ပြောပါတယ်။ ယောကျ်ားသားတော်တော်များများက ကျန်ရစ်ခဲ့တယ်လို့ပြောပါတယ်။ သူတို့အိုးအိမ်တွေ၊ အိမ်မွေးတိရစ္ဆာန်တွေ စောင့်ရှောက်ဖို့၊ စိုက်ပျိုးထားတဲ့ စပါးတွေကလည်း ဝင်းမှည့်ပြီး ရိတ်သိမ်းချိန်ရောက်နေတော့ သူတို့လည်း အဆုံးရှုံးမခံချင်ဘူး။ ဆုံးရှုံးမှာလည်း စိုးရိမ်တဲ့အနေအထားလို့ပြောပါတယ်။ ပြဿနာ အေးအေးချမ်းချမ်းဖြစ်ရင် နေရပ်ပြန်မယ်လို့ ပြောပါတယ်။ တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းဖြစ်ရင် နေရပ်ပြန်ကြမှာပါ။ အမြန်ဆုံး သူတို့နေရပ်ပြန်နိုင်အောင်လည်း ဆောင်ရွက်ပေးသွားမှာပါ။ ဒီကိုရောက်နေတဲ့ ကာလမှာလည်း ဘာမှမပူပန်ရအောင်၊ လိုအပ်ချက်မရှိရလေအောင် ဆောင်ရွက်ပေးသွားမှာပါ။

**မေး။ ဝန်ကြီးချုပ်အနေနဲ့ ဖြည့်စွက်ပြောကြားစရာရှိရင် ပြောပြပေးပါ။**

ဖြေ။ ဒီအဖြစ်အပျက်က ကျွန်တော်တို့အတွက် သင်ခန်းစာယူနိုင်တဲ့အဖြစ်အပျက်ပါ။ သင်ခန်းစာယူလို့ရတဲ့ အတွေ့အကြုံလို့လည်းပြောလို့ရပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ပြောင်းလဲလာတဲ့အခြေအနေနဲ့ ခေါင်းဆောင်တွေရဲ့ ကြိုးစားအားထုတ်မှုနဲ့ အားလုံးညီညီညွတ်ညွတ်နဲ့ တကယ်မှန်မှန်ကန်ကန် စေတနာထားပြီးလုပ်မယ်ဆိုရင် ပိုမိုကောင်းမွန်တဲ့ အနေအထားမျိုးရောက်မယ်။ အားလုံးကလည်း ဝိုင်းဝန်းကြိုးစားဖို့ အားလုံးမှာတာဝန်ရှိပါတယ်။ အခုတွေ့ကြုံရတဲ့ အတွေ့အကြုံအရ အများကြီးပေးဆပ်လိုက်ရတဲ့အတွက် ဒီပေးဆပ်မှုကိုပြန်ပြီး ထိုက်ထိုက်တန်တန် အကျိုးအမြတ်ရအောင် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ဖို့လိုပါတယ်။

**အခုလိုဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် အောက်တိုဘာ ၁၈**

ရန်ကုန်(ရွှေဈေး) ၈၆၆၀၀၀ - ၈၆၅၅၀၀ မန္တလေး(ရွှေဈေး) ၈၆၆၀၀၀ - ၈၆၅၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၉၀/၆၁၀ ကျပ်၊ | ၆၃၀/၆၅၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၅၀/၆၇၀ ကျပ်၊ | ၇၂၀/၇၃၅ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၀၅/၆၂၀ ကျပ်၊ | ၆၄၀/၆၆၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၂၀/၆၃၀ ကျပ်၊ | ၆၆၀/၆၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၉၁ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၆၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | | | | |
|---|---|---|---|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၅၉.၀ | (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၈၅၁ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၈၆.၈ | (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၁၂.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၈၆.၈၆ | (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၁.၂၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၅.၇၉၃ | (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၆၃.၇၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၉.၄၄ | (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၀၈.၅၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

# မဲခေါင်မြစ်ဝှမ်းနိုင်ငံများဖြစ်သည့် မြန်မာ၊ ထိုင်းနှင့် လာအိုတို့ ပူးပေါင်းကာ မူးယစ်ရာဇဝတ်မှုကြီးတစ်ခုကိုဖော်ထုတ်ပုံကို ရိုက်ကူးထားသည့် Operation Mekong




တရုတ်-ဟောင်ကောင် မှူခင်းအက်ရှင် ဇာတ်ကားတစ်ကားဖြစ်သည့် Operation Mekong ဇာတ်ကားကို ယခုတစ်ပတ် ရုပ်ရှင်ရုံများ၌ ဆက်လက်ရုံတင် ပြသမည်ဖြစ်သည်။

မဲခေါင်မြစ်ဝှမ်းနိုင်ငံများဖြစ်သည့် မြန်မာ၊ ထိုင်းနှင့် လာအိုတို့ ပူးပေါင်းကာ မူးယစ်ရာဇဝတ်မှုကြီးတစ်ခုကို ကြိုးစားဖော်ထုတ်ကြပုံကို ရိုက်ကူးတင်ဆက်ထားသည့် ယင်းဇာတ်ကားကို ဟောင်ကောင်ရုပ်ရှင်ဒါရိုက်တာ Dante Lam က ပုံဖော်ရိုက်ကူးထား ခြင်းဖြစ်ပြီး အဓိကသရုပ်ဆောင်များအဖြစ် ထိုင်ဝမ်တေးသံရှင်နှင့် ရုပ်ရှင်သရုပ်ဆောင် Eddie Peng နှင့် တရုတ်ရုပ်ရှင်မင်းသား Zhang Hanyu တို့ ပါဝင်ထားသည်။ ၂၀၁၁ ခုနှစ်က အဖြစ်အပျက်တစ်ခုကို ပြန်လည်ပုံဖော်ရိုက်ကူးထားသည့် Operation Mekong မှုခင်းအက်ရှင်ဇာတ်ကားကို စက်တင်ဘာလကုန်ပိုင်းက တရုတ်နိုင်ငံရှိ ရုပ်ရှင်ရုံများတွင် ရုံတင်ပြသခဲ့ပြီးလည်းဖြစ်သည်။

Operation Mekong မှုခင်း အက်ရှင်ဇာတ်ကား၏ ဇာတ်လမ်းအမြည်းကို တင်ဆက်ပေးရမည်ဆိုလျှင် ၂၀၁၁ခုနှစ် အောက်တိုဘာ ၅ ရက်တွင် မဲခေါင်မြစ်ဝှမ်း၌ ကုန်စည်များသယ်ဆောင်လာသည့် ကုန်တင်သင်္ဘောတစ်စင်းကို လူဆိုးဓားပြအုပ်စုတစ်စုက ဓားပြတိုက် တိုက်ခိုက်ခဲ့ပြီး သင်္ဘောပေါ်ပါ တရုတ်သင်္ဘောသား ၁၃ ယောက် ရက်ရက်စက်စက် အသတ်ခံခဲ့ရသည်။

အသတ်ခံရသည့် အဆိုပါတရုတ်သင်္ဘောသား အလောင်းများနှင့်အတူ စိတ်ကြွမူးယစ်ဆေးပြားကိုးသိန်းကိုလည်း တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ထိုကုန်သင်္ဘောကို တိုက်ခိုက်သူများမှာ မဲခေါင်မြစ်ဝှမ်းတစ်လျှောက် မူးယစ်ဆေးဝါးလက်ကားရောင်းဝယ်ဖောက်ကားနေသည့် မူးယစ်ဆေးဝါးဂိုဏ်းဖြစ်ပြီး မဲခေါင်မြစ်ဝှမ်းနိုင်ငံများဖြစ်သည့် ထိုင်း၊ လာအိုနှင့် မြန်မာနိုင်ငံတို့တွက် ကျက်စားနေသည့် ကြီးမားသည့် မူးယစ်ဆေးဝါးကွန်ရက်ကြီးရှိနေသည်ကို သိလာရပါသည်။

ထို့ကြောင့် တရုတ်နိုင်ငံမှအထူးမူးယစ်နှိမ်နင်းရေးအရာရှိဖြစ်သည့် (မင်းသား Zhang Hanyu) ခေါင်းဆောင်သည့် အဖွဲ့ဝင်များနှင့်အတူ မြန်မာ၊ ထိုင်း၊ လာအိုနိုင်ငံမှ ရဲတပ်ဖွဲ့ဝင်များ အတူပူးပေါင်းပါဝင်ပြီး အဆိုပါမူးယစ်ရာဇဝတ်မှုအား ကြိုးစားဖော်ထုတ်ကြပုံကို ၂၀၁၁ ခုနှစ်က အမှန်တကယ် ဖြစ်ပျက်ခဲ့သည့် ဖြစ်ရပ်မှန်တစ်ခုအပေါ် အခြေခံရိုက်ကူးထားသည့် မှုခင်းအက်ရှင်ဇာတ်ကားတစ်ကားဖြစ်သည်။

ကြာမြင့်ချိန် နှစ်နာရီနီးပါးခန့် ကြာမြင့်သည့် အဆိုပါဇာတ်ကားကို ၂၀၁၅ ခုနှစ်က တရုတ်နိုင်ငံ ပေကျင်း၊ ယူနန်နှင့် ထိုင်းနိုင်ငံတို့တွင် ရိုက်ကူးခဲ့ခြင်းဖြစ်ကာ ယခုအချိန်ထိ တရုတ်ရုံဝင်ငွေစာရင်းတွင် တရုတ်ယွမ်ငွေ ၉၄၇ ဒသမ၆ သန်းကျော်ရရှိနေပြီဖြစ်ကြောင်း သိရသည်။

Operation Mekong မှုခင်း အက်ရှင်ဇာတ်ကားကို ယခုတစ်ပတ်တွင်လည်း နေပြည်တော်၊ မင်္ဂလာ (ဂမုန်းပွင့်)နှင့် မင်္ဂလာ ဒိုင်းမွန်းအဆင့်မြင့်ရုပ်ရှင်ရုံတို့တွင် ဆက်လက်ရုံတင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးစန္ဒာမြင့်**



# တရုတ်ရုပ်ရှင်ချစ်ပရိသတ် မဲပေးရွေးချယ်သည့် ထိပ်တန်းအမေရိကန်ရုပ်သံဇာတ်လမ်းတွဲများစာရင်းတွင် Prison Break ထိပ်ဆုံးမှ ပါဝင်

တရုတ်နိုင်ငံရှိ ရုပ်ရှင်ချစ်ပရိသတ်၏ အားပေးမှုနှုန်းထားအရ ကမ္ဘာတစ်ဝန်း လူကြိုက်များသည့် အမေရိကန်ရုပ်သံဇာတ်လမ်းတွဲတစ်တွဲဖြစ်သည့် Friends နှင့် Prison Break ဒရမ်မာဇာတ်လမ်းတွဲတို့သည် တရုတ်နိုင်ငံ၏ ထိပ်တန်းယူကေနှင့်ယူအက်စ်မှ ရုပ်သံဇာတ်လမ်းတွဲများစာရင်းတွင် ထိပ်တန်းမှ ပါဝင်ခဲ့သည်။

အင်္ဂလိပ်စာလေ့လာနေသူများအတွက် များစွာအထောက်အကူဖြစ်စေခဲ့သည့် Friends ဇာတ်လမ်းတွဲသည် တရုတ်ရုပ်ရှင်လောကတွင် လူကြိုက်အများဆုံးဖြစ်ခဲ့သည့် ပထမဆုံးသော အနောက်တိုင်းဇာတ်လမ်းတွဲ တစ်ခုဖြစ်ကြောင်းလည်း သိရသည်။

ထို့အပြင် ၂၀၀၅ ခုနှစ်က စတင်ပြသခဲ့သည့် Prison Break ဇာတ်လမ်းတွဲသည်လည်း တရုတ် ပရိသတ်များ၏ အားပေးထောက်ခံခဲ့မှု အပြည့်အဝရရှိခဲ့ကာ လူကြိုက်များခဲ့သည်။ seasons များစွာ ပါဝင်သည့် ယင်းဇာတ်လမ်းတွဲကို အပတ်စဉ် အမေရိကန်ရုပ်သံလိုင်းများတွင် ပြသခဲ့ပြီး အဆိုပါဇာတ်ကားများ အစမှအဆုံးတိုင် ဇာတ်သိမ်းခန်းရောက်အောင် ကြည့်ရှုနိုင်ရန် ပရိသတ်များ အနေဖြင့် ကာလရှည်ကြာစွာစောင့်စားကြည့်ရှုခဲ့ကြရသည်။

ဇာတ်ကားတစ်ခုချင်းစီ၏ မဲရရှိမှုအနေအထားမှာ တစ်ကားနှင့်တစ်ကား ကွာခြားမှုရှိသော်လည်း တရုတ်ပရိသတ်များကိုမူ အရသာပြည့်ဝစွာပေးစွမ်းနိုင်ခဲ့ကြောင်း သိရသည်။

ညီအစ်ကိုနှစ်ဦးအကြောင်းကို အဓိကဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားသည့် Prison Break ဇာတ်လမ်းတွဲသည် အမေရိကန်ဒရမ်မာရုပ်သံဇာတ်လမ်းတွဲတစ်ခုဖြစ်ပြီး အမေရိကန်စာရေးဆရာနှင့် ဒါရိုက်တာတစ်ဦးဖြစ်သူ Paul Scheuring ၏ဖန်တီးမှုလက်ရာတစ်ခုဖြစ်သည်။ ယင်းဇာတ်ကားကို ၂၀၀၅ ခုနှစ်မှ ၂၀၀၉ ခုနှစ်ထိ Fox ရုပ်သံလိုင်းမှ ထုတ်လွှင့်ခဲ့ပြီး ၂၀၀၆ ခုနှစ်က Primetime Emmy ဆုအတွက် ဆန်ခါတင်စာရင်းဝင်ခဲ့သည့်ဇာတ်ကားတစ်ကားလည်းဖြစ်သည်။

**မျိုးစန္ဒာမောင်**

# လီမင်ဟိုနှင့်အတူ ဒုတိယအကြိမ် ထပ်မံမြင်တွေ့ရဦးမည့် တေးသံရှင် ခရစ္စတယ်လ်



ကေပေ့ါပ်အဖွဲ့ f(x) မှ တေးသံရှင် ခရစ္စတယ်လ်အား မင်းသား လီမင်ဟို ခေါင်းဆောင်ပါဝင်ထားသည့် The Legend of the Blue Sea အချစ်ဒရမ်မာဇာတ်ကားတွင် ဟာသဇာတ်ရုပ်ဖြင့် မြင်တွေ့ရဦးမည်ဖြစ်ကြောင်း အောက်တိုဘာ ၁၈ ရက်က ယင်းဇာတ်ကားနှင့်ပတ်သက်သည့် ထုတ်ပြန်ချက်တစ်ခုအရ သိရသည်။

"ခရစ္စတယ်လ်ကို The Legend of the Blue Sea ဇာတ်ကားမှာ ဟာသသရုပ်ဆောင်တစ်ဦးအဖြစ် မြင်တွေ့ရမှာပါ။ ဒါပေမယ့် သူ့အနေနဲ့ ဘယ်အခန်းမှာ၊ ဘယ်လိုဇာတ်ရုပ်မျိုးဆိုတာကိုတော့ ခုထိ မပြောသေးပါဘူး။ ရင်ခုန်စောင့်စားလိုက်ကြပါ"ဟု အဆိုပါထုတ်ပြန်ချက်တွင် ပါရှိသည်။ခရစ္စတယ်လ်၏ ယခုဇာတ်ကားသည် လီမင်ဟိုနှင့် ဒုတိယမြောက်ဇာတ်ကားဖြစ်သပြီး ၂၀၁၃ ခုနှစ်ကလည်း Heirs ဇာတ်ကားတွင် လီမင်ဟိုနှင့်အတူ ပါဝင်ခဲ့ဖူးသည်။

**မျိုးစန္ဒာမောင်**

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်
## ၁၉ - ၁၀ - ၂၀၁၆ (ဗုဒ္ဓဟူးနေ့)

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော် |
| ၇း၃၅ | မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း (လက်ရှိစတော့ဈေးကွက်နှင့် အနာဂတ်အလားအလာအကြောင်း) (အပိုင်း-၂) |
| ၈း၃၅ | "စိုက်ပျိုးရေးရာအဖြေရှာ" (ဆီထွက်နှုန်းကောင်းစေဖို့ စပ်မျိုးနေကြာစိုက်ကြစို့) |
| ၉း၃၅ | ပြည်သူ့နီတိ "ထမင်းဝိုင်း" (ဒုတိယပိုင်း) (နွဲ့နွဲ့စန်း၊ ဝင်းမြိုင်၊ ပန်းသော်တာ၊ ပေါ်လေး၊ အိမ့်ကြာဖြူ) (ဒါရိုက်တာ-မိုးဇော်ကို) |
| ၁၀း၃၅ | အထွေထွေသုတနှင့် ကျန်းမာရေးအစီအစဉ် "ကျီးပေါင်းရောဂါနှင့်တိုင်းရင်းဆေးပညာ" |
| ၁၁း၁၅ | "အောက်တိုဘာလ လပတ် မိုးလေဝသအစီအစဉ်" |
| ၁၁း၃၅ | မြန်မာ့ရုပ်မြင်သံကြား ပညာရေးအစီအစဉ် |
| ၁၂း၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာတိုင်နေ့ရက်များ" (အပိုင်း-၁၃) |
| ၁း၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ပန်းရွှေကြာ" (အပိုင်း-၂၁) |
| ၂း၁၅ | ကြယ်ပွင့်များရဲ့ရင်ခုန်သံ (အိမ့်ချစ်) |
| ၄း၁၅ | "School Of Football" (Yangon United FC) |
| ၄း၃၅ | Football Magazine (ရန်ကုန်ယူနိုက်တက်အသင်း) |
| ၅း၁၅ | မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့ (စိုးလင်းဦးနှင့် နီဝီဆိုရမ်) |
| ၅း၃၅ | NHK Programme "ဂျင်နည်းပညာ" (ဒီဂျင်၊ ဟိုဂျင်) |
| ၅း၄၅ | "ကြေးဖားစည်တို့ရဲ့ တောင်ပိုင်းမြေ" (အပိုင်း-၂) |
| ၆း၃၅ | ဘဝထဲက ဝတ္ထု၊ ဝတ္ထုထဲကဘဝ "ဗာဟိရ" (ဖူးစုံ၊ ဒေါ်ခင်ခင်ကြီး၊ အောင်မိုး) (ဒါရိုက်တာ-သိမ်းစိုး(သီဟရတနာ)) |
| ၇း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "တံ့မယူလို" (အပိုင်း-၂၃) |
| ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာ သတင်း၊ မိုးလေဝသအခြေအနေ |
| ၈း၃၅ | "ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အာလူးစိုက်ပျိုးရေး" |
| ၉း၀၀ | ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ -၂၀၁၆ ခုနှစ်၊ (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ် -နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ ပန်းရွှေကြာ" (အပိုင်း-၂၂) -ဂီတသမား၊ ဂီတစကား "မဟာဂီတတေးအလှ" (ဂီတစာဆို -ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်) |

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာ သတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြဝတီရုပ်မြင်သံကြား

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၇း၁၆ | မေတ္တာပို့ |
| ၇း၂၀ | ဓမ္မပူဇာတေး |
| ၇း၂၅ | ကိုယ်လက်လှုပ်ရှား အားကစား |
| ၈း၁၀ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၅ | မွေးမြူသုတ |
| ၈း၃၀ | DVD Hits |
| ၈း၄၅ | ဇာတ်လမ်းတို |
| ၉း၁၅ | သူနှင့်သူ၏သီချင်းများ |
| ၉း၃၅ | အမှတ်တရနေ့ရက်လေးများ |
| ၁၀း၁၀ | Made In Myanmar |
| ၁၀း၂၅ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၁၀း၃၅ | Journal Talk |
| ၁၀း၅၀ | သီချင်းလက်ဆောင် |
| ၁၁း၂၅ | ကျန်းမာသုတ |
| ၁၁း၄၀ | Sport Review |
| ၁၂း၀၀ | ခရီးလည်းသွား စကားလည်းဆို |
| ၁၂း၁၅ | DVD Hits |
| ၁၂း၂၅ | လူတိုင်းကျန်းမာသိမှတ်စရာ |
| ၁၂း၃၅ | နှစ်(၈၀)ကျော်ကြားတေးများ |
| ၄း၂၅ | ရွှေဟောင်းသုတ |
| ၄း၄၀ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၄း၅၅ | ယနေ့ရန်ကုန်မြင်ကွင်းစုံ |
| ၅း၁၀ | ပန်းကလေးများပွင့်တော့မည် |
| ၅း၃၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အယ်ဒါနာ (အပိုင်း-၆၅) (ဇာတ်သိမ်း) |
| ၆း၁၀ | အမျိုးသားရေးတေးကဗျာ |
| ၆း၁၅ | Top Magic |
| ၆း၃၅ | Meet Whith The Celebrities |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မြစ်တစ်စင်းရဲ့အလကာ (အပိုင်း-၅၈) -VOA အင်္ဂလိပ်စာ သင်ခန်းစာ -ရယ်စရာပျော်စရာ ဟာသကမ္ဘာ -မြဝတီရုပ်မြင်သံကြားသတင်း -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရွှေရောင်ကြက်ခြေခတ်များ" (အပိုင်း-၁၁) - တရားတော် |

# လီဗာပူး – မန်ယူပွဲကို ကိုင်တွယ်ခဲ့သည့် ဒိုင်လူကြီး အန်ထော်နီတေလာကို ဂျာဂန်ကလော့ပ်နှင့် မော်ရင်ဟိုတို့ ချီးကျူး၊ ပေါ့ဘာ၏ ခြေစွမ်းအပေါ် မော်ရင်ဟိုမေးခွန်းထုတ်ခဲ့




လီဗာပူးနှင့် မန်ယူအသင်းတို့ ဂိုးမရှိသရေကျခဲ့သည့် ပွဲစဉ်ကို တာဝန်ယူကြီးကြပ်ခဲ့သည့် ဒိုင်လူကြီး အန်ထော်နီ တေလာကို ဂျာဂန်ကလော့ပ်နှင့် မော်ရင်ဟိုတို့နှစ်ဦးစလုံးက ချီးကျူးမှု ပြုခဲ့ကြသည်။ တေလာသည် မန်ချက်စတာမြို့ ဝန်းကျင်မှ ပေါက်ဖွားလာသူဖြစ်သဖြင့် မန်ယူအသင်းကိုသာ အလေးပေးမည်ဟု လီဗာပူးပရိသတ်များက စွပ်စွဲခဲ့ကြသလို မန်ယူနည်းပြ မော်ရင်ဟိုကလည်းတေလာမှာ ဒိုင်လူကြီးကောင်းတစ်ဦး ဖြစ်သော်လည်း လီဗာပူးပရိသတ်များ၏ ဖိအားဒဏ်ကြောင့် ပွဲကိုအကောင်းဆုံး ထိန်းသိမ်းရန် မလွယ်ကူကြောင်း ပွဲကြိုကာလအတွင်း ထင်မြင်ချက်ပေးခဲ့သည်။

သို့သော် ဒိုင်လူကြီး တေလာမှာ ပွဲကို အကောင်းဆုံး ကိုင်တွယ်နိုင်ခဲ့ပြီး မည်သည့်အမှားမျိုးကိုမျှ လုပ်ဆောင်ခဲ့ခြင်းမရှိကြောင်း ပွဲအပြီး သတင်းစာရှင်းလင်းပွဲတွင် မော်ရင်ဟိုက ထည့်သွင်းပြောကြားခဲ့ပြီးနောက် လီဗာပူးနည်းပြ ဂျာဂန်ကလော့ပ်က တေလာ၏ စွမ်းဆောင်ချက်ကြောင့်သာ ပွဲ၏ရသကို အပြည့်အဝ ခံစားခဲ့ရသည်ဟု မှတ်ချက်ပြုသည်။

ထို့ပြင် မော်ရင်ဟိုက ပေါ့ဘာ၏ ခြေစွမ်းအပေါ် မေးခွန်းထုတ်လိုက်ပြီး ပေါ့ဘာထံမှ ယခုထက်ကောင်းမွန်သည့် စွမ်းဆောင်ရည်ကိုရရှိနိုင်ရန် မျှော်လင့်နေကြောင်းလည်း ပြောကြားခဲ့သည်။ မန်ယူအသင်းသည် ပေါ့ဘာအတွက် ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေးပေးချေခဲ့ရသော်လည်း ဝင်ရောက်ကစားခဲ့သည့် ပွဲစဉ်အတော်များများတွင် ခြေစွမ်းမပြနိုင်ခဲ့ရာ ဒေါသထွက်နေသည့် မန်ယူပရိသတ်များကလည်း မန်ယူအသင်းအလိမ်ခံရသည်ဟု ၎င်းတို့၏ လူမှုကွန်ရက်စာမျက်နှာများတွင် မှတ်ချက်ပြုရေးသားခဲ့ကြပြီး ယင်းသို့ ရေးသားခဲ့သည့် သူများထဲတွင် မန်ယူ အသင်းခေါင်းဆောင်ဟောင်း ဂယ်ရီနဗီးလ်ပါ ပါဝင်နေခဲ့ သည်။

မန်ယူအသင်းသည် အဆိုပါ ပွဲစဉ်တွင် ဘောလုံးပိုင်ဆိုင်မှု ၃၅ရာခိုင်နှုန်းသာ ရှိခဲ့သလို ဂိုးပေါက်တည့် ကန်သွင်းချက်လည်း တစ်ကြိမ်သာ လုပ်ဆောင်နိုင်ခဲ့သည့်အတွက် ၂၀၀၃ခုနှစ်နောက်ပိုင်း အဆိုးရွားဆုံးကစားပုံဖြင့် ကစားခဲ့သည့် ပွဲစဉ်တစ်ပွဲအဖြစ် မှတ်တမ်းဝင်သွားခဲ့သော်လည်း မော်ရင်ဟိုကမူ မန်ယူအနေဖြင့် တစ်ဂိုး-ဂိုးမရှိဖြင့်ပင် အနိုင်ယူနိုင်ရန် အခွင့်အရေးရခဲ့ကြောင်း အံ့အားသင့်ဖွယ်ရာ ပြောကြားခဲ့သည်။

မော်ရင်ဟိုက ပေါ့ဘာမှာ ခံစစ်ကို ကူညီကစားသည့်အခါ ခြေစွမ်းပိုမိုကောင်းမွန်တတ်သော်လည်း တိုက်စစ်ပံ့ပိုးမှုအပိုင်းအတွက် ဝင်ရောက်ကစားသည့်အခါ ခြေစွမ်းပျောက်သွားသည်ကို ပြင်ဆင်ရမည်ဟု သတိပေးပြောကြားခဲ့သည်။

ပေါ့ဘာက ၎င်းအား ခံစစ်ပိုင်းထက် တိုက်စစ်ပံ့ပိုးဖော်သည့် ကစားသမားနေရာတွင် ထားကစားရန် နည်းပြမော်ရင်ဟိုအား တောင်းဆိုခဲ့သော်လည်း တကယ်တမ်း ကစားရသည့်အခါတွင်ခြေစွမ်းပိုင်း လုံးဝပျောက်ဆုံးနေခဲ့သည်ကို တွေ့ရသည်။ မော်ရင်ဟိုသည် လီဗာပူးနှင့် ပွဲစဉ်တွင် ပေါ့ဘာအား ဗဟိုပြကွင်းလယ်ကစားသမား ကွက်ပုံဖော်သည့် နည်းဗျူဟာချမှတ်ခဲ့ပြီး ပေါ့ဘာ၏ အမှားအယွင်းများကြောင့် မန်ယူမှာ ပွဲချိန်တစ်လျှောက် လီဗာပူး၏ ကစားကွက်အောက် လုံးဝကျရောက်နေခဲ့ခြင်း ဖြစ်သည်။

## အောက်တိုဘာ ၂၀/၂၁ ရက် ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ

**ချန်ပီယံလိဂ်အုပ်စုပွဲစဉ်များ**

| | | |
|---|---|---|
| အာဆင်နယ် - | လူဒိုဂိုရက်စ် | နံနက်-၁း၁၅ |
| ပီအက်စ်ဂျီ - | ဘေဆဲလ် | နံနက်-၁း၁၅ |
| နာပိုလီ - | ဘီဆီတပ်စ် | နံနက်-၁း၁၅ |
| ဒိုင်နမိုကိဗ် - | ဘင်ဖီကာ | နံနက်-၁း၁၅ |
| ဆဲလ်တစ် - | မိုချင်ဂလာဘတ် | နံနက်-၁း၁၅ |
| ဘာစီလိုနာ - | မန်စီးတီး | နံနက်-၁း၁၅ |
| ရော့စ်တော့ဗ် - | အက်သလက်တီကို | နံနက်-၁း၁၅ |
| ဘိုင်ယန်မြူးနစ် - | ပီအက်စ်ဗွီ | နံနက်-၁း၁၅ |

**ယူရိုပါလိဂ် အုပ်စုပွဲစဉ်များ**

| | | |
|---|---|---|
| ဆယ်လ်တာဗီဂို - | အေဂျက်စ် | ည-၁၁း၃၀ |
| စတန်းဒက်လီဂီ - | ပင်နယ်သီနိုင်ကို့စ် | ည-၁၁း၃၀ |
| စတူအာဘူခါရက် - | ဇူးရစ်ချ် | ည-၁၁း၃၀ |
| အိုစမန်လီစပေါ- | ဗီလာရီးယဲလ် | ည-၁၁း၃၀ |
| ဟာပိုးလ်ရှီဗာ - | စပါတာပရာဟာ | ည-၁၁း၃၀ |
| အင်တာမီလန် - | ဆောက်သမ်တန် | ည-၁၁း၃၀ |
| ရှက်တာဒိုးနက် - | ဂျန့် | ည-၁၁း၃၀ |
| ကွန်ယာစပေါ - | ဘရာဂါ | ည-၁၁း၃၀ |
| ဆလိုဖန် - | ဖီအိုရင်တီးနား | ည-၁၁း၃၀ |
| ကာရာဘတ် - | PAOK | ည-၁၁း၃၀ |
| ခရက်စ်နိုဒါ - | ရှော်လ်ကေး | ည-၁၁း၃၀ |
| ဆဲလ်ဘတ် - | နိုက်စ် | ည-၁၁း၃၀ |

မောင်မောင်ဇော်

မေလွဲသင်း –စုစည်းသည်

## အားကစားလောက သတင်းတိုများ

- မန်စီးတီးနည်းပြ ဂွါဒီယိုလာသည် ဘိုင်ယန်မြူးနစ်နောက်ခံလူ ဒေးဗစ်အာလာဘာအား ပေါင်သန်း၄၀ဖြင့် ခေါ်ယူနိုင်ရန် ဆွေးနွေးမှုများ စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။
- အင်တာမီလန်အသင်းသည် ပရိသတ်များနှင့် မပြေမလည်ဖြစ်နေသည့် အသင်းခေါင်းဆောင် အစ်ကာဒီနေရာတွင် အစားထိုးနိုင်ရန် ချယ်လ်ဆီး တိုက်စစ်မှူး ဘက်ရှူအာရီကို စောင့်ကြည့်နေပြီဖြစ်သည်။
- အေစီမီလန် တာဝန်ရှိသူများက ချယ်လ်ဆီးတွင်နေရာပျောက်နေသည့် ဖာဘရီဂတ်စ်အား ခေါ်ယူနိုင်ရန် ဆွေးနွေးမှုများ လုပ်ဆောင်ရန်အတွက် လန်ဒန်မြို့သို့ ရောက်ရှိနေသည်။
- အာဆင်နယ်တိုက်စစ်မှူး ယာယာဆိုင်နိုဂိုမှာလာမည့်နှစ် ဇန်နဝါရီ စျေးကွက်အတွင်း ပြင်သစ်ပထမတန်းကလပ် စိန့်အက်တီယန် အသင်းသို့ အငှားဖြင့် ပြောင်းရွှေ့မည်ဖြစ်သည်။
- ဝက်စ်ဘရွန်းအသင်းသည် ကိုယ်အလေးချိန်မြင့်တက်နေသည့် တိုက်စစ်မှူး ဘရာဟီနိုအတွက် အထူးလေ့ကျင့်ခန်းများ စီစဉ်ပေးလျက်ရှိကြောင်း ဒေးလီးမေးလ် သတင်းဌာနက ဖော်ပြသည်။
- ဆန်းဒါးလန်းအသင်းပိုင်ရှင် အီလစ်ရှော့ထ်သည် သူ၏အသင်းအမှတ်ပေးဇယားအောက်ဆုံးရောက်ရှိနေသည့်အတွက် မပျော်မရွှင်ဖြစ်နေပြီး ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလုပ်ဆောင်နိုင်ရန် တရုတ်ကုမ္ပဏီတစ်ခုနှင့် ဆွေးနွေးမှုများ စတင်လုပ်ဆောင်နေပြီဖြစ်သည်။

## ပွဲကြိုစကားသံများနဲ့ ပရိသတ်စိတ်ဝင်စားမှု မြင့်တက်နေတဲ့ ဘာစီလိုနာ–မန်စီးတီးပွဲစဉ်





ချန်ပီယံလိဂ်ပွဲစဉ် (၃)မှာ ပရိသတ် စိတ်ဝင်စားမယ့် ပွဲစဉ်အချို့ရှိပေမယ့် အားလုံးရဲ့ အာရုံကို အကြီးသိမ်းပိုက်ထားနိုင်တဲ့ ပွဲစဉ်တစ်ပွဲကတော့ ဘာစီလိုနာနဲ့ မန်စီးတီးတို့ရဲ့ ပွဲစဉ်ဖြစ်ပါတယ်။ ဒီပွဲစဉ်က အောက်တိုဘာ ၂၀ ရက် မြန်မာစံတော်ချိန် နံနက် ၁ နာရီ ၁၅ မိနစ်မှာ ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ အထူးသဖြင့် လက်ရှိမန်စီးတီးနည်းပြအဖြစ် ဆောင်ရွက်နေသူ ဂွါဒီယိုလာနဲ့ ဘာစီလိုနာတို့အကြား ခွဲမရအောင်ရှိခဲ့တဲ့ အောင်မြင်မှုများကြောင့်လည်း ဂွါဒီယိုလာ ဘာစီလိုနာကို ဘယ်လိုရင်ဆိုင်မှာလဲဆိုတာ ပိုပြီး စိတ်ဝင်စားနေကြတာပါ။ ဒီတော့ ဒီပွဲစဉ်အပေါ် ဘယ်သူတွေက ဘယ်လို ရှုမြင်နေကြသလဲဆိုတာကို ကြည့်ကြရအောင်ပါ။

မန်စီးတီးရဲ့ ကွင်းလယ်ကစားသမား ဂန်ဒိုဂန်ကတော့ ဘာစီလိုနာအကြောင်းကို ကောင်းကောင်းသိတဲ့ ဂွါဒီယိုလာကြောင့် မန်စီးတီးအသင်းဟာ ဘာစီလိုနာကို ချူးကမ့်ကွင်းမှာပဲ အနိုင်ယူပြနိုင်တယ်လို့ ဆိုလိုက်ပါတယ်။ ဂွါဒီယိုလာဟာ မက်ဆီကိုတားဆီးနိုင်တဲ့ နည်းလမ်းကို ကောင်းကောင်းသိသူဖြစ်ပြီး ဘာစီလိုနာကို အနိုင်ယူနိုင်မယ့် နည်းလမ်းကို ရှာဖွေထားပြီးဖြစ်တယ်လို့ ပြောပါတယ်။ ဒါပေမယ့် ၂၀၁၅ခုနှစ် ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ပထမအကျော့မှာ ဂွါဒီယိုလာရဲ့ ဘိုင်ယန်မြူးနစ်ဟာ ပွဲပြီးဖို့ ၁၀ မိနစ်အလိုလောက်ကျမှ မက်ဆီရဲ့ သွင်းဂိုး နှစ်ဂိုး၊ နေမာရဲ့ သွင်းဂိုး တစ်ဂိုးကို ဆက်တိုက်ခွင့်ပြုခဲ့ပြီး ချူးကမ့်ကွင်းမှာ သုံးဂိုးပြတ်နဲ့ အရေးနိမ့်ခဲ့တာကို ပရိသတ်များမေ့ဦးမှာ မဟုတ်ပါဘူး။ ဒီပွဲစဉ် မတိုင်မီတုန်းကလည်း ဘိုင်ယန်တိုက်စစ်မှူး မူလာက ဒီလိုစကားမျိုးကို ပြောခဲ့ဖူးပေမယ့် တကယ်တမ်းကျတော့ သုံးဂိုးပြတ်နဲ့ အရေးနိမ့်သွားခဲ့ရပါတယ်။

ဂွါဒီယိုလာကတော့ ချန်ပီယံလိဂ် လက်ကျန်ပွဲစဉ်လေးပွဲမှာ ခြောက်မှတ်ရဖို့ ကြိုးစားမှာ ဖြစ်တာကြောင့် ဘာစီလိုနာနဲ့ နှစ်ကျော့စလုံးအနိမ့်ဆုံး သရေရလဒ် ထွက်ပေါ်အောင်ကစားမယ်လို့ ရှင်းပြပါတယ်။ ဂွါဒီယိုလာက “ ကျွန်တော်ကတော့ အနိုင်ရလဒ်အတွက် သွားမှာပါပဲ။ ဒါပေမယ့် ဆဲလ်တစ်ကို အနိုင်မကစားနိုင်ပြီးနောက်မှာ ဘာစီလိုနာဆီက နှစ်ကျော့လုံးမှာ အမှတ်ရဖို့ ကြိုးပမ်းရတော့မှာ ဖြစ်သလို မိုချန်ဂလာဘတ်ကိုလည်း အဝေးကွင်းမှာ သွားကစားရမှာဆိုတော့ ဒါကလည်း မလွယ်လှပါဘူး” လို့ဆိုပါတယ်။ ဒီလက်ကျန် ပွဲစဉ်လေးပွဲမှာ အနည်းဆုံး ခြောက်မှတ်ရမှသာ ၁၆သင်း ရှုံးထွက်အဆင့်ကို တက်ရောက်နိုင်မှာ ဖြစ်တာကြောင့် ဘာစီလိုနာနဲ့ ပွဲမှာ ရှုံးနိမ့်လို့ မရဘူးလို့လည်း ကစားသမားသမားတွေကို ဂွါဒီယိုလာက သတိပေးထားခဲ့ပါတယ်။

ဘာစီလိုနာနည်းပြ အင်းနရစ်ကတော့ ကစားပွဲတစ်ပွဲဆိုတာ အကြိုခန့်မှန်းနေတာထက် တကယ်လက်တွေ့ကစားချိန်ရောက်မှသာ အဖြေထုတ်နိုင်တာကြောင့် ထင်မြင်ချက်ပေးဖို့ ငြင်းဆန်လိုက်ပါတယ်။ဘာစီလိုနာမှာ ကစားခဲ့ဖူးတဲ့ နောက်ခံလူ ဇမ်ဘရော့တာကတော့ အခု အင်းနရစ်လက်ထက် ဘာစီလိုနာရော ဂွါဒီယိုလာ လက်ထက် ဘာစီလိုနာရော အင်မတန်တောင့်တင်းကြတာ မှန်ပေမယ့် ဂွါဒီယိုလာကိုင်တွယ်ခဲ့တဲ့ ဘာစီလိုနာအသင်းမှာ ပါရမီရှင် ကစားသမားတွေ ပိုမို များပြားတယ်လို့ မှတ်ချက်ချပါတယ်။

စကိုင်းစပို့မှ အားကစားသုံးသပ်သူ ဘလာ့ဂ်ကတော့ ဘာစီလိုနာအသင်းက ဒီနှစ်ဘောလုံးရာသီမှာ နည်းဗျူဟာပိုင်း စမ်းသပ်မှုတွေကြောင့် အချို့ပွဲစဉ်တွေမှာ မထင်မှတ်တဲ့ ရလဒ်တွေ ထွက်ပေါ်နေတတ်ပေမယ့် တကယ်တမ်း အသင်းကြီးတွေအချင်းချင်း ယှဉ်ကစားရင် ရလဒ်ပိုင်း ဘယ်တုန်းကမျှ ယိမ်းယိုင်ခဲ့ခြင်းမရှိဘူးသေးတာကြောင့် ဘာပဲဖြစ်ဖြစ် ချူးကမ့်မှာတော့ ဘာစီလိုနာပဲလို့ သုံးသပ်ထားပါတယ်။

ချန်ပီယံလိဂ် အုပ်စုပွဲစဉ်တွေ မဲခွဲဆုံးဖြတ်ကတည်းက ဒီပွဲစဉ်အပေါ် အားကစားမီဒီယာတွေ စိတ်ဝင်စားမှုပိုခဲ့ပြီး အကြိုသုံးသပ်မှုတွေ အထူးအာရုံစိုက်ရေးသား ဖော်ပြခဲ့ကြသလို တကယ်တမ်း ကစားချိန်တော့မယ့် အချိန်မှာလည်း အခုလို ပွဲကြို သုံးသပ်ချက်တွေ ဝေဝေစီစီ ထွက်ပေါ်လာခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ဂွါဒီယိုလာဟာ တိုက်စစ်မှူး အဂူရိုကို အဲဗာတန်နဲ့ ပွဲအစမှာတောင်ထည့်မသုံးဘဲ ဘာစီလိုနာနဲ့ ပွဲစဉ်အတွက် ချန်ထားတဲ့ သဘောထားရှိခဲ့လို့ မန်စီးတီးအသင်း အနေနဲ့ ချူးကမ့်ကွင်းမှာ ဖြစ်ပေမယ့် တစ်ခုခုတော့ စွမ်းဆောင်ပြနိုင်ပါလိမ့်မယ်။

## နတ်မောက်မြို့နယ်၌ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်းဖွင့်လှစ်

**နတ်မောက် အောက်တိုဘာ ၁၈**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၇ ရက် နံနက် ၈ နာရီက မြို့နယ်ပြည်သူ့ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးအောင်က သင်တန်းဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းဖွင့်ပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ စုစုပေါင်း သင်တန်းသား ၁၅၇ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ အောက်တိုဘာ ၁၇ ရက်မှ ၂၁ ရက်အထိဖြစ်ကြောင်း သိရသည်။

သင်တန်းပို့ချမည့် ဌာနဆိုင်ရာများမှ စီမံခန့်ခွဲရေး၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေး၊ လူမှုဆိုင်ရာများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လှဝင်း(နတ်မောက်)**

## ရှာဖွေကယ်ဆယ်ရေးသင်တန်း မကွေးတိုင်းဒေသကြီး မီးသတ်ဖွင့်လှစ်

**မကွေး အောက်တိုဘာ ၁၈**

သဘာဝဘေးအန္တရာယ်များနှင့် ရုတ်တရက်ဖြစ်ပွားသည့် ဘေးအန္တရာယ်များဖြစ်ပေါ်လာပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသက်ကယ်လုပ်ငန်းသုံးပစ္စည်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်အသုံးပြုတတ်စေရန်အတွက် မကွေးတိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့ကရှာဖွေကယ်ဆယ်ရေးသင်တန်း (၁/၂၀၁၆) ကို အောက်တိုဘာ ၁၇ ရက် နံနက် ၉ နာရီခွဲက မကွေးတိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့ရုံး၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲသို့ မကွေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနိုင်ဦးတက်ရောက်ခဲ့ပြီး အဖွင့်အမှာစကား ပြောကြားရာတွင် မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် ယခင်ကလို မီးဘေးလုံခြုံရေးလုပ်ငန်းများသာမက သဘာဝဘေးနဲ့ အခြားရုတ်တရက်ဖြစ်ပွားတဲ့ ဘေးအန္တရာယ်များနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကိုပါ လုပ်ဆောင်နေရမှာဖြစ်တဲ့အတွက် လုပ်ငန်းကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်မြင့်မားစွာဖြင့် ပြည်သူများအတွက် အကျိုးပြုနိုင်သည့် တပ်ဖွဲ့ဝင်များဖြစ်စေရေး ကြိုးပမ်းသွားရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် (Hydraulic Ram, Cutter, Spreader, Lifting Bag, Air Cushion, B.A Set များအကြောင်းကို စာတွေ့ လက်တွေ့သင်ကြားပေးခြင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် အရေးကြီးဆုံး အချက်ဖြစ်သည့်အဆောက်အအုံအတွင်းသို့ ဝင်ရောက်ရာတွင် အမှတ်အသား ပြုလုပ်ခြင်း၊ လူနာသယ်ဆောင်နည်းအမျိုးမျိုး ရှေးဦးသူနာပြုစုနည်းအမျိုးမျိုး၊ မီးခိုးနှင့် အမှောင်ထုအတွင်း သွားလာလှုပ်ရှားမှုနည်းစနစ်များစသည့် သင်ခန်းစာများကို လက်တွေ့ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းကို မကွေးတိုင်းဒေသကြီးအတွင်းမှ မီးသတ်တပ်ဖွဲ့ဝင် ၅၀ ဖြင့် အောက်တိုဘာ ၁၇ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်သည်။

**ညီညီမောင်(မကွေး)**

# ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ် ရိုးရာခွာဒိုပွဲတော်သို့ တက်ရောက်ချီးမြှင့်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကြည့်ရှု



**ဟားခါး အောက်တိုဘာ ၁၈**

ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်သည် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ၊ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် တီးတိန်မြို့၌ ကျင်းပသည့်ရိုးရာခွာဒိုပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုခဲ့ကြောင်း သိရသည်။

တီးတိန်မြို့၌ ရောက်ရှိနေသော ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ၊ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များနှင့် တာဝန်ရှိသူများသည် အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းတွင် တီးတိန်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသစ်အဆောက်အအုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြပြီး တီးတိန်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ နှစ်ထပ်ကျောင်းဆောင် တည်ဆောက်နေမှုအခြေအနေနှင့် တီးတိန်မြို့နယ် တရားရုံးဆောက်လုပ်ပြီးစီးမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ချင်းပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တီးတိန်မြို့နယ် ရှောင်စောန်းကျေးရွာသို့ ရောက်ရှိကြရာ ဒေသခံ တိုင်းရင်းသားပြည်သူများက ရိုးရာယဉ်ကျေးမှုအကများဖြင့် ကြိုဆိုကြကာ ရှောင်စောန်းကျေးရွာ "ပါရှန်းတမန်တော်မြတ်ကြီး ပေါင်ကျင့်ဟောက် ဗိမာန်တော်"အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ အောက်တိုဘာ ၁၄ ရက် ညနေပိုင်းတွင် ရိုးရာခွာဒိုပွဲတော်ကို တီးတိန်မြို့နယ် လိုင်လိုးကျေးရွာ၌ ကျင်းပရာ ရိုးရာခွာဒိုပွဲအခမ်းအနားကို ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့်စက်မှု လက်မှုဝန်ကြီး ဦးဆလိုင်းအိုက်ဇက်ခင်၊ ပြည်နယ်အုပ်ချုပ်ရေး ဦးဦးပြုံးချိုနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ဒေသခံတိုင်းရင်းသားများက မီးရှူးတိုင်များထွန်းညှိ၍ ပျားအုံသယ်ဆောင်ကာ လာမည့်နှစ်အတွက် အတိတ်နိမိတ်ဖတ်ခြင်းနှင့် ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးခဲ့ကြသည်။

၂၀၁၆ ခုနှစ် ရိုးရာခွာဒိုပွဲတော်မုခ်ဦးဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၅ ရက် နံနက် ၉ နာရီက တီးတိန်မြို့ ကမ်ဟောက်ဘောလုံးကွင်း၌ ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်သတ္တုဝန်ကြီး ဦးမန်ဟင်းဒါလ်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထန်ဒိတ်ခုပ်၊ မြို့မိမြို့ဖ ဥက္ကဋ္ဌ ဦးရှန်ဇခမ်တို့က ရိုးရာခွာဒိုပွဲတော်မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အထိမ်းအမှတ်ကမ္ပည်း ကျောက်စာတိုင်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ သိက္ခာတော်ရဆရာတော် ဦးဆွင်းခင်းမုန်က အထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင်အား ကောင်းချီးပေးခြင်းနှင့် ဆုတောင်းမေတ္တာပို့သပြီး လွယ်ဘွာလ် ယဉ်ကျေးမှုအဖွဲ့က ရိုးရာအကဖြင့် ဖျော်ဖြေကြခဲ့သည်။

ထို့နောက် ရိုးရာခွာဒိုပွဲတော် အခမ်းအနားကို ဆက်လက်ကျင်းကြပရာ သဘာပတိကြီး ဦးနန်ဇမုန်က ရိုးရာခွာဒိုပွဲတော်နေ့ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲတို့က နှုတ်ခွန်းဆက်အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ တီးတိန်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဂိုဆွင်းခိုင်က ရိုးရာခွာဒိုပွဲတော်နေ့သမိုင်းကို ရှင်းလင်းတင်ပြပြီး ယဉ်ကျေးမှုအဖွဲ့များက ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ကပြခဲ့ကြရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ဂုဏ်ပြုဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ် ချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ခွာဒိုပွဲတော်နေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသော ဌာနဆိုင်ရာပြခန်းများနှင့် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

## အင်းဝမြို့ဟောင်း မြင်းလှည်းဝန်ဆောင်မှုတွင် အမျိုးသမီးမြင်းလှည်းမောင်းသူ ၂၀ ကျော်ပါဝင်



**မန္တလေး အောက်တိုဘာ ၁၈**

ခရီးသွားဧည့်သည် အများအပြား ဝင်ရောက်သည့် အောက်တိုဘာလဆန်းမှစကာ အင်းဝဒေသရှိ မြင်းလှည်းသမားများ အဆင်ပြေလျက်ရှိသည်။ အင်းဝဒေသတွင် မြင်းလှည်းဝန်ဆောင်မှုလုပ်ငန်းတွင် အမျိုးသမီးမြင်းလှည်း မောင်းသူ ၂၀ ကျော် ပါဝင်သည်။ မြင်းလှည်းမှာ အိုးတုတ္တန်းတွင် ဂိတ်ထိုးကာ အစီအစဉ်တကျ လိုက်ကြရသည်။ ဒေသအခေါ် ခရုပတ်တွင် မြင်းလှည်း ၂၀၀ ခန့် ဂိတ်ထိုးထားသည်။ မြင်းလှည်းဆရာများမှာ နိုင်ငံတကာ ခရီးသွား ဧည့်သည်များနှင့် ပြောဆိုမှုများလာသည့်အတွက် ကျွမ်းကျင်စွာ ပြောဆိုလာနိုင်ကြောင်းသိရသည်။

မြင်းလှည်းတစ်ခေါက် ထွက်ရလျှင် ငွေကျပ် ၁၀၀၀၀ ရကာ ပုံမှန်နေ့တွက်ဟု ပြောနိုင်သည်။ မြင်းအစာမှာ တစ်နေ့လျှင် ငွေကျပ် ၂၀၀၀ ကျော်ကုန်ကြသည်။ အမျိုးသမီးမြင်းလှည်းမောင်းသူများ မြင်းလှည်းမောင်းသည့် မြင်ကွင်းကို နိုင်ငံတကာ ခရီးသွားဧည့်သည်များက မှတ်တမ်းယူလေ့ရှိသည်။ လက်ရှိကာလတွင် မြင်းလှည်းတစ်စီးလျှင် နှစ်ခေါက်နှုန်းထွက်ရသည့်အတွက် အဆင်ပြေလျက်ရှိသည်။

လက်ရှိကာလ အင်းဝမြို့ဟောင်းတွင် ခရီးသွားဧည့်သည်များအတွက် ခရီးသွားဝန်ဆောင်မှု မြင်းလှည်းမောင်းလုပ်ငန်းမှာ အမျိုးသမီးများအတွက်ပါ အလုပ်အကိုင်အခွင့်အလမ်းရရှိနေသည်။ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းမှာလည်း တစ်နှစ်ထက်တစ်နှစ်တိုးတက်လာခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် ခရီးသွားဧည့်သည်ဝင်ရောက်မှု ၄ ဒသမ ၆ သန်းရှိသည်။ ၂၀၂၀ ပြည့်နှစ်တွင် ခရီးသွားဧည့်သည် ခုနစ်သန်းကျော်ရောက်ရှိနိုင်သည်ဟုလည်း ခန့်မှန်းထားသည်။

အင်းဝမြို့ဟောင်းမှ မြင်းလှည်း ဝန်ဆောင်မှုလုပ်ငန်းလုပ်သည့် မြင်းလှည်းဆရာများမှာ နိုင်ငံတကာခရီးသွားဧည့်သည်များကို အားထားနေရသည်။ ပုံမှန်ဆိုက်စည်းအရ နာမည်ကြီးသည့် နေရာလေးနေရာပို့ပေးပြီး အခြားနေရာကို သွားရောက်လိုပါက မြင်းလှည်းဝန်ဆောင်ခ ပိုပေးရသည်။ ခရီးသွားဧည့်သည်များနှင့် ပြောဆိုမှု များလာသည့်အတွက် အပြောအဆို တုံ့ဆိုင်းခြင်းမရှိဘဲ ရဲရင့်စွာ ပြောဆိုလာနိုင်ကြောင်း ဒေသခံမြင်းလှည်းမောင်းသည့် အမျိုးသမီးတစ်ဦးက ရှင်းပြသည်။

**တိမ်တမန်**

## လယ်ယာမြေကေ ၂၉၀ အတွက် လုပ်ပိုင်ခွင့် လက်မှတ်ပုံစံ(၇)ထုတ်ပေး

**နောင်မွန် အောက်တိုဘာ ၁၈**

ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မွန်မြို့နယ်အတွင်း ဒေသဝမ်းစာဖူလုံရေးစီမံချက်အရ ၂၀၁၃-၂၀၁၄ ခုနှစ်နတလ ရန်ပုံငွေဖြင့်တူးဖော်ထားသည့် ဧက ၂၉၀ အတွက် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ(၇)ပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၇ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

မြို့နယ်လယ်ယာစီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျမင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်လယ်ယာစီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး မြို့နယ်လယ်ယာ စီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘိုစိုးက လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇)ရရှိထားသည့် တောင်သူများလိုက်နာရမည့် အချက်အလက်များအား ရှင်းလင်းပြောကြားခဲ့ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)အား မြို့နယ်လယ်ယာစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးဇေယျမင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဂျီဖုန်ဆာရ်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမဘုဒဂုံတို့က ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

# တောင်သူများ မိုးဦးဖြင့် စိုက်ပျိုးသည့် ပင်ပြန့်မြေပဲခင်းများ စတင်နုတ်သိမ်း၊ မြေပဲအထွက်နှုန်းကောင်းမွန်ပြီး ဈေးကောင်းမရသဖြင့် တောင်သူများအကျိုးအမြတ်နည်းပါး

**ငါ့သရောက် အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ်အတွင်းရှိ အညာကျေးလက်ဒေသများတွင် ယခုအချိန် တောင်သူများ မိုးဦးမိုးဖြင့် စိုက်ပျိုးခဲ့သည့် ပင်ပြန့်မြေပဲစိုက်ခင်းများ စတင်နုတ်သိမ်းနေကြပြီဖြစ်ရာ ယခုနှစ်တွင် ငါ့သရောက်မြို့နယ်၌ မိုးလေဝသ မှန်ကန်ကောင်းမွန်ခဲ့မှုကြောင့် မြေပဲစိုက်တောင်သူများ မြေပဲအထွက်နှုန်းများ ကောင်းမွန်စွာရရှိခဲ့ပြီး မြေပဲဈေးနှုန်း မကောင်းသဖြင့် တောင်သူများအကျိုးအမြတ် နည်းပါးခဲ့ကြောင်း သိရသည်။

ငါ့သရောက်မြို့နယ်အတွင်းရှိ အညာကျေးလက်နေ တောင်သူများသည် မြေယာစိုက်ပျိုးရေးလုပ်ငန်းဖြင့် စီးပွားရေးကို အဓိကထားလုပ်ကိုင်ကြလေ့ရှိရာ စိုက်ပျိုးသည့်သီးနှံများမှာလည်း မြေပဲ၊ နှမ်း၊ ပဲစင်းငုံ၊ ပဲပိစပ်၊ ပဲနောက်၊ နွားစာအတွက် ပြောင်းသီးနှံများကို အများဆုံး စိုက်ပျိုးကြသည့်အပြင် ပင်ထောင်ခရမ်းချဉ်များကိုလည်း တွဲဖက်စိုက်ပျိုးကြသည်။

ငါ့သရောက်မြို့နယ်အတွင်း ပင်ပြန့်မြေပဲစိုက်ခင်း အခြေအနေများနှင့်ပတ်သက်၍ ဖြူကြီးကျေးရွာမှ တောင်သူတစ်ဦးက "ကျွန်တော်တို့မြို့နယ်မှာ ဒီနှစ် မိုးလေဝသမှန်ကန်ကောင်းမွန်လို့ တောင်သူတွေစိုက်ပျိုးထားတဲ့ သီးနှံစိုက်ခင်းတွေ အကုန်လုံးအောင်မြင်ဖြစ်ထွန်းကြပါတယ်။ သုံးလမြေပဲတုန်းကလည်း တောင်သူတွေ မြေပဲဆန်တစ်တင်းကျ မြေပဲတောင့်တင်းရေ (၃၅၊ ၄၀၊ ၅၀) အထိ ရရှိခဲ့ကြပါတယ်။ အခု ပင်ပြန့်မြေပဲခင်းတွေလည်း မြေပဲဆန်မျိုးစေ့ တစ်တင်းကျကို မြေပဲတောင့် တင်းရေ (၃၅၊ ၄၀)ခန့် ထွက်ရှိပါတယ်။ ဒါ့အပြင် အခုလို ပင်ပြန့်မြေပဲခင်းတွေ သိမ်းဆည်းတဲ့အချိန်မှာ နေ့စားအငှားလိုက်တဲ့ အမျိုးသား၊ အမျိုးသမီးတွေလည်း နေ့စဉ် အလုပ်နဲ့လက် မပြတ်လုပ်နေရတဲ့အတွက် အလုပ်ဖြစ်နေကြပါတယ်။

ကျွန်တော်တို့ရွာမှာ မြေပဲဖော်တဲ့အချိန်မှာ အမျိုးသားတစ်ဦးကို မြေပဲပုတ်ခ တစ်နေ့ ငွေကျပ် ၅၀၀၀ ခန့်၊ အမျိုးသမီးတစ်ဦးကို ငွေကျပ် ၃၀၀၀ ခန့်ပေးပြီး ငှားရမ်းရပါတယ်။ နေ့စားအလုပ်သမားတွေအတွက် နေ့စဉ်အငှားလိုက်နေရလို့ အဆင်ပြေပေမယ့် တောင်သူတွေကတော့ မြေပဲဈေးနှုန်း မကောင်းတဲ့အတွက်ကြောင့် အကျိုးအမြတ် နည်းပါးနေပါတယ်" ဟု ပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## ထားဝယ်ခရိုင်ပြည်သူ့စာကြည့်တိုက်တွင် ပန်းချီ၊ ပုံပြောပြိုင်ပွဲ ကျင်းပ

**ထားဝယ် အောက်တိုဘာ ၁၈**

ကျောင်းသားအရွယ်ကလေးငယ်များ အသိပညာဗဟုသုတကြွယ်ဝပြီး အနာဂတ်မျိုးဆက်သစ်လူငယ်လူရွယ်များ ထွက်ပေါ်လာစေရန်၊ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်မှုရရှိလာစေရန်၊ အာရုံစူးစိုက်မှုရရှိလာစေရန်၊ စာပေဗဟုသုတကြွယ်ဝပြီး ထူးချွန်ထက်မြက်လာစေရန်ရည်ရွယ်၍ အောက်တိုဘာ ၁၄ ရက် နံနက် ၉ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်သူ့စာကြည့်တိုက်အတွင်း ပန်းချီ၊ ပုံပြောပြိုင်ပွဲကို ကျင်းပခဲ့သည်။

မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများက ပုံပြောပြိုင်ပြီး ရောင်စုံပန်းချီရေးခြယ်ခြင်းများဖြင့် ယှဉ်ပြိုင်ခဲ့ရာ ထားဝယ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးသန်းမြင့်နှင့် ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများ၏ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးခဲ့သည်။

ပြိုင်ပွဲတွင် ထားဝယ်မြို့ မြို့တွင်းရပ်ကွက်နှင့် ပိန္နဲတောရပ်ကွက်များမှ အခြေခံပညာမူလတန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူ ၂၀ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ထားဝယ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးမှူးနှင့် ဝန်ထမ်းများက ပါဝင်ယှဉ်ပြိုင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများအား ကျောင်းသုံးဗလာစာအုပ်၊ ဘောပင်၊ ရောင်စုံခဲတံနှင့် ဆေးရောင်ခြယ်စာအုပ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထားဝယ်ခရိုင်(ပြန်/ဆက် )**

## ပုသိမ်ကြီးမြို့နယ်အတွင်းရှိ မိုးစပါးစိုက်ကေများအား ကွင်းဆင်းကြည့်ရှု

**ပုသိမ်ကြီး အောက်တိုဘာ ၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန ပုသိမ်ကြီးမြို့နယ် ငြိမ်းချမ်းသာစံအုပ်စုရှိ မိုးစပါးစမ်းသပ် စိုက်ကွက်များသို့ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက စိုက်ပျိုးထားရှိမှုအခြေအနေများ၊ အောင်မြင်ဖြစ်ထွန်းမှုအခြေအနေများအား အောက်တိုဘာ ၁၅ ရက် နံနက် ၈ နာရီခွဲက လာရောက်ကြည့်ရှုခဲ့သည်။

ယင်းသို့လာရောက်ကြည့်ရှုစစ်ဆေးရာတွင် တောင်သူဦးကျော်မြင့်၏ ကွင်းအမှတ် ၄၄၉ တွင် စိုက်ပျိုးထားသည့် မျိုးသန့်မျိုးပွား မိုးစပါး ရွှေသွယ်ရင် ဧက ၂၀ စိုက်ကွက်ရှိ ၆၇ ရက်သက်တမ်းရှိ စပါးစိုက်ဧကများ စိုက်ပျိုးထားမှုအခြေအနေများ၊ မန္တလေးမြို့ ဗဟိုစိုက်ပျိုးရေးခြံအတွင်း စိုက်ပျိုးထားသည့် ဧရာမင်း၊ မနောသုခစပါးများ စိုက်စနစ်ယှဉ်ပြိုင်စမ်းသပ်ကွက်များကို လေ့လာကြည့်ရှုခဲ့သည်။

ဆက်လက်၍ တောင်ငူစုကျေးရွာ တောင်သူဦးချစ်မောင်၏ ကွင်းအမှတ် ၄၅၅ ရှိ ရွှေသွယ်ရင်မျိုးသန့်စပါးဖြင့် စိုက်နည်းစနစ် (၅)မျိုးဖြင့် ယှဉ်ပြိုင်စမ်းသပ်ကွက်အား ကွင်းဆင်းကြည့်ရှုသည်။ ယင်းနောက် ကွင်းတာဝန်ခံအား သိရှိလိုသမျှ မေးမြန်း၍ လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။ အဆိုပါကွင်းဆင်းကြည့်ရှုရာသို့ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင်ထွန်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးလှမြင့်အောင်၊ တိုင်းဒေသကြီး ဦးစီးမှူး ဦးကျင်မောင်နှင့် ခရိုင်ဦးစီးမှူးတို့က ကွင်းဆင်းကြည့်ရှုခဲ့ပြီး ညွှန်ကြားရေးမှူးချုပ်က မျိုးသန့်မျိုးပွားစိုက်ခင်းမှ ထွက်ရှိလာသည့် မျိုးသန့်စပါးများကို စနစ်တကျ သိုလှောင်ဖြန့်ဖြူးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များကို ကျေးရွာတစ်ရွာချင်းအလိုက် မျိုးတစ်မျိုးထဲ မျိုးသန့်ဇုန်များပေါ်ထွန်းလာအောင် စိုက်ပျိုးရေး၊ သီးနှံတစ်မျိုးထဲကိုသာ မစိုက်ပျိုးဘဲ သီးနှံပုံစံအရ ပဲမျိုးစုံ သီးနှံများကို စိုက်ပျိုးရန်လိုကြောင်း၊ ပဲမျိုးစုံ မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။



ပုသိမ်ကြီးမြို့နယ်အတွင်း ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း မိုးစပါးစိုက်ဧကပေါင်း ၂၄၅၆၃ ဧကရှိပြီး ငြိမ်းချမ်းသာစံအုပ်စုတွင် ၁၀၂၅ ဧက စိုက်ပျိုးထားကြောင်း သိရသည်။

**ဖြိုးဝေ(ဆင်တဲဝ)**

## ဆံတော်ရှင်ကန်ကြီးစေတီတော်မြတ်ဂေါပကအဖွဲ့မှ ကြီးမှူးကျင်းပသော(၁၄၂)ကြိမ်မြောက် မြို့လုံးကျွတ် ဆွမ်းကြီးလောင်းပွဲကျင်းပ

**မုဒုံ အောက်တိုဘာ ၁၈**

မွန်ပြည်နယ် မုဒုံမြို့ ဆံတော်ရှင်ကန်ကြီးစေတီတော်မြတ် ဂေါပကအဖွဲ့မှကြီးမှူးကျင်းပသော (၁၄၂) ကြိမ်မြောက် မြို့လုံးကျွတ် ဆွမ်းကြီးလောင်းပွဲကို အောက်တိုဘာ ၁၆ ရက် နံနက် ၇ နာရီခွဲက ကျင်းပခဲ့သည်။

အဆိုပါ ဆွမ်းကြီးလောင်းလှူပွဲကို ဗိုလ်ချုပ်လမ်း မင်းတန်းရပ်တွင် ပြုလုပ်ခဲ့ရာ မုဒုံမြို့နယ်အတွင်း ဘုန်းတော်ကြီးကျောင်း ၆၈ ကျောင်းမှ သံဃာအပါး ၁၈၇၂ ပါး၊ သီလရှင်ကျောင်း ၁၁ ကျောင်းမှ သီလရှင် ၁၃၂ ပါးတို့အား မုဒုံမြို့လုံးဆိုင်ရာ ဗဟိုသံဃာတော်ဆွမ်းလောင်းအဖွဲ့များမှ ဒံပေါက်၊ ဆွမ်းဟင်းများ၊ စာရေးတံမဲများ စုစုပေါင်းအလှူတော်ပစ္စည်းတန်ဖိုး ကျပ်သိန်း ၃၀၀ ခန့် လောင်းလှူပူဇော်ခဲ့ကြောင်း သိရသည်။

**မုဒုံ(ပြန်/ဆက်)**

## ရွှေရတုအထိမ်းအမှတ် ဆွမ်းသိမ်းအောင်ပွဲ သာစည်တွင်ကျင်းပ

**သာစည် အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် မဟာဝိသုတာရာမ ဘုရားကြီးကျောင်းတိုက်၏ အကြိမ် (၅၀)မြောက် ရွှေရတုအထိမ်းအမှတ် ဆွမ်းသိမ်းအောင်ပွဲနှင့် (၂) နှစ်ကြိမ်မြောက် ဆီမီးတစ်ထောင် ပူဇော်ပွဲကို အောက်တိုဘာ ၁၆ ရက် ညနေ ၄ နာရီခွဲတွင်ပြုလုပ်ခဲ့ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် မဟာဝိသုတာရာမ ဘုရားကြီးကျောင်းတိုက် ဂေါပကအဖွဲ့ တို့ကကြီးမှူး၍ အမှတ်(၇) ရပ်ကွက် လူငယ်မောင်မယ်များက မြို့တွင်းသို့ အတီးအမှုတ်အကအခုန်များမဖြင့် လှည့်လည်ကြသည်။

အမှတ်(၇)ရပ်ကွက် လူငယ်မောင်မယ် ဆွမ်းဆန်တော်ဝတ်အသင်းသည် ဝါတွင်းသုံးလပတ်လုံး ဥပုသ်နေ့တိုင်း လှည့်လည်၍ အလှူခံခဲ့ကြောင်း သိရသည်။

**မောင်ကို(သာစည်)**

## နေပြည်တော်တွင် အရာရှိမွမ်းမံသင်တန်းဖွင့်

**နေပြည်တော် အောက်တိုဘာ ၁၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်) မှ ကြီးမှူးဖွင့်လှစ်သည့် အရာရှိမွမ်းမံသင်တန်း (၁/၂၀၁၆)ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်) သင်တန်းကျောင်း ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေက သင်တန်းအဖွင့်အမှာစကား ပြောကြားခဲ့သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်) မှ ညွှန်ကြားရေးမှူး (စီမံ) ဦးအေးကြွယ်၊ ညွှန်ကြားရေးမှူး (ပြန်/ဆက်) ဦးကျော်ဆင့်၊ နေပြည်တော် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

အရာရှိအထူးမွမ်းမံသင်တန်း (၁/၂၀၁၆) တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ ဦးစီးအရာရှိ ၃၅ ဦးတို့အား အောက်တိုဘာ ၁၇ ရက်မှ ၂၈ ရက်ထိ ရက်သတ္တ နှစ်ပတ်ကြာ ပို့ချသွားမည်ဖြစ်သည်။

**ထွန်းထွန်းဝင်း**

## ကျောက်ပန်းတောင်းမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးအထောက်အကူပြုမည့် မြေသားလမ်းဖောက်လုပ်မှုလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး

**ကျောက်ပန်းတောင်း အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေဖြင့်၊ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအထောက်အကူပြုမည့် ကျေးရွာကုန်ထုတ်လမ်းများကို တင်ဒါစနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုခဲ့ရာ အောက်တိုဘာ ၁၇ ရက် နံနက် ၁ နာရီက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာများက အုံ့မှုံ့ရိုး-ကန်နှစ်ဆင့်လမ်း အရှည် (၁/၄) မိုင်၊ အကျယ် ၁၈ ပေနှင့် အမြင့် ၂ ပေ ဆောင်ရွက်မှုလုပ်ငန်းအား ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။


ကျောက်ပန်းတောင်းမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း၊ ကျေးရွာကုန်ထုတ်လမ်းများဖြစ်သည့် သန်းကုန်း-သန်းကြီးကုန်းလမ်း အရှည်တစ်မိုင်၊ ငါ့ရှန်တောင်လမ်းအရှည်နှစ်မိုင်၊ နဘဲတန်း-ပန်းကြိုင်လမ်း အရှည်တစ်မိုင်၊ ရွာကောက်ကျေးလက်လမ်း အရှည်တစ်မိုင်၊ လှည်းပြစ်တောင်-တောင်ပေါ် ဗလုံလမ်း အရှည် (၁ ဒသမ ၂) မိုင်၊ သုံးအိမ်ကုန်း-ဆင်ဂေါင်းလမ်း အရှည် (၁ ဒသမ ၂) မိုင်နှင့် အုံ့မှုံ့ရိုး-ကန်နှစ်ဆင့်လမ်းအရှည် (၁ ဒသမ ၄) မိုင်၊ စသည့်ကျေးလက်ဖွံ့ဖြိုးရေးလမ်း (၇)လမ်း စုစုပေါင်းအရှည် (၈ ဒသမ ၈) မိုင်ကို ခွင့်ပြုရန်ပုံငွေကျပ် ၃၁၉ ဒသမ ၃၀၇ သန်းဖြင့် မိုးမြတ်မဟာကုမ္ပဏီက တင်ဒါအောင်မြင်၍ ဆောင်ရွက်ခွင့်ရရှိခဲ့သည်။

မြို့နယ်ဦးစီးမှူး ဒေါ်မြင့်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာများသည် အုံ့မှုံ့ရိုး-ကန်နှစ်ဆင့်လမ်းပိုင်းတွင် ဆောင်ရွက်မည့်ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ လမ်းမြေသားခင်းလုပ်ငန်းတွင် လမ်းအကျယ်နှင့် အမြင့်တို့ကို စံချိန်၊ စံညွှန်းနှင့်အညီ ဆောင်ရွက်ပေးရန်နှင့် ဒေသခံများအနေဖြင့်လည်း မိမိတို့ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်သည့်အတွက် လုပ်ငန်းဆောင်ရွက်မည့် တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်လုပ်ကိုင်ပေးနိုင်ရေးဆွေးနွေးခဲ့ကြောင်း သိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ် (အင်္ဂါနေ့)တိုင်း စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)




## မဟာဘုတ်တော်ရာဇဝင်ကျမ်း

ကွယ်လွန်သူ ဆရာမင်းသိခ်ရေးသားပြုစုခဲ့သည့် ရှေးမြန်မာမင်း(၁၂၂)ပါးတို့၏ ကံကြမ္မာကျမ်းဟုလည်းခေါ်ဆိုသော "မဟာဘုတ်တော် ရာဇဝင်ကျမ်း" ဒုတိယအကြိမ် ပြန်လည်ထုတ်ဝေထားသည်။

ဆရာမင်းသိခ်က မြန်မာရာဇဝင်တွင် သရေခေတ္တရာခေတ်မှ မင်းဆက်(၂၇)ပါး၊ ပုဂံခေတ်မှ မင်းဆက်(၅၅)ပါး၊ အင်းဝခေတ်မှ မင်းဆက်(၂၉)ပါး၊ ကုန်းဘောင်ခေတ်မှ မင်းဆက်(၁၁)ပါး ပေါင်း မင်းဆက်(၁၂၂)ပါးတို့၏ မဟာဘုတ်များကို တွက်ချက်ပေးထားရုံမျှမက နန်းတက်သောတိုင်၊ နန်းကျသောတိုင်ဟူသည့် သုံးတန်ပေါ်နိစ်တိုင်များပါ ထုပေးထားသည်။ ထို့အပြင် နန်းကျသောနှစ်များတွင် ယတြာချေမည်ဆိုလျှင် ဤသို့ယတြာချေရမည်ကို တွက်ချက်ပေးထားပြီး ထိုသို့ယတြာချေမည်ဆိုပါက နန်းမကျနိုင်ကြောင်းတို့ကို ပြည့်ပြည့်စုံစုံ မျှော်တွေးရေးသားထားသည်။ ဤသို့ရေးသားခဲ့ခြင်းမှာ မဟာဘုတ်ဗေဒင် သုံးတန်ပေါ် နိစ်ဗေဒင်ပညာကို စိတ်ဝင်စားသူများ လေ့လာနိုင်ရန်အတွက်လည်းကောင်း၊ သုတေသနပြုလိုသူများ အသုံးပြုနိုင်ရန်အတွက်လည်းကောင်း၊ ဆရာကြီးမင်းသိခ်ကို ယုံကြည်သူများ အသုံးပြုနိုင်ရန်အတွက်လည်းကောင်း ရေးသားထားခဲ့ဟန်တူသည်။ ဆရာကြီးမင်းသိခ်အနေဖြင့် ဇာတာတော်ပုံကျမ်းများကို လွန်စွာအလေးထားသူဖြစ်သောကြောင့် သူပြုစုခဲ့သောကျမ်းကို ပြန်လည်မျှဝေပေးထားခြင်းဖြစ်သည်။

**အဆိုပါစာအုပ်ကို မရမ်းတလင်းစာပေ၊ အမှတ်(၁၄)၊ ကျောက်ရေတွင်းလမ်း၊ ကျောက်မြောင်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၁-၅၄၃၂၉၇ က တန်ဖိုး ကျပ် ၅၀၀၀ ဖြင့်ဖြန့်ချိထားသည်။**




## ကျွန်တော်သိသောလွှတ်တော်ကိုယ်စားလှယ်များအတွဲ(၂)

ဒီမိုကရေစီနိုင်ငံသစ်တည်ဆောက်ရေးတွင် အရေးပါသည့်ဥပဒေပြုရေးမဏ္ဍိုင်မှ လွှတ်တော်ကိုယ်စားလှယ်များ၏ အကြောင်းအရာများကို ရေးသားနေသည့် မောင်တွေးထက်၏ "ကျွန်တော်သိသော လွှတ်တော်ကိုယ်စားလှယ်များ အတွဲ(၂) ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ယခင်စာအုပ်နှင့်မတူ တစ်မူကွဲပြားထူးခြားသည့် ခေါင်းဆောင်များပါဝင်လာသည်။ အထူးသဖြင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ လွှတ်တော်အခင်းအကျင်းသို့ စတင်လျှောက်လှမ်းခဲ့သည့် ၂၀၁၂ ခုနှစ်မှ စတင်အခြေပြုထားသည်ကို တွေ့ရသည်။ ထိုကာလလွှတ်တော်ကိုယ်စားလှယ်တာဝန်ထမ်းဆောင်ခဲ့သည့်ကာလ ဆောင်ရွက်ခဲ့သည့် အဖွဲ့အစည်းများနှင့် မြန်မာ့နိုင်ငံရေးသမိုင်းတစ်လျှောက် ဘဝဖြစ်စဉ်များကို အကျဉ်းရုံးဖော်ပြထားသည်။ ထို့နောက် တပ်မတော်တွင် ဗိုလ်ချုပ်ကြီးအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ပထမအကြိမ်ပြည်သူ့လွှတ်တော်တွင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သည့် သူရဦးရွှေမန်း၏ လွှတ်တော်သက်တမ်းကာလအတွင်း ဆောင်ရွက်ချက်များသာမက နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့မှု သမိုင်းမှတ်တိုင်များကိုပါ ဖော်ပြထားသည်။ ထို့အပြင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ သုံးကြိမ်ဆက်တိုက်အနိုင်ရကိုယ်စားလှယ် ဦးအောင်ကြည်ညွန့်၊ ဆရာဝန် နိုင်ငံရေးသမား ဒေါက်တာသန်းဝင်း၊ ဒေါက်တာမြတ်ဉာဏစိုး၊ ကချင်တိုင်းရင်းသူ ဒေါ်ဒွဲဘူ၊ ဦးသိန်းထွန်းနှင့်ဦးဘရှိန်တို့၏ အကြောင်းများကိုဖော်ပြထားသည်။

**အဆိုပါစာအုပ်ကို မဇ္ဈိမစာပေ၊ အမှတ်(၂၃၇)၊ ပထမထပ်(ဝဲ)၊ (၃၉)လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၉၂၈၃၅ က တန်ဖိုးကျပ် ၂၅၀၀ ဖြင့်ဖြန့်ချိထားသည်။**




## အောင်မြင်ကျော်ကြားသည့်ရှေ့နေဖြစ်နည်းလမ်းညွှန်

လွင်စာပေမှ ဦးညီညီလွင်(B.Econ,Eco) စီစဉ်သည့် ဦးမြင့်လွင်(တရားလွှတ်တော်ရှေ့နေ)ရေးသားပြုစုထားသော "အောင်မြင်ကျော်ကြားသည့် ရှေ့နေဖြစ်နည်းလမ်းညွှန်"စာအုပ်ထွက်ရှိလာသည်။

ရှေ့နေဖြစ်နည်းလမ်းညွှန်စာအုပ်ကို စာရေးသူက အောင်မြင်ကျော်ကြားသော ရှေ့နေတစ်ယောက်ဖြစ်လိုသူများအတွက် နည်းကောင်းလမ်းကောင်းများကို တင်ပြပေးထားသည်။ ရှေ့နေစာပေကိုလေ့လာရာ၌ ဆရာတော်ရှင်မဟာရဋ္ဌသာရနှင့် ဆရာကြီး ဦးဖေမောင်တင်၊ ဆရာကြီး ရွှေဥဒေါင်း၊ ဥပဒေပညာရှင် ဒေါက်တာဘဟန်တို့ လမ်းညွှန်ဩဝါဒများ ထည့်သွင်းထားသည်။ ထို့အပြင် ဥပဒေပုဒ်မများကို မမေ့စေရန် နေ့နံဖြင့်မှတ်သားနည်း၊ ဗေဒင်နည်း၊ သင်္ချေပနည်းများကိုလည်းကောင်း၊ ပြန်လှန်စစ်ဆေးမေးမြန်းနည်းအတတ်ပညာ၊ ရှေ့နေပညာ၊ ဥပဒေပညာများနှင့် တရားလွှတ်တော်ရှေ့နေများ ဆောင်ရန်၊ ရှောင်ရန်တို့ကိုပါ ပြည့်စုံစွာတင်ပြထားသည်။ စာအုပ်တွင် အခန်းပေါင်း (၇)ခန်းပါဝင်ပြီး ရှေ့နေကောင်းတစ်ယောက်ဖြစ်လာစေရန်အတွက် အသေးစိတ်လေ့လာအပ်သည့် အချက်များကို ပညာရပ်အလိုက် အခြေခံအဆင့်မှစ၍ အဆင့်မြင့်အဆင့်အထိ မချွင်းမချန်ဖော်ပြထားရာ လက်တွေ့နယ်ပယ်အတွက် အသုံးဝင်မည့်စာအုပ်တစ်အုပ်ဖြစ်သည်။

**အဆိုပါစာအုပ်ကို လွင်စာပေ၊ (ရန်ကုန်) အမှတ်(၃၉)၊ မှန်ရဝေလမ်း၊ ဆရာစံမြောက်၊ အရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉၇၃၀၈၂၃၁၁ က တန်ဖိုးကျပ် ၇၀၀၀ ဖြင့်ဖြန့်ချိထားသည်။**




## အကောင်းဆုံးအင်္ဂလိပ်စကားပြော

ဘာသာပြန်စာပေများစွာကို ရေးသားနေသည့် စာရေးဆရာဟိန်းလတ်က အင်္ဂလိပ်စကားကို လူငယ်လူရွယ်လူကြီးမကျန် အလွယ်တကူလေ့လာနိုင်ရန် အတွက် "အကောင်းဆုံးအင်္ဂလိပ်စကားပြော"စာအုပ်ကို ထုတ်ဝေလိုက်သည်။

အင်္ဂလိပ်စကားပြောစာအုပ် သူ့နည်းသူ့ဟန်သူ့ပေတန်ဖြင့် အများအပြားထွက်ရှိနေသောအချိန်တွင် လိုအပ်နေသောကွက်လပ်များကို ထပ်မံဖြည့်စွက်၍ နိုင်ငံတကာအတွေ့အကြုံများနှင့် ပေါင်းစပ်ဖော်ပြထားသည်။ အပိုင်း(၁)တွင် အင်္ဂလိပ်စားပြောနည်းပုံစံကို ခေတ်အမီဆုံးနည်းဖြင့် တင်ပြထားသည်။ နေ့စဉ်သုံးစကားများကို သီးသန့်အဘိဓာန်ထုတ်ပေးထားသည်။ အပိုင်း(၂)တွင် ပုံသေကားကျပြောရမည့် စကားပြောပုံစံများကို အကန့်လိုက်၊ အခန်းလိုက်ခွဲပြီး အပြန်အလှန်ပြောစကားပုံစံများကို ဥပမာများဖြင့်တင်ပြထားသည်။ အပိုင်း(၃)တွင် အင်္ဂလိပ်စကားပြောစကားစုများကို အေ မှ ဇက်အထိ အက္ခရာစဉ်အလိုက်စဉ်ပြီး ပြည့်စုံအောင်ဖော်ပြပေးထားသည်။ အပိုင်း(၄)တွင် မျက်မှောက်ခေတ် အသုံးအများဆုံးနှင့်ခေတ်အမီဆုံး စကားပြောပုံစံ ၃၅၁ မျိုးကို စုစည်းဖော်ပြထားသည်။ အင်္ဂလိပ်စကားပြောကို ပညာတတ် အသိုင်းအဝိုင်းတွင် နိစ္စဓူဝပြောဟန်ဆိုဟန်ကျအောင် အဆင့်မြင့်မြင့်စုစည်းထားသည်။

**အဆိုပါစာအုပ်ကို မဇ္ဈိမစာပေ၊ အမှတ်(၂၃၇)၊ ပထမထပ်(ဝဲ)၊ (၃၉)လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၉၂၈၃၅ က တန်ဖိုးကျပ် ၂၅၀၀ ဖြင့်ဖြန့်ချိထားသည်။**




## ကျန်းမာစေဖွယ်ဟင်းချက်မယ်

မတူကွဲပြားသည့် ကျန်းမာရေးသုတများကို ရရှိစေနိုင်မည့် "ကျန်းမာစေဖွယ် ဟင်းချက်မယ်"စာအုပ်ကို ကျန်းမာရေးဗဟုသုတများအား စာနယ်ဇင်းများတွင် ရေးသားနေသည့် စာရေးသူ ပေါက်ပေါက်က ၁၂ အုပ်မြောက်စာအုပ်အဖြစ် ထုတ်ဝေလိုက်သည်။

ကျန်းမာစေဖွယ် ဟင်းချက်မယ် စာအုပ်တွင် မြန်မာတိုင်းရင်းသားများ နေ့စဉ်စားသုံးနေကြသော အစားအစာများကို မူလသဘာဝအာဟာရတန်ဖိုး မပျက်စေဘဲ အရသာရှိရှိချက်ပြုတ်နိုင်သော နည်းလမ်းကောင်းများစွာဖြင့် အမျိုးစုံလင်အောင် ရေးသားဖော်ပြထားသည်။ ထို့အပြင် ဖော်ပြထားသည့် အစားအစာများ၏ နောက်ခံအကြောင်းရာဇဝင်များကိုလည်း ဗဟုသုတဖြစ်ဖွယ် အသိပေးမျှဝေထားသည်။ လူတို့အသက်ရှင်သန်ရေး၌ အစားအသောက်များမှာ အထူးအရေးပါသောအခန်းကဏ္ဍမှပါဝင်နေသဖြင့် နေ့စဉ်ချက်ပြုတ်စားသောက်နေကြသည့် အစားအစာများကို ကျန်းမာစေဖွယ် ဟင်းချက်ပြုတ်နည်းများစွာအနက်မှ ခွန်အားဖြစ်စေမည့် ပဲပြုတ်သုပ်၊ ကျန်းမာစေသည့် မုန်လာဥနီ၊ ကင်ဆာရောဂါမျိုးစုံအတွက် ပန်းဂေါ်ဖီ ဟင်းတစ်ခွက်၊ ခန္ဓာကိုယ်တွင်း အပူငြိမ်းစေမည့် သခွားသီးသုပ်၊ သုက်အားကောင်းစေသည့် ဒန့်သလွန်သီး ငါးရံ့ဟင်းလျာ၊ ဟင်းသီးဟင်းရွက်အနုအရင့်ရွေးချယ်နည်း စသည့် ဟင်းချက်နည်းမျိုးစုံပါဝင်သည်။

**အဆိုပါစာအုပ်ကို မဇ္ဈိမစာပေ၊ အမှတ်(၄၇)၊ (၁)လမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့က ပထမအကြိမ်အဖြစ် တန်ဖိုးကျပ် ၁၂၀၀ ဖြင့်ဖြန့်ချိထားသည်။**




## စာပေရေးသားနည်း(ပေါင်းချုပ်)

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းတို့တွင် ဖွင့်လှစ်သင်ကြားပေးခဲ့သော အခြေခံစာရေးနည်းသင်တန်းအမှတ်စဉ်(၁)မှ(၆) အထိ ဆရာချစ်နိုင်(စိတ်ပညာ)၏ ဆွေးနွေးပို့ချမှုများကို ပြန်လည်စုစည်းဖော်ပြထားသည့် စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ၂၀၀၀ ပြည့်နှစ်က ထုတ်ဝေခဲ့သော စာရေးသားနည်း စာအုပ်နှင့် ၂၀၁၂ ခုနှစ်က ထုတ်ဝေခဲ့သော စာပေရေးသားနည်း စာအုပ်နှစ်အုပ်တို့အပြင် နောက်ထပ်စာမူအသစ်များ ထပ်မံဖြည့်စွက်ကာ စာပေရေးသားနည်း (ပေါင်းချုပ်)အဖြစ် ပြုစုထုတ်ဝေထားခြင်းဖြစ်သည်။ စာရေးဆရာ၏ စာပေနယ်ပယ်တွင် နှစ်ပေါင်းများစွာ ဖြတ်သန်းခဲ့ရသော စာပေအတွေ့အကြုံများကို စုစည်းဖော်ပြထားသည့်အတွက် စာပေရေးသားနည်းလိုက်စားလိုသူ စာပေမြတ်နိုးသူများအတွက် အထောက်အပံ့ဖြစ်စေနိုင်သည်။ ထိုစာအုပ်ကိုလေ့လာဖတ်ရှုခြင်းအားဖြင့် သတင်း၊ ဆောင်းပါး၊ သတင်းဆောင်းပါး၊ ကဗျာ၊ ဝတ္ထုစသည်တို့ကို အသက်မွေးဝမ်းကျောင်းအလုပ်တစ်ခုအဖြစ် တတ်မြောက်နိုင်ပြီး ထိုသို့မဟုတ်လျှင်လည်း လုပ်ငန်းခွင်နယ်ပယ်အရပ်ရပ်တွင် ဦးစီးခေါင်းဆောင်တစ်ဦးအဖြစ် ဦးဆောင်မည့်သူတစ်ဦးအတွက် လေ့လာသင့်သောစာအုပ်တစ်အုပ်ဖြစ်သည်။

**အဆိုပါစာအုပ်ကို ဦးကောင်းထိုက်၊ နိုင်စာပေ၊ အမှတ်(၁၅၀)၊ ရတနာလမ်း၊ ရတနာအိမ်ရာ၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုး ကျပ် ၂၀၀၀ ဖြင့်ဖြန့်ချိထားသည်။**

## ဆဋ္ဌမအကြိမ်မြောက် အသက် ၇၅ နှစ်အထက် အဘိုးအဘွား ယောဂီများအား ပူဇော်ကန်တော့

**ကျောင်းကုန်း အောက်တိုဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက်တွင် ကိန်းဝပ်စံပယ်တော်မူသော မြို့၏ကျက်သရေဆောင် မျက်ရှင်တော်ပြည်လုံးချမ်းသာဘုရားကြီး အာစိဏ္ဏကံ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ ဓမ္မအောင်မြေ ဗိမာန်တော်ကြီးအတွင်း၌ ဆင်ယင်ကျင်းပအပ်သော ဆဋ္ဌမအကြိမ်မြောက်ဆရာတော်ကြီး ဉူးဇဋိလ နှင့် အသက်(၇၅)နှစ်အထက် အဘိုး အဘွား ယောဂီများအား ပူဇော်ကန်တော့ပွဲကို အောက်တိုဘာ ၁၆ ရက် (သီတင်းကျွတ်လပြည့်နေ့) နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဆရာတော်ကြီးနှင့် အသက်(၇၅)နှစ် အထက် အဘိုးအဘွား ယောဂီများ ပူဇော်ကန်တော့ပွဲ ရသုံးငွေစာရင်းရှင်းတမ်းအားယောဂီ ဦးသန်းမြင့်က ဖတ်ကြားခဲ့ပြီး၊ ဆရာတော်ကြီးအား ကန်တော့ခြင်းနှင့် ကိုးပါးသီလခံယူဆောက်တည်ခဲ့သည်။

ယင်းနောက် မျက်ရှင်တော်ပြည်လုံးချမ်းသာဘုရားကြီးသို့ အလှူငွေကျပ်တစ်သိန်း လှူဒါန်းမှုကို အလှူရှင်များကိုယ်စား ဦးကျော်မိုးကလှူဒါန်းပြီး၊ ဘုရားကြီးဂေါပကဥက္ကဋ္ဌ ဦးစိုးမြင့်က လက်ခံရယူခဲ့သည်။

အသက်(၇၅)နှစ်အထက် အာစိဏ္ဏကံ အဘိုးယောဂီ(၈)ဦးနှင့်အဘွားယောဂီ (၁၀) ဦးတို့အား အလှူရှင်များမှ ငွေကျပ် ခြောက်သိန်းကျော် လှူဖွယ်ပစ္စည်းများဖြင့် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**





မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဟန်ထွန်း၏စီစဉ်မှုဖြင့် မူခင်းအသိပညာပေးယာဉ်သည် အောက်တိုဘာ ၁၃ ရက်က နွားထိုးကြီးမြို့သို့ ရောက်ရှိခဲ့ပြီး နွားထိုးကြီးမြို့နယ် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ဇော်မင်းလွင်နှင့် မြို့မရဲတပ်မှူး ဒုရဲမှူးမြင့်နိုင်တို့မှ မြို့နယ်စည်ပင်သာယာဈေးရှေ့မှ အထက်တန်း ကျောင်းရှေ့တို့တွင် ပြသခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၊ ဌာနဆိုင်ရာများ၊ ပြည်သူ များ၊ ကျောင်းသား ကျောင်းသူ ၁၉၅၀ ဦးခန့်လာရောက် ကြည့်ရှုလေ့လာကြစဉ်။

**(ကြေးမုံ)**

## ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ဗုဒ္ဓါဘိသေကအနေ ကဇာတင်ပွဲနှင့် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲမဟာမင်္ဂလာကျင်းပ

**ကျိုက်ထို အောက်တိုဘာ ၁၈**

သီတင်းကျွတ်လပြည့်နေ့ရောက်တိုင်း နှစ်စဉ်ကျင်းပလျက်ရှိသော ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲနှင့် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲမင်္ဂလာအခမ်းအနားကို ၁၃၇၈ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ နံနက် ၆ နာရီတွင် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

မင်္ဂလာအခမ်းအနားတွင် ဆရာတော်သံဃာတော်များအား မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးမင်းမင်းဦးနှင့်ဝန်ကြီးများက အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ပြီး ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားပြုလုပ်၍ စေတီတော်မြတ်ကြီးကို ပူဇော်ခဲ့သည်။

ဆက်လက်၍ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် သြဝါဒါစရိယဆရာတော်ကြီးများက မေတ္တသုတ်ပရိတ်တော်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်၍ ဝန်ကြီးချုပ်ဦးမင်းမင်းဦးနှင့်အဖွဲ့က ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကာ သာသနာရေး ဆိုင်ရာကိစ္စရပ်များကို လျှောက်ထားခဲ့ပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် သထုံမြို့ ဓမ္မမေဒနီကျောင်းတိုက်ဦးစီးပဓါနနာယက ဆံတော်ရှင် သြဝါဒစရိယဘဒ္ဒန္တဉာနောသူရိယ မဟာထေရ်အရှင်သူမြတ်ထံမှ အနုမောဒနာတရားတော်နာယူခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**ဝင်းမောင်(ကျိုက်ထို)**

## ရှေးဟောင်းရိုးရာအမွေအနှစ် တနင်္သာရီရိုးရာနဂါးလှေအလှပြလှော်ခတ်ပွဲနှင့်ပြိုင်ပွဲကျင်းပမည်

**တနင်္သာရီ အောက်တိုဘာလ ၁၈**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်၏ ရှေးဟောင်းရိုးရာအမွေအနှစ် တစ်ခုဖြစ်သော နဂါးလှေလှော်ခတ်ပွဲအား ရိုးရာနဂါးလှေတော်ခြောက်စင်းတို့မှ ချောင်းကြီးကျောင်းတိုက် သက်တော်ရှည်ဆရာတော် အရှင်ပညာဒီပ၏ သြဝါဒကိုခံယူလျက် တနင်္သာရီမြို့ ချောင်းကြီး၊ ချောင်းငယ်မြစ်နှစ်သွယ်အတွင်း နှစ်စဉ်ကျင်းပမြဲဖြစ်သည့် သီတင်းကျွတ်လပြည့်ကျော် ၄ ရက် အောက်တိုဘာ ၂၀ ရက် နံနက် ၇ နာရီမှ စတင်ကာ လှော်ခတ်ပြသကြမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းနိုင်နှင့် မြို့နယ်နဂါးလှေတော်အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များဆွေးနွေးညှိနှိုင်းချက်အရ ယခုနှစ်မှစ၍ နဂါးလှေလေးစင်းတို့က အစမ်းပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်လှော်ခတ်ကြမည်ဖြစ်ပြီး လာမည့်လွတ်လပ်ရေးနေ့တွင်လည်း နဂါးရိုးရာလှေလှော်ပြိုင်ပွဲကို နှစ်စဉ်ကျင်းပပေးသွားမည်ဖြစ်သည်။

အဆိုပါနဂါးလှေ(၆)စင်းမှာ တနင်္သာရီမြို့မှ ရွှေနန်းသာရီနှင့် ငွေနန်းသာရီနဂါးလှေနှစ်စင်း၊ လယ်သစ်ကျေးရွာမှ မြကြီးအောင်၊ ရန်ကြီးအောင်၊ ပတ္တမြားသွယ်နှင့် စိန်ပန်းသွယ် နဂါးလှေလေးစင်း စုစုပေါင်း ခြောက်စင်းတို့မှ လှေလှော်သား ၂၁၆ ဦးဖြင့် တက်ညီလက်ညီအားမာန်အပြည့်ဖြင့် ဇောရစ်ကျူးရင်းလှော်ခတ်ခြင်း၊ လှေလှော်ပြိုင်ခြင်းအားကျင်းပမည်ဖြစ်ပြီး လက်ရှိအခြေအနေတွင် လေ့ကျင့်လှော်ခတ်နေကြကြောင်း သိရသည်။

**ထိန်ဝင်း(ပြန်ဆက်)**



## ပညာပေးယာဉ်ဖြင့် မူခင်းကျဆင်းရေးပညာပေး

**ပလောက် အောက်တိုဘာ ၁၇**

တနင်္သာရီတိုင်းဒေသကြီးအတွင်း ပြည်သူများ၏ ဘဝလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏ လမ်းညွှန်ချက်အရ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော မူးယစ်ဆေးဝါးများ တားဆီးကာကွယ်ရေးအဖွဲ့၏ ကူညီပံ့ပိုးမှုဖြင့်မြို့နယ်အတွင်း မူခင်းပညာပေးမှုများကို ပညာပေးယာဉ်ဖြင့် အောက်တိုဘာလ ၁၅ ရက် မွန်းလွဲ ၁နာရီ ၁၅ မိနစ်ခန့်က လှည့်လည်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပညာပေးယာဉ်သည် ပလောက်မြို့ အမှတ် (၂၈၀)ခြေလျင်တပ်ရင်း၊ အမှတ် (၁၂) တပ်မတော်တန်းမြင့် လေ့ကျင့်ရေးကျောင်း၊ အမြောက်တပ်ရင်းတို့မှ အရာရှိစစ်သည်များနှင့် ရဲမေမိခိုမိသားစုဝင်များအား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဦးထွန်းက အသိပညာပေးဟောပြောခဲ့ပြီး မူးယစ်ဆေးဝါးသုံးစွဲသူများနှင့် လူကုန်ကူးခြင်းခံရသူများ၏ ဖြစ်ရပ်မှန်မှတ်တမ်းဓာတ်ပုံများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာခြင်းကြောင့် ဖြစ်ပွားသော မှတ်တမ်းဓာတ်ပုံများကိုလည်း ပြသဆောင်ရွက်ကာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် ပြန်/ဆက်**

## အဘိဓမ္မာအခါတော်နေ့ ဆွမ်းဆန်လောင်းလှူပွဲကျင်းပ

**စစ်တွေ အောက်တိုဘာ ၁၈**

စစ်တွေမြို့ အတုလမာရဇိန်ပြည်လုံးချမ်းသာဘုရားကြီးတွင် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) အောက်တိုဘာ ၁၆ ရက် နံနက် ၉ နာရီတွင် ဆွမ်းဆန်တော်လောင်းလှူပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါဆွမ်းဆန်တော်လောင်းလှူပွဲသို့ စစ်တွေမြို့ပေါ်ကျောင်းတိုက် အသီးသီးမှ ဆရာတော်ကြီးများ၊ သီလရှင်ကျောင်းတိုက်အသီးသီးမှ သီလရှင်များ ကြွရောက်ခဲ့ပြီး ဆွမ်းလောင်းလှူပွဲတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်ဇနီး ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာဆိုင်ရာများ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအဖွဲ့အစည်းများက ဆွမ်းဆန်တော်များနှင့်လှူဖွယ်ပစ္စည်းများအား လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## နောင်မဲ့လုံကျေးရွာ ဘဝအလင်းရောင်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

**ဗန်းမောက် အောက်တိုဘာ ၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လူထုဗဟိုပြုစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်လျက်ရှိသော စစ်ကိုင်းတိုင်းဒေသကြီးကသာခရိုင် ဗန်းမောက်မြို့နယ် လေးသီကျေးရွာအုပ်စု နောင်မဲ့လုံကျေးရွာ ဘဝအလင်းရောင်စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၅ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဗန်းမောက်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးပြည့်ဖြိုးငြိမ်းတို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မေသူဟန်က စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်အတွင်းကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ မြို့နယ်လူထုဗဟိုပြု စီမံကိန်း စောင့်ကြည့်ကြီးကြပ်ရေးအရာရှိ ဦးမျိုးကျော်လွင်က ထပ်ဆင့်ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြု စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် အလျား ၁၈ ပေ၊ အနံ ၁၆ ပေနှင့် အမြင့် ၁၈ ပေရှိ နှစ်ထပ်စာကြည့်တိုက် အဆောက်အအုံသစ်အား လူထုဗဟိုပြုစီမံကိန်းထောက်ပံ့ ရန်ပုံငွေကျပ် ၆၂၂၈၆၀၅ ဖြင့် တည်ဆောက်ခဲ့ပြီး ဒေသခံပြည်သူများက လုပ်အားဒါနဖြင့် ကူညီဆောင်ရွက်ခဲ့သည်။

**ကျော်စွာ(ဗန်းမောက်)**

# မအူပင်မြို့တွင် အဆောက်အအုံအတွင်း လျှပ်စစ်မီးလိုင်း သွယ်တန်းခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းသင်တန်းဖွင့်

**မအူပင် အောက်တိုဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် အဆောက်အအုံအတွင်း လျှပ်စစ်မီးလိုင်းသွယ်တန်းခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်း သင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၇ ရက် နံနက် ၉ နာရီက မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးသန်းလင်းထွန်း (ဒုတိယညွှန်ကြားရေးမှူး)က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဦး (လက်ထောက်ညွှန်ကြားရေးမှူး)များက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ၎င်းနောက် သင်တန်းနည်းပြဆရာ မအူပင်မြို့နည်းပညာတက္ကသိုလ်မှ လျှပ်စစ်စွမ်းအားဌာန လက်ထောက်ကထိက ဦးသန်းရှိန်က သင်တန်းတွင်ပို့ချမည့် ဘာသာရပ်များ စာတွေ့လက်တွေ့ တတ်ကျွမ်းသည်အထိ စနစ်တကျပို့ချသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ မြို့နယ်အတွင်းရှိ ထနီးကျေးရွာ၊ ကျောင်းရွာ၊ တာပါတ်၊ အလန်းကြီး၊ ဘီးလင်းကျေးရွာများမှ သင်တန်းသား ၄၀ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ၁၅ )ရက် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(မအူပင်ခရိုင် ပြန်/ဆက်)**

# အမှတ်(၃)နှောတွင်းရပ်ကွက်အနီး ကတ္တရာလမ်းရေကျော်အား ကိုယ့်အားကိုယ်ကိုးပြန်လည်ပြုပြင်

**ငါးသရောက် အောက်တိုဘာ ၁၈**

အောက်တိုဘာလဆန်းပိုင်းက မိုးများသည်း ထန်စွာရွာသွန်းခဲ့မှုကြောင့် ငါးသရောက်မြို့တွင်းလမ်းများရှိ ရေကျော်အချို့ မိုးရေတိုက်စားကာ လမ်းပျက်စီးမှုများ ဖြစ်သွားခဲ့ရာ ဒေသခံပြည်သူများ မြို့တွင်းသွားလာရာတွင် အခက်အခဲများနှင့် ကြုံတွေ့နေရ၍ အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းက မိုးရေတိုက်စားမှုကြောင့် ပျက်စီးသည့် အမှတ် (၃) နှောတွင်းရပ်ကွက်အနီး ရေကျော်အား ယာဉ်အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်သွားလာနိုင်စေရန် ရည်ရွယ်၍ မြို့ပေါ်ရပ်ကွက်များမှ ဒေသခံပြည်သူများက ကိုယ်ထူကိုယ်ထ ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**



# ကန်တော်ကလေးမြောက်ပိုင်းရပ်ကွက် သက်ကြီးပူဇော်ပွဲကျင်းပ

**မင်္ဂလာတောင်ညွန့် အောက်တိုဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေးမြောက်ပိုင်းရပ်ကွက်လုံးဆိုင်ရာ ဒုတိယအကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို အောက်တိုဘာ ၁၆ ရက် ညနေ ၄ နာရီက ရာဇမ္မရက္ခိမ္မာရုံကြီး၌ ကျင်းပသည်။

အသက် ၇၅ နှစ်အထက်ဘိုးဘွား ၅၄ ဦးအား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀နှင့် ဆေးဝါးအသုံးအဆောင်ပစ္စည်းများကို ကန်တော့သည့်အပြင် နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့လည်း သွားရောက်လှူဒါန်းမည်ဖြစ်သည်။

အခမ်းအနားသို့ ကန်တော်ကလေးမြောက်ပိုင်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဘုန်းမြင့်ဝင်းနှင့် ရုံးအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ရပ်မိရပ်ဖများ၊ ခေတ်သစ်ပရဟိတအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **၁၁၈**

# ရေကြည်မြို့နယ် မဲဆန္ဒနယ်မြေအမှတ်(၂)တွင် လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲကျင်းပ



**ရေကြည် အောက်တိုဘာ ၁၈**

ပုသိမ်ခရိုင် ရေကြည်မြို့နယ် မဲဆန္ဒနယ်မြေအမှတ်(၂)အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၏ လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲ အခမ်းအနားကို ငါးသိုင်းချောင်းမြို့ အမျိုးသားခန်းမ၌ အောက်တိုဘာ ၁၇ ရက်နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရေကြည်မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစံရွှေဝင်းကလွှတ်တော်အတွေ့အကြုံများနှင့် ဆက်လက်တင်ပြဆောင်ရွက်သွားမည့် လွှတ်တော်တွင်း လုပ်ငန်းစဉ်များအားလည်းကောင်း၊ ရေကြည်မြို့နယ် မဲဆန္ဒနယ်မြေ အမှတ် (၂) ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေးက တိုင်းဒေသကြီး လွှတ်တော်လုပ်ငန်းစဉ်များနှင့် လုပ်ငန်းဆောင်ရွက်မှုကော်မတီဖွဲ့စည်းခြင်းများအားလည်းကောင်း အသီးသီး ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါလွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲသို့ ငါးသိုင်းချောင်းမြို့ရှိ ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူလူထု စုစုပေါင်း အင်အား ၂၀၀ ဦး တက်ရောက်ခဲ့သည်။

**စိုးမင်းဦး(ပြန်/ဆက်)**

# ဝေါမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်

**ဝေါ အောက်တိုဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၇ ရက် နံနက် ၈ နာရီက ဝေါမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး မိုးယွန်းကြီးခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းအောင်နှင့် ဌာနဆိုင်ရာများ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသင်တန်းသား ၆၁ ဦး တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ဝေါမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးဦးသန်းအောင်က သင်တန်းအဖွင့်အမှာစကားပြောကြားခဲ့ပြီး ယင်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းတက်ရောက်သော ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများက သင်တန်းများပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတွင်ခေါင်းဆောင်မှုပညာ၊ ပဋိပက္ခဖြေရှင်းခြင်း၊ ပူးပေါင်းပါဝင်သော မြို့နယ်ဖွံ့ဖြိုးမှုစီမံကိန်းရေးဆွဲခြင်း၊ လူထုစည်းရုံးခြင်းစွမ်းရည်၊ ဆက်သွယ်ရေးဖလှယ်မှုစွမ်းရည်၊ လယ်ယာမြေဥပဒေ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ ဥပဒေရေးရာ၊ မြေယာစီမံခန့်ခွဲရေး၊ ရပ်ကွက်ကျေးရွာအုပ်စု ဥပဒေ၊ နည်းဥပဒေများ၊ အခွန်(၄)မျိုးကောက်ခံရေး စသည့်ဘာသာရပ်များကို အောက်တိုဘာ ၁၇ ရက်မှ ၁၉ ရက်အထိ သင်တန်းပို့ချပေးသွားမည်ဖြစ်ကြောင်းသိရသည်။ **အောင်မြတ်လင်း** (IPRD)

# ဆိပ်ဖြူမြို့နယ် ရွာသစ်ကုန်းကျေးရွာ ဖြူစင်သစ်လူမှုကူညီရေးနှင့် နာရေးကူညီရေးအသင်းမှ စာကြည့်တိုက်ဖွင့်ပွဲနှင့်စာပေဟောပြောပွဲကျင်းပ

**ဆိပ်ဖြူ အောက်တိုဘာ ၁၈**

မကွေးတိုင်းဒေသကြီးဆိပ်ဖြူမြို့နယ် ငှက်ကွေးကျေးရွာအုပ်စု ရွာသစ်ကုန်းကျေးရွာတွင် ဖြူစင်သစ်လူမှုကူညီရေးနှင့် နာရေးကူညီရေးအသင်းမှကြီးမှူး၍ စာကြည့်တိုက်ဖွင့်ပွဲနှင့်စာပေဟောပြောပွဲအခမ်းအနားကို အောက်တိုဘာ ၁၆ ရက်ညနေ ၆ နာရီက ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံကျော်စာရေးဆရာကြီးများဖြစ်သည့် ချစ်ဦးညို၊ မောင်သာချို၊ ချစ်နိုင်(စိတ်ပညာ) စသောဆရာကြီးများ၊ ဖြူစင်သစ် လူမှုကူညီရေးနှင့် နာရေးကူညီရေးအသင်းမှတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့်ဧည့်သည်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများတက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ဆရာချစ်နိုင်(စိတ်ပညာ)က စာကြည့်တိုက်အတွက် သုတ၊ရသ စာအုပ်စာပေများကို ပေးအပ်လှူဒါန်းပေးခဲ့ပြီး စာပေဟောပြောပွဲအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ကာ ဖြူစင်သစ်လူမှုကူညီရေးနှင့် နာရေးကူညီရေးအသင်းမှစာကြည့်တိုက်နာယက ဦးပေါ်က ကြိုဆိုမိတ်ဆက်စကားများပြောကြားပေးခဲ့သည်။

ယင်းနောက် နိုင်ငံကျော် စာရေးဆရာကြီးများဖြစ်သည့် ချစ်နိုင်(စိတ်ပညာ)က လူငယ်နှင့်အောင်မြင်မှု ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာမောင်သာချိုက ကိုယ့်ရပ်ဌာနေ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ဆရာချစ်ဦးညိုက စကားလက်ဆောင် စာလက်ဆောင်ခေါင်းစဉ်တို့ဖြင့် စာပေအသိပညာများကို ဟောပြောခဲ့ကြောင်းသိရသည်။

**စိုးလင်းနိုင်** (IPRD)

# (၈၉)ကြိမ်မြောက် မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**လွိုင်လင် အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့၌ (၈၉) ကြိမ်မြောက် မြို့လုံးကျွတ်ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို အောက်တိုဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီက လွိုင်လင်မြို့ မြို့မဈေးကြီးရှေ့ မင်းလမ်းပေါ်တွင် ကျင်းပခဲ့ရာ မြို့ပေါ်နှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာဘုန်းကြီးကျောင်းများမှ သံဃာအပါး ၃၀၀ အား ပင့်ဖိတ်၍ ဆွမ်းဆန်စိမ်းလောင်းလှူခဲ့ကြောင်း သိရသည်။

အဆိုပါဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တပ်နယ်နှင့် နယ်မြေခံတပ်ရင်းများ၊ လူမှုရေးအသင်းအဖွဲ့များ ဒေသခံပြည်သူများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ **မိုးလွင်ဦး(လွိုင်လင်)**



# မြောင်မြို့နယ် အုတ်နဲ့ဘုတ်ကျေးရွာ လျှပ်စစ်မီးကြိုးလိုင်းတိုးချဲ့

**မြင်းမူ အောက်တိုဘာ ၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အုတ်နဲ့ဘုတ်ကျေးရွာ လျှပ်စစ်ကြိုးလိုင်း တိုးချဲ့သွယ်တန်းခြင်း ပေ ၂၆၇၀၀ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၇ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာအဝင်လမ်း၌ ကျင်းပခဲ့သည်။

ယင်းကျေးရွာ လျှပ်စစ်ကြိုးလိုင်း တိုးချဲ့သွယ်တန်းခြင်းလုပ်ငန်းကို မြောင်မြို့နယ် လူထုဗဟိုပြုစီမံကိန်းထောက်ပံ့ ငွေကျပ် ၁၉၂ သိန်းနှင့် ပြည်သူလူထုထည့်ဝင်ငွေ ၅၉ ဒသမ ၂၅ သိန်း စုစုပေါင်း ကုန်ကျငွေကျပ် ၂၅၁ ဒသမ ၂၅ သိန်းဖြင့် ဆောင်ရွက်ပြီးစီးခဲ့ခြင်းဖြစ်သည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျေးရွာလူထု ၅၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။ **(၆၂၄)**

# စက်မှုဇုန်(ရန်ကုန်)

ညွန့်ဝင်းလေး

မြန်မာပြည်တစ်နံတစ်လျားတိုင်းနဲ့ ပြည်နယ်အသီးသီးမှာ စက်မှုဇုန်တွေ အများအပြားရှိကြပါတယ်။

**ဧရာဝတီတိုင်းဒေသကြီးမှာ မြောင်းမြ၊ ဟသ်ာတ၊ ပုသိမ်။**
**စစ်ကိုင်းတိုင်းဒေသကြီးမှာ စစ်ကိုင်း၊ မုံရွာ၊ ရွှေဘို၊ ကလေး။**
**ပဲခူးတိုင်းဒေသကြီးမှာ နဝဒေး/ဂန္ဓမာ(ပြည်)၊**
**ပဲခူး(ပြည်တွင်း/ပြည်ပ)**
**မကွေးတိုင်းဒေသကြီးမှာ ရေနံချောင်း၊ ပခုက္ကူ။**
**မွန်ပြည်နယ်မှာ မော်လမြိုင်။**
**ရှမ်းပြည်နယ်မှာ အေးသာယာ(တောင်ကြီး)၊ မူဆယ်၊ တာချီလိတ်။**
**ကရင်ပြည်နယ်မှာ ဘားအံ(၁၊ ၂၊ ၃)၊ မြဝတီ။**
**တနင်္သာရီတိုင်းဒေသကြီးမှာ မြိတ်။**
**ကယားပြည်နယ်မှာ ကယား။**
**ရခိုင်ပြည်နယ်မှာ ပုဏ္ဏားကျွန်း** စသည့် စက်မှုဇုန်များရှိပါတယ်။

ရန်ကုန်တိုင်းဒေသကြီးမှာ ၁၉၉၅ ခုနှစ်နောက်ပိုင်းဖော်ထုတ်တဲ့စက်မှုဇုန် ၂၉ ခုရှိတယ်လို့ မှတ်သားဖူးပါတယ်။

**သီလဝါ၊ ရွှေပြည်သာ(၁၊ ၂၊ ၃၊ ၄)၊ တောင်ဥက္ကလာပ၊ ဒဂုံ(မြောက်)၊ ဒဂုံတောင်(၁၊ ၂၊ ၃)၊ ဒဂုံ(အရှေ့) (၁၊ ၂)၊ ဒဂုံ(ဆိပ်ကမ်း)(၁၊ ၂)၊ သာကေတ၊ မြောက်ဥက္ကလာပ၊ ရွှေပေါက်ကံ၊ ရန်ကုန်၊ မေတ္တာညွန့်၊ ရွှေသံလွင်၊ အနော်ရထာ၊ မြစိမ်းရောင်၊ မွေးမြူရေးဇုန်၊ မင်္ဂလာဒုံ၊ ပျဉ်းမပင်၊ ဝါးတရော၊ မြောင်းတကာ၊ သာခုကန်၊ လှိုင်သာယာတွင် (၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇) ငွေပင်လယ်၊ ရွှေလင်ပန်း** စသည့် စက်မှုဇုန်များဟာ ရန်ကုန်မှာ ရှိကြပါတယ်။

စက်မှုဇုန်တွေထဲမှာ သီလဝါအထူးစီးပွားရေးစက်မှုဇုန် (SEZ-Special Economic Zone) တစ်ခုပဲ ပေမီ ဒေါက်မီရှိတယ်လို့ သုံးသပ်ကြပါတယ်။ ဒါတောင်မှ အရှေ့တောင်အာရှ စံချိန်စံညွှန်းမီဖို့ တစ်ထွာလောက်လိုသလိုလို ပြောကြတာလည်း ဖတ်ရပါတယ်။ ကိုယ်ထူကိုယ်ထ ထူထောင်ခဲ့တဲ့ စက်မှုဇုန်တွေက 'စံ' မီရန်လိုအပ်မှုတွေရှိနေပြီး ပြည်ပနဲ့ ပူးပေါင်းဆောင်ရွက်မှုကသာလျှင် 'စံ' မီတယ်လို့ ယူဆရမှာဖြစ်ပါတယ်။

ဒါကြောင့်မို့ထင်ပါရဲ့ . . .

"တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ စက်မှုဇုန်အင်္ဂါရပ်နှင့်ညီသည့် ဇုန်အသစ်များဖော်ဆောင်ရေးနှင့် စက်မှုဇုန်လုပ်ငန်းများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဦးစားပေးဖိတ်ခေါ်မည် (4-8-2016 Daily Eleven မှ) လို့ ဆိုပါတယ်"

တစ်နည်းဆိုရလျှင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍ (FDI) တွင် 'စက်မှုဇုန်သစ်' ဖော်ဆောင်ရေးပါဝင်ပါမယ်။ 'အသစ်' ဟု ပြောရသည်မှာ အကြောင်းရှိသည်။ 'အဟောင်း'ရှိ၍သာ 'အသစ်' ဟူ၍ 'အဟောင်း'နှင့် 'အသစ်'ကို ခွဲခြားပြောရခြင်းဖြစ်ပါတယ်။ 'အသစ်'ကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် စနစ်တကျအကောင်အထည်ဖော်ရန် ရည်ရွယ်ထားတယ်။ 'အဟောင်း' စက်မှုဇုန်ကိုကော။

ရန်ကုန်စက်မှုဇုန်များ ဖွံ့ဖြိုးရေးကို ပြည်ထောင်စုဝန်ကြီးတစ်ဦးက ဦးဆောင်၍ ကော်မတီတစ်ရပ်ဖွဲ့စည်းမည်။ (၉-၈-၂၀၁၆ Voice နေ့စဉ်)ဟု သတင်းကြားသိရပါတယ်။ ရန်ကုန်တိုင်းဝန်ကြီးချုပ်ကလည်း ၃၀-၇-၂၀၁၆နေ့ လှိုင်သာယာစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဝင်များနဲ့ တွေ့ဆုံစဉ်မှာ ရွှေပြည်သာနဲ့ လှိုင်သာယာစက်မှုဇုန်ကို စက်တင်ဘာလမှစပြီး အဆင့်မြှင့်တင်မယ်လို့ ပြောပါတယ်။ ရန်ကုန်စက်မှုဇုန်များ ဖွံ့ဖြိုးရေးမှာ အလွန်အရေးပါသော လျှပ်စစ်မီး အပြည့်အဝရရှိရေးကို ပထမဦးစားပေးဆောင်ရွက်ဖို့ လိုအပ်မယ်လို့ထင်မြင်ပါတယ်။ ယခုလို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ပြည်ထောင်စုအဆင့် ပေါင်းဖွဲ့ဆောင်ရွက်မှသာ 'လျှပ်စစ်မီး' ကိစ္စ အဆင်ချောမွေ့ဖွယ်ရှိပါတယ်။

ဦးစားပေး ပထမဆုံး အဆင့်မြှင့်တင်မှု (upgrade) လုပ်သင့်တာ လှိုင်သာယာစက်မှုဇုန်လို့ထင်ပါတယ်။ ဒီဇုန်ဟာ အသက်ဝင်ဆုံးဇုန်တစ်ခုပါ။ တည်နေရာ (location) အချက်အချာကျပါတယ်။ အခြေခံအဆောက်အအုံ (infrastructure) လည်း အတန်အသင့်ပြည့်စုံပါတယ်။ ရန်ကုန်မြို့လယ်၊ ဆိပ်ကမ်း၊ ရုံးအဆောက်အအုံများနဲ့လည်း သိပ်ပြီးအလှမ်းမကွာပါဘူး။ စက်ရုံ၊ အလုပ်ရုံများရဲ့ ဘေးထွက်အညစ်အကြေးစွန့်ပစ်ခြင်း၊ ရေဆိုး စွန့်ပစ်ခြင်း၊ ရေသန့်ပေးဝေရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်စေရေး၊ ကျန်းမာရေးနဲ့ ညီညွတ်ရေးစသဖြင့် လိုအပ်ချက်များကို စနစ်တကျစီမံရမှာဖြစ်သလို အရေးကြီးဆုံးတစ်ခုက အလုပ်သမားတွေရဲ့ နေရေးထိုင်ရေး၊ စားရေးသောက်ရေးပါ။ လက်ရှိ လှိုင်သာယာမှာရှိတဲ့ အလုပ်သမားထုအများရဲ့ နေရေးထိုင်ရေးဟာ အဆင့်နိမ့်ကျပါတယ်။ ပုဂ္ဂလိကမှသော်လည်းကောင်း၊ အစိုးရမှသော်လည်းကောင်း နေထိုင်ရန် 'အငှားအဆောင်'များ ဖန်တီးပေးနိုင်လျှင် အလုပ်သမားများရဲ့ နေရေးထိုင်ရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ပြဿနာများ အလွန်ပင်အဆင်ပြေနိုင်ဖွယ်ရှိပါတယ်။ နောက်အလုပ်သမားများအတွက် စားရေးသောက်ရေးပါ သင့်တင့်သောဈေးဖြင့် ရောင်းချပေးနိုင်သော စတိုးဆိုင်များ၊ စားသောက်ဆိုင်တန်းများ၊ ကုန်တိုက်များ ဈေးများလိုအပ်ပါမယ်။ ဒီနေရာ 'ကျူး' ကိစ္စနဲ့ သန့်ရှင်းလတ်ဆတ်မှုကို အထူးဂရုစိုက် ပေးသင့်ပါတယ်။ နိုင်ငံတော်အတွက် ကုန်ထုတ်စွမ်းအားမြှင့်တင်ဖို့ အလုပ်ရှင်ရော၊ အလုပ်သမားရော ကဏ္ဍ နှစ်ခုတည်းဟန်ချက်ညီညီ 'တက်'လာဖို့ လိုပါလိမ့်မယ်။

အလုပ်ကိစ္စတွေနဲ့ပတ်သက်ပြီး လှိုင်သာယာ၊ ရွှေပြည်သာ၊ ရွှေပေါက်ကံ၊ မြောက်ဥက္ကလာ၊ ဒဂုံ(အရှေ့)၊ (တောင်) (မြောက်) (ဆိပ်ကမ်း) စတဲ့ စက်မှုဇုန် တော်တော်များများကို ရောက်ခဲ့ဖူးပါတယ်။ ပြည်ပ စက်မှုဇုန်အချို့လည်းလေ့လာခဲ့ဖူးပါတယ်။

ကျော်လွန်ခဲ့ပြီဖြစ်တဲ့ အတိတ်ကစာမျက်နှာတွေကိုပြန်မလှန်တော့ပါဘူး။ ဒါပေမယ့် အနာဂတ်ကောင်းမွန်အောင်ဆောင်ရွက်ဖို့ ပစ္စုပ္ပန်စာမျက်နှာတွေကိုတော့ မဖြစ်မနေဖတ်ရှုလေ့လာ သုံးသပ်ရမှာ ဖြစ်ပါတယ်။ ဒါမှလည်း 'အားနည်းချက်' တွေကို 'အားသာချက်' ဖြစ်လာအောင်ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်။ စက်မှုဝန်ကြီးဌာနကလည်း စက်မှုလုပ်ငန်းမူဝါဒများမှာ အတိအလင်းထုတ်ပြန်ထားတယ်လို့ဆိုပါတယ်။ (Daily Eleven ၄-၅-၂၀၁၆)

စက်မှုဇုန်မြေကွက်တွေမှာ လုပ်ငန်းလုပ်ကိုင်ဖို့ အဟန့်အတားအဖြစ်ဆုံးတစ်ချက်က မြေဈေးကြီးမြင့်နေတာ ပဲ။ စက်မှုဇုန်တိုင်းမှာ အသက်မဝင်တဲ့မြေကွက်လွတ်တွေ အများအပြားရှိပါတယ်။ အများစုက စက်မှုဇုန်မြေကို လုပ်ငန်းလုပ်ကိုင်ရန်ရည်ရွယ်ချက်မရှိပါ။ ဈေးတက်လာရင် ပြန်လည်ရောင်းချဖို့ ရင်းနှီးမြှုပ်နှံထား (ဥထား) တာပါ။ အရင်ကာလတွေတုန်းက ဒီအသက်မဝင်တဲ့ စက်မှုဇုန်မြေလွတ်တွေကို ကိုင်တွယ်ဖို့ သတိပေးခဲ့ပါတယ်။ ဒါပေမယ့် ထိထိရောက်ရောက်တော့မလုပ်ဆောင်ခဲ့ပါဘူး။ ဒီမြေလွတ်တွေဟာ ၄၀ ရာခိုင်နှုန်းလောက်ရှိတယ်လို့ဆိုပါတယ်။ စက်မှုမြေကွက်တွေရဲ့ အသုံးချမှုကို ကွင်းဆင်းစစ်ဆေးပြီး ခြောက်လအတွင်း မလုပ်ကိုင်ရင် အရင်အစိုးရထုတ်ပြန်ထားတဲ့ အမိန့်အတိုင်းအရေးယူမယ်လို့ ၂၆-၅-၂၀၁၆ ရက်က ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးမှာ တိုင်းဒေသကြီး ဝန်ကြီး ဒေါ်နီလာကျော်က ပြောခဲ့ပါတယ်။ တကယ်လည်း အရေးယူဆောင်ရွက်သင့်ပါတယ်။ ပြည်ပက တကယ်အလုပ်လုပ်ချင်တဲ့လုပ်ငန်းရှင်တွေ။ လာရောက်လေ့လာစူးစမ်းကြပါတယ်။ (အခြားကိစ္စတွေခဏထား)လျှပ်စစ်မီးမမှန်တာရယ်၊ မြေဈေးကြီးတာနဲ့တင် 'လန်' သွားပြီ၊ ရန်ကုန်မှာစက်မှုဇုန်မြေကွက်လွတ် ၄၀၀၀-၅၀၀၀ ဧကရှိတယ်လို့ မှန်းဆကြပါတယ်။

စက်မှုဇုန်မြေကွက်တွေကိုအမျိုးအစား (Category) ခွဲကြည့်လျှင်-

(၁) အမှန်တကယ် ရှင်သန်နေတဲ့စက်ရုံအလုပ်ရုံမြေ။
(၂) ဂိုဒေါင်ငှားရမ်းထားသောမြေ။
(၃) လက်ဖက်ရည်ဆိုင်၊ စတိုးဆိုင်၊စားသောက်ဆိုင်နှင့် အထွေထွေ။
(၄) မြေကွက်လွတ်။

စက်မှုဇုန်မြေတွေ ဈေးကြီးနေတာဟာ လုပ်ငန်းမလုပ်ကိုင်သောလူအချို့ရဲ့လက်ဝယ်မှာ ဒီမြေကွက်တွေရင်းနှီးမြှုပ်နှံထားတာလည်းပါပါတယ်။ ဒီလိုစက်မှုဇုန်အမျိုးအစားခွဲကြည့်ပုံက လူပြိန်းတစ်ယောက်အနေနဲ့ မြေပြင် အနေအထားကိုထင်သာမြင်သာရှိအောင် ပြောပြခြင်းပါ။ တကယ်တော့ မြန်မာပြည်တစ်ဝန်းက စက်မှုဇုန်တွေကို သုံးမျိုး ခွဲထားပါတယ်။ (၁) အထူးစီးပွားရေးဇုန် (Special Economic Zone)၊ (၂) အခြေကျနေသော စက်မှုဇုန် (Established Industrial Zone)၊ (၃) စက်မှုဇုန်အသစ် (New Industrial Zone)

(၁) အထူးစီးပွားရေးဇုန် (SEZ) ဆိုတာ ရန်ကုန်-သီလဝါစက်မှုဇုန်၊ ထားဝယ်ရေနက်ဆိပ်ကမ်းတို့ပါ။ (၂) အခြေကျနေသော စက်မှုဇုန် (EIZ) ကတော့ ဖော်ထုတ်ပြီး စက်မှုဇုန်များပါ။ (၃) စက်မှုဇုန်အသစ် NIZ က မန္တလေး-မြို့သာ၊ ရတနာပုံ၊ ပဲခူး၊ ဘားအံ၊ နေပြည်တော်၊ မြဝတီတို့ပါ။

ရန်ကုန်စက်မှုဇုန်ကို အရှေ့၊ အနောက်၊ တောင်၊ မြောက်တို့သာခွဲစိတ်ကြည့်ရင် ရန်ကုန် (အရှေ့)မှာ ဒဂုံ(တောင်)၊ ဒဂုံ(အရှေ့)၊ ဒဂုံ(ဆိပ်ကမ်း)၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ သာကေတစက်မှုဇုန်တွေ ပါဝင်ပါတယ်။ ရန်ကုန်(အနောက်)က ဧရိယာသီးသန့်၊ ရန်ကုန်(မြောက်)မှာ လှိုင်သာယာ၊ မြစိမ်းရောင်၊ ငွေပင်လယ်၊ ရွှေလင်ပန်း၊ ရွှေပေါက်ကံ၊ ရွှေပြည်သာ၊ ရွှေသံလွင်၊ သာခုကန်၊ ဝါးတရာ၊ ရန်ကုန်စက်မှုဇုန်တွေဖြစ်ပါတယ်။ ရန်ကုန်(တောင်)မှာ သီလဝါ၊ ကျောက်တန်းစက်မှုဇုန်တွေပါ။ ရန်ကုန်ပြင်ပလျာထားစီမံကိန်း (Proposal Plan) များမှာ လှည်းကူးစက်မှုဇုန်၊ မှော်ဘီစက်မှုဇုန်၊ တိုက်ကြီးစက်မှုဇုန်။

ပုဂ္ဂလိကစက်မှုကဏ္ဍ (Private industry) ကို လေးမျိုးခွဲခြားထားပါတယ်။

(၁) အိမ်တွင်းစက်မှုလုပ်ငန်း (Cottage Industry)
(၂) အသေးစားပုဂ္ဂလိကစက်မှုလုပ်ငန်း (Small Scale Private Industrial Enterprise)
(၃) အလတ်စားပုဂ္ဂလိကစက်မှုလုပ်ငန်း (Medium Scale Private Industrial Enterprise)
(၄) အကြီးစားပုဂ္ဂလိကစက်မှုလုပ်ငန်း (Large Scale Private Industrial Enterprise)

အိမ်တွင်းစက်မှုလုပ်ငန်းဆိုတာ လုပ်သားအင်အား (manpower) ကိုးယောက်အထိ။ အသေးစားလုပ်ငန်းက ငါးဦးအထိ။ အလတ်စားလုပ်ငန်းက ၅၁ ဦးမှ ၁၀၀။ အကြီးစားလုပ်ငန်းက ၁၀၀ အထက် သတ်မှတ်ထားပါတယ်။

ကျွန်တော့်မိတ်ဆွေတွေထဲမှာ အကြီးစားစက်မှုလုပ်ငန်းရှင် မိတ်ဆွေတစ်ယောက်ရှိပါတယ်။ ကျွန်တော့်ရဲ့ လုပ်ငန်း အပ်နှံသူ (Client) လည်းဟုတ်ပါတယ်။ သူ့မှာ ဒဂုံ(တောင်)နဲ့ဒဂုံ(အရှေ့)စက်မှုဇုန်နှစ်ခု မြေကွက်များရှိပါတယ်။ သူအမှန်တကယ် လုပ်ငန်းလုပ်ကိုင်နေသူပါ။ စက်မှုဇုန်တွေမှာ လုပ်ငန်းသဘောသဘာဝအရလိုက်ပြီး ဇုန်တွေသတ်မှတ်ထားသလားလို့ ကျွန်တော်က သူ့ကို မေးခွန်းထုတ်ဖူးပါတယ်။ သူကပြောတာ 'အနံ့ဆိုးတဲ့လုပ်ငန်းကလွဲလို့ ကျန်တာအကုန် လုပ်လို့ရတယ်လို့ပြောပါတယ်။ တကယ်လည်း ဟုတ်ပါတယ်။ ဒဂုံ(တောင်)စက်မှုဇုန်ရှိ သူ့ရဲ့ မြေကွက်ရှေ့မှာ အီလက်ထရွန်နစ်လုပ်ငန်းပါ။ သူက ဆေးဝါးထုတ်လုပ်ရေးပါ။ ဒဂုံ(အရှေ့)မှာကျတော့ ဘေးက ဆေးဝါးထုတ်လုပ်ရေးနဲ့ ဂိုဒေါင်ဖြစ်ပြီး နောက်ဖေးအကွက်က သစ်လုပ်ငန်းပါ။ ဇုန်ကွက်တစ်ကွက်နဲ့ တစ်ကွက်က ကိုယ်ကြိုက်တဲ့ ကုန်ထုတ်လုပ်ငန်း ထုတ်လို့ရတဲ့သဘောဖြစ်နေပါတယ်။ ဒါနဲ့ ကျွန်တော်က Town Planning က အာခီတက် တစ်ယောက်ကို မေးမြန်းကြည့်တော့ ဇုန်များနဲ့ခွဲခြားပေးထားတဲ့ သဘောပြောပါတယ်။ ခက်တာက ဥပဒေ၊ နည်းဥပဒေ တိတိပပ၊ မရှိသေးတဲ့သဘောလို့ ယူဆရပါတယ်။ ကျွန်တော်တို့ကတော့ သူ့လုပ်ငန်းသဘာဝအရ Agricultural Livestock ကသတ်သတ်၊ Food& Beverge ကသတ်သတ်။ Chemicals Based products ကသတ်သတ်၊ Electrical & Electronic ကသတ်သတ်၊ Metal Product ကသတ်သတ်၊ Energy ကသတ်သတ်၊ Construction mineral ကသတ်သတ်၊ Household Goods& Appliances ကသတ်သတ်၊ Machinery& Equipment ကသတ်သတ်၊ Rubber&Plastic ကသတ်သတ်၊ Textiles,clothing & footwear ကသတ်သတ်။ မျိုးတူရာတွေ၊ နီးစပ်ရာတွေ၊ လုပ်ငန်းတစ်ခုနဲ့ တစ်ခု အနှောင့်အယှက် အဟန့်အတားမဖြစ်နိုင်တာတွေ နီးနီးထားရမှာမဟုတ်ပါဘူးလား။ ဆူညံသံ (Noise)၊ အနံ့ (Smell)၊အခိုးအငွေ့(Fumes)၊ဖုန်မှုန့် (dust) စသဖြင့် လုပ်ငန်းတစ်ခုမှတစ်ခုသို့ မထိပါးစေရန် မညစ်နွမ်းစေရန် စီမံခန့်ခွဲထားသင့်ပါတယ်။

ဒါကြောင့်မို့လည်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ ခွင့်ပြုဖို့ သဘာဝနဲ့လူမှုပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုမရှိစေရေး အစီရင်ခံစာများလိုအပ်ပါတယ်။ အဲဒါတွေကတော့

| | |
|---|---|
| IEE | - Initial Environmental Examination |
| EIA | - Environment Impact Assessment |
| SIA | - Social Impact Assessment |
| EMP | - Environment Management |
| ESHIA | - Environmental Social Health Impact Assessment |
| ESIA | - Environmental Social Impact Assessment |

ရန်ကုန်စက်မှုဇုန်တွေမှာ စက်ရုံအလုပ်ရုံ (Industrial Building)တည်ဆောက်လျှင်စည်ပင်ခွင့်ပြုမိန့်မလိုပါ။ တကယ်တော့ ရန်ကုန်စည်ပင်သာယာနယ်နိမိတ်အတွင်း ဘယ်အဆောက်အအုံပဲ တည်ဆောက်ဆောက် စည်ပင်ခွင့်ပြုမိန့်ကျမှသာ တည်ဆောက်ရမယ်လို့ ဥပဒေတစ်ရပ်ရှိသင့်တယ်ထင်ပါတယ်။ စက်ရုံ အလုပ်ရုံပဲဆောက်ဆောက်၊ ကုန်လှောင်ရုံ (Warehouse)ပဲ ဆောက်ဆောက် သတ်မှတ်ထားတဲ့ ဥပဒေ၊ နည်းဥပဒေတွေနဲ့ ညီညွတ်ဖို့လိုအပ်မယ်ထင်ပါတယ်။

စောစောပိုင်းပြောခဲ့သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်ပြီး ဝန်ကြီးဌာနက သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းတွေကတော့

**မြေပေါ် မြေအောက်ရေ အရည်အသွေးစံချိန်စံညွှန်းများ**
**လေထုအရည်အသွေးစံချိန်စံညွှန်းများ**
**အသံနှင့်တုန်ခါမှုအရည်အသွေးစံချိန်စံညွှန်းများ**
**ထုတ်လွှတ်မှုအခိုးအငွေ့စံချိန်စံညွှန်းများ**
**စွန့်ထုတ်အရည် စံချိန်စံညွှန်းများ**
**စွန့်ထုတ် အစိုင်အခဲ စံချိန်စံညွှန်းများ**

ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ထားသော အခြားပတ်ဝန်းကျင်အရည်အသွေးစံချိန် စံညွှန်းများနဲ့ ပြည့်မီရမှာဖြစ်ပါတယ်။ ပြီးတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍမှာ စက်မှုလုပ်ငန်းရှင်တွေ ပါဝင်ဆောင်ရွက်ရမယ့် အပိုင်းနှစ်ပိုင်းရှိပါတယ်။ တစ်ပိုင်းကငွေကြေးနဲ့၊ တစ်ပိုင်းက ပါဝင်ဆောင်ရွက်ရမယ့်အပိုင်းပါ။ ငွေကြေးကျခံမှုကိစ္စမှာ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲရေး၊ ပြုပြင်သန့်စင်ရေးအပါအဝင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးစုပေါင်း အစီအမံနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲမှုကုန်ကျစရိတ်များ ထည့်ဝင်ရမှာဖြစ်ပါတယ်။ ဒုတိယဆောင်ရွက်ရမည့် အပိုင်းမှာ(က)ညစ်ညမ်းပစ္စည်း၊ ဘေးအန္တရာယ်ရှိပစ္စည်းများ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ အသုံးပြုခြင်း၊ သန့်စင်ခြင်းနှင့်စွန့်ပစ်ခြင်း၊ (ခ) အညစ်အကြေး စွန့်ပစ်ရေးနှင့် သန့်စင်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ (ဂ) ဖွံ့ဖြိုးရေးနှင့် တည်ဆောက်ရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ခြင်း၊ (ဃ) အခြားလိုအပ်သော ပတ်ဝန်းကျင် ညစ်ညမ်းစေမှုဆိုင်ရာ လုပ်ငန်းကိစ္စများဆောင်ရွက်ခြင်းဖြစ်ပါတယ်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ပတ်သက်ပြီး ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းရမှာဖြစ်ပါတယ်။ ဒီဥပဒေများနဲ့အညီ လိုက်နာဆောင်ရွက်ခြင်းရှိ၊ မရှိလည်း ကွင်းဆင်းစစ်ဆေးရမှာဖြစ်ပါတယ်။လိုက်နာခြင်းမရှိပါက ဥပဒေနဲ့အညီ ကျင့်သုံးဆောင်ရွက်ရမှာဖြစ်ပါတယ်။ သို့မှသာ စက်မှုဥယျာဉ် (Industrial Part) တူတူတန်တန်ဖြစ်လာမှာဖြစ်ပါတယ်။ မဟုတ်ရင်တော့ခြတ်လှေကားပိုရုံနဲ့ ကွန်ဒိုမီနီယမ် (Condominium)လို့အမည်ပေးထားတဲ့ လူနေအိမ်ရာသဘောမျိုးအဆင့်မှာပဲရှိနေနိုင်ဦးမှာပါ။ မပြောမဖြစ်ကျန်တာက အသေးစားနဲ့ အလတ်စားလုပ်ငန်း (SME)ပါ။ မြန်မာနိုင်ငံရဲ့ လုပ်ငန်းတွေအားလုံးရဲ့ ၉၀ ရာခိုင်နှုန်း ရှိတယ်လို့ဆိုပါတယ်။

**စာမျက်နှာ ၂၁ သို့**

# တာချီလိတ်ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ဆီမီး ၁၀၀၀ ပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာဆင်နွှဲ



**တာချီလိတ် အောက်တိုဘာ ၁၈**
တာချီလိတ်မြို့ ကျက်သရေဆောင် တာချီလိတ်ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ဆီမီးတစ်ထောင်ပူဇော်ပွဲကို သီတင်းကျွတ်လပြည့်နေ့ အောက်တိုဘာ ၁၆ ရက် ညနေ ၆ နာရီခွဲက စေတီတော်ရင်ပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ဆီမီးပူဇော်ပွဲတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်တင့်၊ တပ်နယ်မှ ဗိုလ်မှူးကြီးကျော်ကိုထိုက်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများနှင့် ဒေသခံပြည်သူများက စုပေါင်းပါဝင်ပူဇော်ကြသည်။

စေတီတော်မြတ်ကြီး၌ ဘုရားဖူးပြည်သူများ၊ စတုဒိသာ လှူဒါန်းကြသူများနှင့် ဆီမီးပူဇော်သူများဖြင့် အထူးစည်ကား သိုက်မြိုက်လျက်ရှိကြောင်းသိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## ယာဉ်တိုက်မှုအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြော

**ထားဝယ် အောက်တိုဘာ ၁၈**
တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၁၆ ရက် နံနက် ၇ နာရီမှ ၉ နာရီအထိ ထားဝယ်မြို့ ကမြောကင်းလမ်း ထားဝယ်စီးပွားရေးစင်တာအနီးတွင် အမှတ် (၁၁) ဒုတပ်ဖွဲ့က ဆိုင်ကယ် စီးနင်းသူများအားအသိပညာပေး ဟောပြောခဲ့သည်။

ယင်းနောက် အမှတ်(၁၁)ဒုတပ်ဖွဲ့ ခွဲမှူး ယာယီရဲမှူးအောင်ကြီးက ဆိုင်ကယ်စီးနင်းသူ(၄၀)ဦးအား ဆိုင်ကယ်စီးဦးထုပ်ဆောင်းကြရန်၊ ဆိုင်ကယ်စီးနင်းသူများမှ ထီးဆောင်းခြင်းမပြုလုပ်ကြရန်၊ ဆိုင်ကယ်စီးနင်းသူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ သွားလာမောင်းနှင်တတ်စေရေး အသိပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ထားဝယ်( ပြန်/ဆက်)**

## ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်သင်တန်းဖွင့်

**ဆိပ်ကြီးခနောင်တို အောက်တိုဘာ ၁၈**
ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ခုနှစ် ရပ်ကွက်အုပ်ချုပ်ရေးမှူးများလုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၇ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်ဦးက သင်တန်းဖွင့် အမှာစကားပြောကြားပြီး မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းကိုဆက်လက်ပို့ချကြသည်။ အဆိုပါသင်တန်းသို့ မြို့နယ်အတွင်းရှိ ရပ်ကွက် ၉ ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ တက်ရောက်ကြပြီး သက်ဆိုင်ရာဌာနဆိုင်ရာများ၏ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းများကို ပို့ချဆွေးနွေးသည်။ သင်တန်းကို အောက်တိုဘာ ၁၇ ရက်မှ ၂၁ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝေယံ (ဆိပ်ကြီးခနောင်တို)**

## သီလရှင်လေးများဘိုးဘွားရိပ်သာသို့ ကွန်ပျူတာတစ်စုံနှင့် ဆက်စပ်ပစ္စည်းများလှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၈**
မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေးရပ်ကွက်ရှိ သီလရှင်လေးများ ဘိုးဘွားရိပ်သာ၌ လိုအပ်လျက်ရှိသည့် ကွန်ပျူတာတစ်စုံနှင့် ဆက်စပ်ပစ္စည်းများအား သင်္ဃန်းကျွန်းမြို့နယ် ပြည်သာယာလမ်း ငွေတိုက်စိုးခြံ အမှတ် S/141 နေ ဦးညွန့်မြိုင်+ဒေါ်ဝင်းမြင့် မိသားစုတို့က အောက်တိုဘာ ၁၆ ရက်က လာရောက်လှူဒါန်းရာ ဘိုးဘွားရိပ်သာတာဝန်ခံ စစ္စတာမေရီဂျိုးစဖင်းနှင့် စစ္စတာများမှ လက်ခံခဲ့ကြသည်။

"ကျွန်တော်က ဘာသာလူမျိုးမခွဲခြားဘဲ လိုအပ်တဲ့နေရာတွေမှာ လှူဒါန်းပေးပါတယ်။ အရင်လကလည်း ဘိုးဘွားတွေအတွက် တစ်နေ့တာ အာဟာရဒါနနဲ့ ရိပ်သာကြီး အစဉ်ထာဝရ တိုးတက်စေဖို့ ငွေပဒေသာပင် ငွေကျပ် သိန်း ၅၀ ကိုလည်း စိုက်ထူခဲ့ပါတယ်" ဟု အလှူရှင်ဦးညွန့်မြိုင်က ပြောသည်။

ယင်းဘိုးဘွားရိပ်သာကြီးတွင် အဘိုး၊ အဘွား ၁၃၀ ရှိပြီး လူမျိုးပေါင်းစုံ ဘာသာပေါင်းစုံ ရှိစေကာမူ အဘိုး၊ အဘွားများအား လိုအပ်ချက်များမရှိစေဘဲ ဆရာမ စစ္စတာမေရီဂျိုးစဖင်း ဦးဆောင်ကာ စစ္စတာ ၁၈ဦး ဖြင့် ဘိုးဘွားများအား မေတ္တာစေတနာ အပြည့်အဝပေး၍ စောင့်ရှောက်လျက်ရှိကြောင်း သိရသည်။

**၁၉၇**



## စက်မှုဇုန်(ရန်ကုန်)..

စာမျက်နှာ ၂၀မှ

SME ဖွံ့ဖြိုးလျှင် တိုင်းပြည်ရဲ့ စီးပွားဖွံ့ဖြိုးလာတဲ့ သဘောပါ။ အိမ်တွင်းစက်မှုလုပ်ငန်း (Cottage Industry) ကိုလည်း SME အုပ်စုထဲမှာပဲ ထည့်သွင်းမယ်လို့ ယူဆပါတယ်။ အနုစိတ်ပြောလျှင် အိမ်တွင်းအသေးစား၊ အလတ်စားလုပ်ငန်းများကို ဖွင့်ဆိုပါတယ်။

'ထိုင်ဝမ်'ဟာ Cottage Industry နဲ့ လူလုံးလှလာတာပါ။ သူတို့ဆီမှာ အိမ်တွင်းစက်မှုလုပ်ငန်းတွေ အများအပြားရှိပါတယ်။ အလုပ်အကိုင် အခွင့်အလမ်း အလွန်ပေါများပါတယ်။ (လွန်ခဲ့တဲ့ အနှစ် ၃၀ နီးနီးက) စက်ရုံကလေးတွေရဲ့ မျက်နှာစာမှာ အလုပ်သမားလိုတယ်လို့ အမြဲရေးထားပါတယ်။ လူဟာ ကျန်းမာဖို့ရယ်၊ ကိုယ်လက်အင်္ဂါစုံလင်ဖို့ရယ်ပဲ လိုအပ်ပါတယ်။ နေ့ညမရွေး ၂၄ နာရီစလုံးမှာ အလုပ်အမျိုးမျိုးရှိပါတယ်။ အချို့က ပိုက်ဆံများများလိုချင်လို့ ဆောက်လုပ်ရေးလုပ်ငန်းခွင်မှာ ဝင်လုပ်တယ်။ အချို့က မနက်ည နှစ်ဆိုင်း ဆင်းတယ်။ အသက်အရွယ်ကြီးရင့်တဲ့ အဖိုးအို၊ အဖွားအိုလည်း အိမ်ထဲမှာ အိမ်အလုပ်ယူလုပ်လို့ရတယ်။ ပညာမဲ့၊ ပညာတတ် သူ့နေရာနဲ့သူ လုပ်ငန်းကိုင်ငန်းတွေက မလုပ်ချင်မှအဆုံးပါ။ လူတွေ ပျော်ရွှင်နေတယ်။

'တိုင်ပေ' မြို့တော်မှာ နေနေတဲ့သူတွေဟာ 'လျှပ်စစ်မီး' ဘယ်ကရသလဲ။ 'ရေ' ဘယ်အရပ်ကလာလည်း သူတို့သိဟန်မတူပါဘူး။ စိတ်လည်းမဝင်စားပါဘူး။ ခလုတ်ဖွင့်ရင် 'မီး'လာတယ်။ ဘုံပိုင်ခေါင်းဖွင့်ရင် ရေလာတယ်။ အဲဒီကာလက လက်ကိုင်ဖုန်းမပေါ်သေးပါဘူး။ အိမ်ဖုန်း၊ လမ်းဘေးဖုန်းကနေ ပြည်တွင်း ပြည်ပ ကြိုက်တဲ့နေရာ ဆက်သွယ်လို့အဆင်ချောပါတယ်။ 'အကြွေ'ပါရင် ဖုန်းခေါ်လို့ရပြီပဲ။ ကားလမ်း၊ ရထားလမ်း၊ ဘတ်စ်ကားလမ်းစီးရတာတွေကလည်း သွားချင်တဲ့ မြို့ ရွာတွေကို လွယ်လွယ်ကူကူ ကျောပိုးအိတ် လေးတစ်လုံးလွယ်ပြီး သွားရုံပါပဲ။ နိုင်ငံခြားလည်း နိုင်ငံတကာလေဆိပ်ကကောင်းမှကောင်း။ သင်္ဘောဆိပ်ကမ်း ကြပြန်တော့ ကမ္ဘာ့ဆိပ်ကမ်းအကြီးဆုံးတွေထဲပါသတဲ့။ ထိုင်ဝမ်ရဲ့ SME လုပ်ငန်းများ ဖွံ့ဖြိုးလာရခြင်းအကြောင်းမှာ ဒီလိုအခြေခံအဆောက်အအုံ (infrastructure)တွေ ကွန်ရက်ချိတ်မိနေတာ၊ အဆင်ချောမွေ့နေတာဟာ အလွန်အရေးပါလာပါတယ်။ လမ်းပန်းပို့ဆောင်ရေးနဲ့ဆက်သွယ်ရေး (transportation communication) ဟာ ပင်မအသက်သွေးကြောများပါ။

ခရီးဟာမဆုံးသေးပါဘူး။ ဆက်သွားရင်တော့ ဘဏ်စနစ်(Banking System)တွေ၊ သွင်းကုန်ထုတ်ကုန်ကိစ္စတွေ(export import)၊ နိုင်ငံတကာဆက်ဆံရေး(internatioal relationships)၊ ဈေးကွက်စီးပွားရေးတွေ(Market Economy)တွေ၊ အီး-ကူးသန်းရောင်းဝယ်ရေး(E-Commerce)ကိစ္စတွေ အဆင်ချောမွေ့လို့ မြန်ဆန်လို့ စက်မှုစီးပွားဖွံ့ဖြိုးလာတာပါ။

တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။ တနင်္လာနေ့ (၁၅-၈-၂၀၁၆) ကြေးမုံသတင်းစာမှာ အသေးစားနဲ့အလတ်စား စီးပွားရေးလုပ်ငန်းများကို မြန်မာ့စီးပွားရေးဘဏ်နှင့် ပြည်တွင်းဘဏ်များမှ ဘီလီယံ ၃၀ ကျပ်ငွေ ထုတ်ချေးမည်ဆိုသော သတင်းဖတ်ရှုရပါတယ်။ SME လုပ်ငန်းရှင်တွေအတွက် မင်္ဂလာသတင်းတစ်ပုဒ်ဖြစ်ပါတယ်။ ကျွန်တော်တို့လည်း ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။

ချေးငွေများအတွက် အပေါင်ပစ္စည်းရှိလျှင် ၈ ဒသမ ၅ ရာခိုင်နှုန်းဖြစ်ပြီး အပေါင်ပစ္စည်းမရှိရင် ၁၁ ရာခိုင်နှုန်း ဖြစ်ပါတယ်။ အပေါင်ပစ္စည်း မရှိရင် လုပ်ငန်းခိုင်မာကြောင်းပြသရပါမယ်။ ငွေပမာဏက ကျပ်ငွေသိန်း ၁၅၀ မှ ၅၀၀၀ အထိ ခွင့်ပြုမယ်လို့ဆိုပါတယ်။ ဒီ SME ချေးငွေအစီအစဉ်ကို အစိုးရနဲ့ ပုဂ္ဂလိကဘဏ်အချို့ ပူးပေါင်းပံ့ပိုးမယ်လို့ဆိုပါတယ်။

ဗဟိုဘဏ် ဒု-ဥက္ကဋ္ဌ ဒေါက်တာဆက်အောင်ကတော့ ဒီ SME ချေးငွေကိစ္စကိုအရင်က. . .

'SME တွေကို ငွေချေးဖို့ အခြေခံအဆောက်အအုံတွေလိုပါတယ်။ အခြေခံအဆောက်အအုံမရှိဘဲ ငွေများများသွားချေးလိုက်ရင် ငွေကြေးကဏ္ဍကြီးတစ်ခုလုံးရဲ့ တည်ငြိမ်မှုကို ထိခိုက်လိမ့်မယ်' (7 days သတင်းစာ၊ ၆-၈-၂၀၁၆) လို့ ပြောဖူးပါသည်။

ဟုတ်ပါတယ်။ SME လုပ်ငန်းများထူထောင်ဖို့၊ ဖွံ့ဖြိုးဖို့ အခြေခံအဆောက်အအုံ ပြည့်ပြည့်စုံစုံရှိဖို့လိုအပ်ပါတယ်။ (ငွေကြေးနှင့် အခြားကိစ္စရပ်များလည်း ပါဝင်ပါသည်။) ငွေလည်းရှိရမည်။ အခြေခံအဆောက်အအုံလည်း ပြည့်စုံရပါမယ်။ အခြေခံအဆောက်အအုံမပြည့်စုံလျှင် လုပ်ငန်းလည်ပတ်၍မရနိုင်ပါ။ အသက်မဝင် နိုင်ပါ။ ကလီစာနှင့် သွေးကြောလေကြောများမရှိသော ခန္ဓာ(body)တစ်ခုလိုဖြစ်နေပါမယ်။ ငွေချေးပြီးလျှင် infrastructure ပြည့်စုံအောင် တပ်ဆင်ပေးဖို့ လိုအပ်တယ်လို့ ဖြည့်စွက်ပြောလိုပါတယ်။

ပြီးတော့ ဒီချေးငွေကို လုပ်ငန်းမှာ အမှန်တကယ်အသုံးပြု မပြုပါ။ ကျပ်ငွေသိန်း ၁၅၀ ဟာ ကားဝယ်လို့ ရပြီး သိန်း ၅၀၀၀ ဟာ မြေနဲ့အိမ်နဲ့ ထည်ထည်ဝါဝါနေလို့ရပါတယ်။ ဒီချေးငွေနဲ့ လုပ်ငန်းတကယ်လုပ် မလုပ်ဆိုတာတွေ စောင့်ကြည့်ရမှာဖြစ်ပါတယ်။ အတိတ်မှာ ဘဏ်ချေးငွေတွေနဲ့ လုပ်ငန်းမလုပ်ဘဲ ဇာတ်လမ်းပေါင်းများစွာရှိခဲ့ပါတယ်။ (စူးစမ်းကြပါကုန်။)

ကျွန်တော်တို့ကတော့ . . .

SME လုပ်ငန်းများကို တကယ်ပင်ဖွံ့ဖြိုးစေချင်ပါတယ်။ ဒါပေမယ့် ငွေချေးပေးရုံနဲ့၊ အခြေခံအဆောက်အအုံတွေ ပြည့်စုံရုံနဲ့ စီးပွားမဖြစ်နိုင်သေးပါ။ စက်မှုစီးပွားဖွံ့ဖြိုးဖို့ အဲဒီလောက် လွယ်ကူမယ်မထင်ပါ။ ထုတ်ကုန်ပစ္စည်းလေးတွေ (product) ရောင်းပန်းဝယ်ပန်းလှဖို့၊ တန်းမီဖို့၊ တော်တော်ကြိုးစားရဦးမှာပါ။ စက်ပစ္စည်းတွေလိုအပ်ပါတယ်။ 'နည်းပညာ'တွေ လိုပါတယ်။ တတ်ကျွမ်းတဲ့ပညာရှင်၊ ကျွမ်းကျင်တဲ့ အလုပ်သမားလိုပါတယ်။ ရောင်းချရန် 'ဈေးကွက်'လိုပါတယ်။ 'ဈေးကွက်'ထဲ အရောက်သွားဖို့ အဆက်အစပ်လိုပါတယ်။ ဆက်သွယ်ဖို့ ဘာသာစကား ကျွမ်းကျင်မှုလိုပါတယ်။ ဘယ်ကဲ့သို့ ပို့ဆောင်မလဲ။

တကယ့်မြေပြင်လုပ်ငန်းခွင်ထဲမှာ SME လုပ်ငန်း သီအိုရီကျွမ်းကျင်သော ပညာရှင်တွေ၊ လက်တွေ့ နိုင်ငံတကာအတွေ့အကြုံရှိသူတွေ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူတွေ၊ ပုဂ္ဂလိက စိတ်ဝင်စားသူတွေ၊ လုပ်ငန်းရှင်တွေ၊ အလုပ်သမားတွေ ပေါင်းဖွဲ့ပြီး (အပြောမဟုတ်၊ လက်တွေ့)လုပ်ငန်းခွင်စစ်ဆင်ရေး (field operation) လုပ်မှ အောင်မြင်စွာ ဖော်ဆောင်နိုင်လိမ့်မယ်လို့ ယူဆပါတယ်။ အချိန်ကာလ တစ်ခုလည်းပေးရပါမယ်။ ရောမမြို့က တစ်ရက်တည်းနဲ့ တည်တာမဟုတ်ပါဘူး။

စေတနာတွေလွန်ကဲပြီး အပြောတွေနည်းနည်းများသွားတယ်ထင်ပါတယ်။ လိုအပ်မယ်ထင်လို့ပါ။ ကိုယ်ဖတ်ထား၊ မှတ်ထား၊ ကိုယ်မြင်သောအချက်အလက်အချို့ကို တင်ပြခြင်းရယ်ပါ။ ဝေ့လည်လည်ဖြစ်သွားမှာစိုးလို့ လိုရင်းပြောပါမယ်။

စက်မှုဇုန်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေခေတ်နဲ့အပြိုင် ပြင်ဆင်ပေးဖို့လိုမယ်ထင်ပါတယ်။

အခြေခံအဆောက်အအုံ (Infrastructure) ပြည့်ပြည့်စုံစုံလေးဖြစ်စေချင်ပါတယ်။ ဇုန်တစ်ခုစီဖွံ့ဖြိုးရန် အချိန်ကာလ ငွေကြေးသတ်မှတ်ပေးရန်လိုအပ်ပါတယ်။ ဘဏ်ချေးငွေပေးသင့်ပါတယ်။ (ချင့်ချိန်ရပါမယ်) ၁၈ ရာစုအလယ်လောက်ကတည်းက စခဲ့တဲ့ အလုပ်ရှင်၊ အလုပ်သမား ပြဿနာများ (မချုပ်ငြိမ်းသေးတောင်) လျော့ပါးစေချင်ပါတယ်။

ပြည်ပဈေးကွက်ထိုးဖောက်နိုင်ရန် နိုင်ငံတော်မှပံ့ပိုးမှုများ၊ အဆက်အသွယ်များ ထောက်ပံ့မှုလိုပါလိမ့်မယ်။ ပြည်ပနည်းပညာအကူအညီလိုပါလိမ့်မယ်။ ပြည်ပကျွမ်းကျင်ပညာရှင်အချို့ ဖိတ်ခေါ်သင့်ပါတယ်။ ပြည်ပစက်ပစ္စည်းလွယ်လင့်တကူတင်သွင်းနိုင်ရပါမယ်။

ပြည်တွင်းမှ ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ အလုပ်သမားများ အဆင့်မြှင့်တင်ဖို့လိုပါမယ်။

စက်မှုဇုန်ဧရိယာအတွင်း "ကျူး"များဝင်ရောက်နေထိုင်မှုကို ထိထိရောက်ရောက် တားဆီးဖို့လိုပါလိမ့်မယ်။

အချို့စက်မှုဇုန်တွေမှာ (အနံ့ဆိုးမထွက်ရင်ပြီးရော) မိမိနှစ်သက်တဲ့ စက်ရုံ အလုပ်ရုံလုပ်ငန်းလုပ်ကိုင်လို့ရတဲ့ အနေအထားဖြစ်နေပါတယ်။ အချို့လုပ်ငန်းတွေက အရှိန်ရနေတော့ ဒီပြဿနာမျိုးဖြေရှင်းဖို့ ခက်ခဲမယ်ထင်ပါတယ်။

စက်မှုဇုန်မြေကွက်လွတ်ကိစ္စကို ထိထိရောက်ရောက်ကိုင်တွယ်သင့်တယ်လို့ထင်ပါတယ်။

စက်မှုဇုန်အသစ်တွေဖော်တာလည်း ဖော်ဆောင်တာပါ။ ဖော်ဆောင်တာပြီး Established Industrial Zones များကို ပထမဦးစားပေးအဖြစ် လိုင်သာယာကစလို့ပါ။ Hell Established Industrial Zones များ ဖြစ်စေချင်ပါတယ်။ ဘယ်စက်မှုဇုန်ဖြစ်ဖြစ် လှလှပပ ဝေဝေဆာဆာ ဖြစ်စေချင်တာပါပဲ။

STI MYANMAR UNIVERSITY

University of Bedfordshire

" University of Bedfordshire, UK မှ ချီးမြှင့်သည့် ဂုဏ်ထူးတန်းဘွဲ့ "

## Faculty of Business

- BA (Hons) Business Administration
- BA (Hons) Accounting



- တက္ကသိုလ်ဝင်တန်း (သို့) IGCSE 'O' Level ဖြေဆိုအောင်မြင်ပြီးသူများ လျှောက်ထားနိုင်ပါသည်။
- သင်တန်းကာလ (၃)နှစ် (၆)လခန့် ကြာမြင့်ပါမည်။
- STIMU မှ Advanced Diploma ပြီးထားသူများ၊ တက္ကသိုလ်တစ်ခုမှ ဘွဲ့ရရှိပြီးသူများ၊ ABE နှင့် HND၊ အဆင့်မြင့် Diploma အောင်မြင်ပြီးသူများ သက်ဆိုင်ရာသင်တန်းနှစ်အလိုက် တိုက်ရိုက်ဝင်ခွင့် လျှောက်ထားနိုင်ပါသည်။ သတ်မှတ် IELTS ပြည့်မီရန် လိုအပ်ပါသည်။
- CB Bank ၏ Education Loan Program လျှောက်ထားနိုင်ပါသည်။

SCHOLARSHIP
JOB PLACEMENT

Block-10, MICT Park လှိုင်တက္ကသိုလ်၊ ရန်ကုန်။ Ph: 507151/ 2, 09 250064451
www.stiedu.net
https://www.facebook.com/STIMyanmarUni

**ဂယာရွှေပြည် ဗုဒ္ဓဂယာ-သီရိလင်္ကာ ဘုရားဖူးအဖွဲ့**

ဒေါ်ဝင်းဝင်းကိုယ်တိုင်ဦးဆောင်သော ဂယာရွှေပြည် ဘုရားဖူးအဖွဲ့ဖြင့် လိုက်ပါကုသိုလ်ယူကြမည့် ဓမ္မမိတ်သစ်/ဟောင်းအပေါင်းတို့အား ခမ်းခမ်းနားနားကြိုဆိုပါသည်။

သံဝေဇနီယလေးဌာန+အဝိဇဟိတလေးဌာန၊ အာဂရာ(တပ်ချ်မဟာ) နယူးဒေလီ

(၁၅-ရက်ခရီးစဉ်) - 26.11.2016, 10.12.2016, 24.12.2016, 14.1.2017, 4.2.2017, 4.3.2017

သံဝေဇနီယလေးဌာန (ဖွား၊ ပွင့်၊ ဟော၊ စံ) - (၇-ရက်ခရီးစဉ်) - 21.2.2017, 21.3.2017, 11.4.2017

သီရိလင်္ကာ-ကန္ဒီ (ဗုဒ္ဓမြတ်စွယ်တော်) ၆ည/၇ည ရက်ခရီးစဉ် ၂-လကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

ရန်ကုန်ရုံးချုပ် - အမှတ်(၁၈/၁)၊ ၁၀ လမ်း (အလယ်ဘလောက်)၊ လမ်းမတော်မြို့နယ်။ ၀၁-၂၂၁၅၈၆၊ ၀၉ ၇၇၃၀၄၇၂၅၇၊ ၀၉ ၇၉၅၄၁၂၈၂၅
မန္တလေးရုံးခွဲ - ၀၉-၃၃၂၇၄၇၄၇၊ ၀၉-၄၀၂၅၈၂၀၄၈

Hmwe Taunggyi Business Group Travel & Tours Co.,Ltd.
License No(661)
Hot Line - 01-200952

**သာကီနွယ်** ဗုဒ္ဓဂယာ ဘုရားဖူးပို့ဆောင်ရေး

ကျသင့်ငွေကျပ် (၁၂၅)သိန်း အစားငွေကျပ် (၉.၉)သိန်း စရိတ်ငြိမ်း (လေးဌာန၊ဒေလီ)အစုံ

ကျသင့်ငွေကျပ် (၁၈၅)သိန်း အစားငွေကျပ် (၈.၉)သိန်း စရိတ်ငြိမ်း (၈)ရက်ခရီး

ခရီးစဉ်အားလုံးတိတိကျကျစရိတ်ငြိမ်းဖြစ်သည်။ အပိုငွေကြေး(လုံး၀)လုံး၀ထပ်မကောက်ပါ။
အထူးသက်သာသုံးဈေးနှုန်းဖြစ်၍ အခြားထက်သာလွန်သည့်ဝန်ဆောင်မှုအပြည့်အဝ
အထူးခရီးစဉ်ထွက်ခွာမည့်ရက် - ၂၂.၁၁.၂၀၁၆

ထွက်ခွာမည့်ရက်များ - Dec - 3,10,17,24 / Jan - 7,10,14,17,24 / Feb - 4,7,11,14,18,21,25,28

လိုက်ပါသည့်ဦးရေများပြားသည့်အတွက် အပတ်စဉ်(စနေနေ့နှင့်အင်္ဂါနေ့)ပါထပ်မံတိုးချဲ့ထားပါသည်။
အောက်တိုဘာလ မှ ဧပြီလကုန်ထိထွက်ရှိပါမည်။
ဈေးနှုန်းလျှော့ချထားခြင်းသည်ခရီးသွားများသက်သာစေရန်နှင့်လှူဒါန်းရန်အတွက်ကုသိုလ်ယူဆောင်ရွက်ပေးခြင်းဖြစ်သည်။

ရန်ကုန်(ရုံးချုပ်) - အမှတ်(၁၀၅)၊ ၁၂၃ လမ်း၊ သိမ်ဖြူကားမောင်းကွင်းရှေ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၂၀၀၉၅၂၊ ၀၉-၇၇၈၈၂၂၂၆၀၊ မန္တလေးရုံး - ၀၉-၇၇၈၈၂၂၂၅၀
တောင်ကြီးရုံး - ၀၈၁-၂၀၀၁၇၃၊ ၀၉-၇၇၈၈၂၂၂၄၀

ဗုဒ္ဓ သံဃ ဓမ္မ **San brotherhood**

"စစ်ဆေး၊စမ်းသပ် (အခမဲ့)"
**Air-Con,** ရေခဲသေတ္တာ၊အဝတ်လျှော်စက်များကို ပြုပြင် တပ်ဆင် ရောင်းဝယ် လဲလှယ် Servicing လုပ်ခြင်းများကို အာမခံဖြင့် အိမ်အရောက် ဝန်ဆောင်မှု ပေးနေပါသည်။

မိုးရာသီ အိမ်အရောက်ပို့ အထူးဈေးနှုန်း



အဝတ်လျှော်စက် 190,000Ks
အဝတ်ခြောက်စက် 220,000Ks
အဝတ်လျှော်စက် 140,000Ks
အဝတ်ညှစ်စက် 75,000Ks



(၃နှစ်အာမခံ) တပ်ဆင်ပြီးဈေးနှုန်း
1HP 250000Ks
ပါဝင်သောပစ္စည်းများ
Copper Pipe(10)Ft. Frame, Drain Pipe, Transportation, Installation

"အနီးဆုံးဆိုင်ခွဲသို့ဆက်သွယ်ရန်"

FMI City (လှိုင်သာယာ) 709373,09-5084831,682445(Ext)1421
ကျောင်းလမ်း (အလုံ) 01-704101 , 09-5002738, 09-450023810
သမိုင်းလမ်းဆုံ (မရမ်းကုန်း) 681854, 706193, 09-73116475
ကျောက်မြောင်း (တာမွေ) 01-704649, 09-73066836, 09-73004800
Capital အနီး (ဒေါပုံ) 09-5053114, 73251545, 01-708842
ရွှေဂုံတိုင်မီးပွိုင့်အနီး (ဗဟန်း) 09-43083868, 01-703241
သုနန္ဒာလမ်းဆုံအနီး (မြောက်ဥက္ကလာ) 09-5190383,09-73251535
ဟံသာဝတီ CNG အနီး (ကြည့်မြင်တိုင်) 01-703684, 09-43130068
Victoria အနီး နဝဒေး (လှိုင်သာယာ) 01-704467,09-73217035
တောင်/မြောက်လမ်းဆုံအနီး (တ/ဒဂုံ) 01-709114, 09-5019316

ODYSSEY
ပြည်တွင်းပြည်ပ လေယာဉ်လက်မှတ် အိမ်အရောက်ပို့ ဝန်ဆောင်မှု
မြန်မာတစ်ပြည်လုံးမှ ကျောင်းသွားကိုယ်စားလှယ်များ ဖိတ်ခေါ်လျက်ရှိပါသည်။

| | |
|---|---|
| ရန်ကုန်ရုံးချုပ် | 0973070193 |
| | 0973187799 |
| ကြည့်မြင်တိုင်အရောင်းဆိုင် | 09 451600011 |
| အင်းစိန်အရောင်းဆိုင် | 09 451600022 |
| မရမ်းကုန်းအရောင်းဆိုင် | 09 451600033 |
| ပျော်ဘွယ်အရောင်းဆိုင် | 09 451600008 |
| တောင်ကြီးအရောင်းဆိုင် | 09 451600009 |

**ယမင်းသူ**
ခရီးစဉ်အမျိုးမျိုးနှင့်
မြို့တွင်း၊ မြို့ပြင်၊ လချုပ်ငှားရန်
ကားမျိုးစုံရှိပါသည်။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။
09 5174914, 09 5136421

ဒုတိယအကြိမ် မြောက် တန်ဆောင်တိုင် ခရီးစဉ်
**ထူးထူးခြားခြား ကော့သောင်းခရီးသွား**
11 - 11 - 2016 မှ 16 - 11 - 2016 အထိ
သုခစိန်ဇာငေ 09 51 55654 / 09 965155654 / 01 253079

**ခေတ်ရွှေဆောင်**
09 449250191
၀၉ ၇၃၀၃၇၁၃၇၊ ၀၉ ၇၃၀၄၁၁၀၉
၀၁-၅၁၃၇၅၀၊ ၀၉ ၄၂၀၀၅၆၉၃
Nov-11, Dec-23, Jan-20

CNG ငှားမည် / ပဲခြမ်း
မရမ်းကုန်းမြို့နယ်
Ph: 09-5159213

**တက်လူ**
အိမ်ပြောင်း/အိမ်ရွှေ့
ဈေးနှုန်းချိုသာစွာဖြင့်
မြို့တွင်း/နယ်ဝေး
အကောင်းဆုံး
ဝန်ဆောင်မှုပေးသည်
09 261111549
09 257962225

TOKYO BBQ DINING
**MANPUKU**



သီတင်းကျွတ်
အထူး Promotion
ဂျပန်အမဲသား(၂)ပွဲမှာလျှင်
ဝက်သားသုံးထပ်သား(၁)ပွဲလက်ဆောင်
ဂျပန်အမဲသား(၃)ပွဲမှာလျှင်
အမဲလျှာ(၁)ပွဲလက်ဆောင်
★★★ ပေးနေပါသည် ★★★


ဂျပန်စားဖိုမှူးကြီး MR.Naoki Watanabe ကိုယ်တိုင်ချက်ပြုတ်စီမံ၍ နိုင်ငံကျော် ရုပ်ရှင် မင်းသား၊ မင်းသမီး၊ အဆိုတော်များ... အထူးကြိုက်နှစ်သက် အားပေးလျက်ရှိသော ဂျပန်အသားကင်ဆိုင်
No.(30), Sagawar Street, Dagon Township, Yangon. TEL: 09-970137546, 09-8300426, 09-5046736

CHAMPION
Johnson Suisse
Bathroom Solutions
WHITE HORSE
WHITE HORSE
CERAMIC
Made in Malaysia
CHAMPION®
ALUMINIUM
Your Preference Aluminium
CHAMPION
Laminates





ပျော်ရွှင်စရာ သီတင်းကျွတ်ချိန်ခါ
HAPPY THADINGYUT FESTIVAL
Sale Promotion 2016
&
Celebrating 8 Years Anniversary
ကြေးရတု
အရောင်းမြှင့်တင်ရေးပွဲတော်
Grab Special
Discount
up to
80%



Date : 17th Oct 2016 ~ 30th Oct 2016

Champion Construction Materials Co., Ltd.
10 Mile Showroom
No.(913) | Pyay Road | 10-mile | Insein Township | Yangon.
Hotline : 09 421025234, 09 977322822, 09 43166583, 09 798453513, 09 5501654

# (၂)နှစ်ပြည့် လွမ်းဆွတ်သတိရအမျှပေးဝေခြင်း

**ဦးဝင်းနိုင် (တပ်မတော်ရေ-ငြိမ်း)**

**၁၉-၁၀-၂၀၁၄ - ၁၉-၁၀-၂၀၁၆**

ကျေးဇူးရှင်ခင်ပွန်း ထာဝရ ခွဲခွာသွားခဲ့သည်မှာ ၁၉-၁၀-၂၀၁၆ရက်တွင် (၂)နှစ်တင်းတင်းပြည့်သွားပြီဖြစ်သော်လည်း ရင်ထဲမှာတော့ အမြဲတမ်းတသတိရလွမ်းဆွတ်လျက်ပါ။

ခင်ပွန်းသည်၏ ကြီးမားလှစွာသော ကျေးဇူးတရားများကို အစဉ်ဦးထိပ်ထားလျက် နေ့စဉ်ရည်စူး၍ ပြုလုပ်လျက်ရှိသော ကောင်းမှုကုသိုလ်များနှင့် လစဉ် (၁၉)ရက် ရောက်တိုင်း မပျက်မကွက် ပြုလုပ်လျက်ရှိသော ရည်စူးကုသိုလ်များနှင့်တကွ ယနေ့ (၂)နှစ်ပြည့်နေ့တွင်လည်း ပြုလုပ်သော ကုသိုလ်ဒါနများကို ခင်ပွန်းသည် မြင်နိုင်၊ ကြားနိုင်၊ သိနိုင်ပြီး ဝမ်းမြောက်ဝမ်းသာဖြင့် သာဓုအကြိမ်ကြိမ်ခေါ်ဆိုနိုင်ပြီးလျှင် တစ်ဆင့်ထက်တစ်ဆင့်မြင့်မြတ်သော ဘုံဘဝမှ နိဗ္ဗာန်သို့တိုင် ရရှိစံစားနိုင်ပါစေ။ ဦးဝင်းနိုင်ရေ အမျှ-အမျှ-အမျှ----

ရင်နှင့်အမျှ လွမ်းဆွတ်သတိရခြင်းများစွာဖြင့်

**ချစ်ဇနီး-ဒေါ်သိန်းနွဲ့ (ပြည်သူ့ကုန်တိုက်နှင့် နယ်စပ်ကုန်သွယ်ရေး-ငြိမ်း)**
**ချစ်သော တူ-တူမများ**
**ဦးဇော်လင်း-ဒေါ်ချိုချိုဝင်း**
**(ဦးတင်အောင်ခိုင်)-ဒေါ်မာလာဝင်း**

---

## (၁၄)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

